# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၇၇)


# ဂျပန်နိုင်ငံတွင် မြန်မာစာပေကို စိတ်ဝင်စား၍ လေ့လာသင်ယူသူများ ပိုမိုများပြားလာ နှစ်နိုင်ငံမှ လူငယ်များ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာမှ တစ်ဖက်နှင့်တစ်ဖက် နားလည်မှုပိုမိုရရှိ



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အိုဆာကာတက္ကသိုလ်မှ Executive Vice President ပါမောက္ခ Tetsuo OGAWA နှင့် Center For International Education and Exchange at Osaka University မှ ဒါရိုက်တာ ပါမောက္ခ Tomono ARIKAWA တို့ ဦးဆောင်သည့် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။** သတင်းစဉ်

**ကျိုတို ဒီဇင်ဘာ ၁၅**

ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျည်ဆန်ရထားဖြင့် အိုဆာကာမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက အိုဆာကာဘူတာ၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မော်တော်ယာဉ်များဖြင့် အိုဆာကာတက္ကသိုလ်သို့ ရောက်ရှိပြီး Executive Vice President ပါမောက္ခ Tetsuo OGAWA နှင့် Center For International Education and Exchange at Osaka University မှ ဒါရိုက်တာ ပါမောက္ခ Tomono ARIKAWA တို့ ဦးဆောင်သည့် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အိုဆာကာတက္ကသိုလ်မှ ပါမောက္ခများသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ အဆိုပါတက္ကသိုလ်၌ ကျင်းပသည့် အိုဆာကာတက္ကသိုလ် မြန်မာစာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။


စာမျက်နှာ ၃ ကော်လံ ၁ ❄


**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး**


စာမျက်နှာ - ၄


**တိုက်စွမ်းရည်တိုးတက်စေရန် ခေတ်မီလေတပ်မတော်အဖြစ် တည်ဆောက်ရမည်**


စာမျက်နှာ - ၅


**စစ်တွေမြို့၌ (၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ**


စာမျက်နှာ - ၁၀





မြန်မာ့အလင်း

# နိုင်ငံတော်နှင့် ပြည်သူတို့၏ ညှိနှိုင်းလက်တွဲ ဆောင်ရွက်မှု

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း (World Heritage) အဖြစ် အသိအမှတ်ပြု သတ်မှတ်ခံရစေရန် ယူနက်စကို (UNESCO) သို့ တင်ပြဆောင်ရွက်လျက် ရှိပါသည်။ ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ်သာ အသိအမှတ်ပြုခံရပါက နိုင်ငံသူနိုင်ငံသားတို့၏ "ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှု" အပေါ် ဂုဏ်ယူလိုစိတ်တို့ကို တိုးပွားစေကာ အမျိုးသားရေးဇာတိမာန်တို့ကိုလည်း ခိုင်မာအားကောင်းစေမည် ဖြစ်ပါသည်။ အမျိုးသားရေး ဇာတိမာန်တို့သည် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ဖန်တီးနိုင်ရေးအတွက် နိုင်ငံသူ နိုင်ငံသားတို့၏ သန္နိဋ္ဌာန်ကို ရင့်သန်စေမည် ဖြစ်ပါသည်။ ထို့ပြင်မက ပုဂံယဉ်ကျေးမှုဒေသအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာ၌ ကမ္ဘာ့အဆင့်အမြင့်ဆုံး စံချိန်စံညွှန်းကိုလည်း ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ထိန်းသိမ်းစောင့်ရှောက်ရာ၌ ပုဂံဒေသဝန်းကျင်ရှိ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်သောအရာ ဖြစ်ပါသည်။ ဤကဲ့သို့ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုရရှိနိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းတို့က ပြည်သူလူထု၏ စိုးရိမ်သောကနှင့် လက်တွေ့လိုအပ်ချက်တို့ကို အလေးအနက်ထား သုံးသပ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကြေညာချက်သည် ပြည်သူလူထု၏ စိုးရိမ်သောကနှင့် လက်တွေ့လိုအပ်ချက်တို့ကို အလေးထားကြောင်း သက်သေပြု ပြသလိုက်ခြင်း ဖြစ်ပါသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ပြည်သူလူထုက ၎င်းတို့ဒေသအား ကမ္ဘာ့အမွေအနှစ်ဇုန်အဖြစ်သာ သတ်မှတ်ခံရပါက အဆိုပါ ဇုန်အတွင်းရှိ ပြည်သူလူထု၏ စားဝတ်နေရေး၊ စီးပွားရေးလုပ်ငန်းဆောင်တာတို့ကို ကန့်သတ်ခံရတော့မည်ဟု ယူဆနေကြပါသည်။ ဤယူဆချက်ကြောင့် အမွေအနှစ်ဇုန်မှ ကြားခံဇုန်အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် လိုအပ်မည်ဟု ပြည်သူလူထုက တွက်ဆကြပါသည်။ သို့သော် ထိုကဲ့သို့ ကြားခံဇုန်အဖြစ်သာ ပြောင်းလဲသတ်မှတ်လိုက်ပါက ပုဂံယဉ်ကျေးမှု အမွေအနှစ်တို့အား အပြည့်အဝ ကာကွယ်နိုင်စွမ်းမရှိဟူသော အဓိပ္ပာယ်မျိုး သက်ရောက်သွားမည် ဖြစ်ပါသည်။ ဤအကျပ်အတည်းကို ကျော်လွှားနိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဒေသအတွင်းရှိ ပြည်သူလူထု၏ ရိုးရာဓလေ့လုပ်ငန်းများနှင့်အတူ ရုံးခန်း၊ ဈေးဆိုင်၊ စားသောက်ဆိုင်၊ တည်းခိုခန်း အစရှိသော လုပ်ငန်းတို့ကို ပုဂံရှေးဟောင်းအမွေအနှစ်ဒေသနှင့် ရှေးဟောင်းအဆောက်အအုံများ ဥပဒေမူဘောင်နှင့်အညီ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၁၂ ရက် ကြေညာချက်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အလားတူပင် ဒီဇင်ဘာလ ၁၂ ရက် ကြေညာချက်၌ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဇုန်အတွင်းရှိ အဆောက်အအုံတို့၏ အရွယ်အစားကို ပုဂံနှင့် ညောင်ဦးမြို့ပြတို့၏ သတ်မှတ်ချက်အတိုင်း ခွင့်ပြုကြောင်း ထုတ်ပြန်ခဲ့ပါသည်။ စီးပွားရေးဆိုင်ရာ ဆက်သွယ်ရေးတာဝါများ တည်ဆောက်ခွင့်မပြုဟူသော မူလသတ်မှတ်ချက်အစား ဆက်သွယ်ရေးစနစ်များ တည်ဆောက်အသုံးပြုရာ၌ ရှေးဟောင်းအမွေအနှစ် မြင်ကွင်းတို့အား ထိခိုက်စေမှု မရှိစေရဟူသော သတ်မှတ်ချက်ဖြင့် အစားထိုးခြင်းကိုလည်း အဆိုပါ ဒီဇင်ဘာလ ၁၂ ရက် ကြေညာချက်၌ ဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဒီဇင်ဘာလ ၁၂ ရက် ကြေညာချက်သည် နိုင်ငံတော်နှင့် ပြည်သူတို့၏ နားလည်မှုရှိရှိ လက်တွဲဆောင်ရွက်မှုကို လှစ်ဟဖော်ပြနေပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

**စာအုပ် စာပေ လူ့မိတ်ဆွေ**

# မြိတ်မြို့နယ်အတွင်း၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**မြိတ် ဒီဇင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်တံတားတည်ဆောက်နေမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိရေးအတွက် ဂါလန် ၃၀၀၀ ဆံ့အုတ်ရေကန်အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



မြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် မြို့ပတ် ၂ လမ်းပေါ်ရှိ သစ်သားတံတား ပျက်စီးနေမှုအား အရှည် ၁၂ပေ၊ အကျယ် ၁၆ပေ၊ အမြင့် ၇ပေရှိ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၈ သန်းဖြင့် ဒီဇင်ဘာ ၅ ရက်က စတင်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု ဆလင်းကျေးရွာတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ပိုမိုရရှိစေရေးအတွက် (၁၂×၈×၆) ပေရှိ ရေဂါလန် ၃၀၀၀ ဆံ့အုတ်ရေကန်အသစ်ကို ခွင့်ပြုငွေကျပ် ၃၁ ဒသမ ၃၅ သန်းဖြင့် နိုဝင်ဘာ ၁၆ ရက်မှ စတင်ကာ ယခုအခါ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီး ဒီဇင်ဘာလကုန် တွင် အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများတွင် လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်စေရန် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင် (နည်းပညာ)၊ ခရိုင်ဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒီဇင်ဘာ ၁၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ထင်သာမြင်သာပြုပြင်စရာ

# တံတားရေရှည်တည်တံ့ရေး ခံနိုင်ဝန်အားနှင့် မမျှသော ကုန်ကားကြီးများ နေ့စဉ်ဖြတ်သန်းနေမှုများကို တားမြစ်ပေးစေလို



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်- မြိတ်- ကော့သောင်းပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တနင်္သာရီမြို့ဝင်တံတားသည် ခံနိုင်ဝန်အား ၁၃ တန်သာရှိသော သစ်သားဘေလီတံတားအမျိုးအစား ဖြစ်သည်။

ယခုရက်ပိုင်းအတွင်း ကုန်အပြည့်တင်ဆောင်လာကြသော ၁၂ ဘီးတွဲယာဉ်ကြီးများသည် အဆိုပါတံတားပေါ်မှ နေ့စဉ်ဖြတ်သန်းမောင်းနှင်နေသည်ကို တွေ့မြင်နေရသည်။

အဆိုပါခံနိုင်ဝန်နှင့် အားမမျှမှုကြောင့် တနင်္သာရီမြို့ဝင် တံတားသည် ပျက်စီးမှုများဖြစ်ပေါ်လာနိုင်ပြီး ဆိုးရွားစွာပျက်စီးပါက လမ်းပန်းအဆက်အသွယ်များ ပြတ်တောက်ကာ မလိုလားအပ်သောဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအနေဖြင့် သတ်မှတ်တန်ပိုထက် တင်ဆောင်သော ယာဉ်ကြီးများကို အထူးကြပ်မတ်စစ်ဆေးပြီး ပြည်နယ်၊ ပြည်မ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မပြတ်တောက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးပါရန် ဒေသခံများက လိုလား လျက်ရှိကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၅-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၆ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃ ·၇ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ ·၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၃၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ ကျိုတိုမြို့ရှိ ကမ္ဘာ့ရေးဟောင်းအမွေအနှစ်စာရင်းဝင် **Kinkakuji Temple** သို့ သွားရောက်လေ့လာစဉ်။ သတင်းစဉ်

❄ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲတွင် အခမ်းအနားမှူးက မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများနှင့် မိတ်ဆက်ပေးပြီး မြန်မာစာဌာနမှ ကျောင်းသား ကျောင်းသူများ ကိုယ်စား ဂျပန်ကျောင်းသူနှစ်ဦးက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားကြသည်။

**ဂုဏ်ပြုပန်းစည်းများ ပေးအပ်**

ယင်းနောက် မြန်မာစာဌာန ဒုတိယနှစ် ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ရိုးရာသင်္ကြန်အက၊ တိုင်းရင်းသားအကများဖြင့် ကပြဖျော်ဖြေကြပြီး မြန်မာစာဌာန ကျောင်းသား ကျောင်းသူများကိုယ်စား မြန်မာစာအဓိက ဒုတိယနှစ် ကျောင်းသူနှစ်ဦးက နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ထံ ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။

တန်ဖိုးထားလေ့လာ

**တွေ့ဆုံပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကားပြောကြားရာ၌ မြန်မာ-ဂျပန်နှစ်နိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်ကတည်းက သံတမန်ဆက်ဆံရေး စတင်ခဲ့ခြင်းဖြစ်သည့်အတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် အင်မတန်ကြာရှည်ခဲ့ပြီဖြစ်ကြောင်း၊ အိုဆာကာတက္ကသိုလ်တွင် ဂျပန်လူငယ်များသည် မြန်မာစာပေသာမက မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာဂီတနှင့် အနုပညာများကိုပါ မြတ်မြတ်နိုးနိုး တန်ဖိုးထားလေ့လာကြသည်ကို တွေ့ရှိရ၍ အထူးပင် ဝမ်းမြောက်မိပါကြောင်း။**

ဆရာ ဆရာမများ မလုံလောက်

**ဂျပန်နိုင်ငံတွင် မြန်မာစာပေကို စိတ်ဝင်စား၍ လေ့လာသင်ယူသူများ ပိုမိုများပြားလာသည့်အတွက် မြန်မာစာပေ သင်ကြားပေးသည့် ဆရာ ဆရာမများ မလုံလောက်သဖြင့် အခက်အခဲဖြစ်ပေါ်နေသည်ဟု ကြားသိရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဂျပန်စာပေကို စိတ်ဝင်စားသူသည် ဒုတိယ သို့မဟုတ် တတိယအများဆုံးဖြစ်သည်ဟု သိရပါကြောင်း။**

ယုံကြည်မျှော်လင့်

**မြန်မာစာပေကို လေ့လာသင်ယူနေသည့် ဂျပန်လူငယ်များနှင့် ဂျပန်စာပေကို လေ့လာသင်ယူနေသည့် မြန်မာလူငယ်များ နှစ်နိုင်ငံစလုံးတွင် များစွာရှိပါကြောင်း၊ နှစ်နိုင်ငံမှ လူငယ်များ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာမှ တစ်ဖက်နှင့်တစ်ဖက် နားလည်မှုပိုမိုရရှိလာပြီး ကူးလူးဆက်ဆံမှု ပိုမိုများပြားလာမည်ဖြစ်ကာ ယခင်ထက်ပိုပြီး ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။**

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အိုဆာကာတက္ကသိုလ်မှ ပါမောက္ခများ၊ မြန်မာစာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ကျိုတိုမြို့သို့ရောက်ရှိကြပြီး ကမ္ဘာ့ရေးဟောင်း အမွေအနှစ်စာရင်းဝင် Kinkakuji Temple သို့ သွားရောက်လေ့လာကြရာ Temple တာဝန်ခံက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး Temple တာဝန်ခံအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

**ပြုပြင်ထိန်းသိမ်း**

အဆိုပါ ကမ္ဘာ့ရေးဟောင်းအမွေအနှစ်စာရင်းဝင် Kinkakuji Temple သည် ၁၃၉၇ ခုနှစ်က တရုတ်နိုင်ငံနှင့် ကုန်သွယ်ဆက်ဆံခဲ့သည့်အတွက် တရုတ်နိုင်ငံက သံတမန်များ လာရောက်သည့်အခါ ဧည့်ဂေဟာအဖြစ်အသုံးပြုရန် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၃၅၀ ပြည့်နှစ်တွင် မူလအဆောက်အအုံ မီးလောင်ဆုံးရှုံးခဲ့သည့်အတွက် ၁၃၅၅ ခုနှစ်တွင် ပြန်လည်တည်ဆောက်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ရွှေပြားများကို အားလုံးပြန်လည်လဲလှယ်ခဲ့ကြောင်း၊ ရွှေအလေးချိန် ၂၀ ကီလိုဂရမ် အသုံးပြုထားကာ Kinkakuji Temple နှင့် ပတ်ဝန်းကျင်သဘာဝအလှကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့ရေးဟောင်းအမွေအနှစ်တွင် စာရင်းသွင်းအသိအမှတ်ပြုခြင်းခံခဲ့ရကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ခေတ္တတည်းခိုမည့် Kyoto State Guest House သို့ ရောက်ရှိကြသည်။

**နှုတ်ခွန်းဆက်စကားပြော**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် Wisteria Flower Room သို့ရောက်ရှိစဉ် Governor Mr.Keiji Yomada, Mayor of Kyoto Prefecture and member of Kyoto Chamber of Comme-

## “ဂျပန်နိုင်ငံတွင် မြန်မာစာပေကို စိတ်ဝင်စား၍ လေ့လာသင်ယူသူများ ပိုမိုများပြားလာသည့်အတွက် မြန်မာစာပေ သင်ကြားပေးသည့် ဆရာ ဆရာမများ မလုံလောက်သဖြင့် အခက်အခဲဖြစ်ပေါ်နေသည်ဟု ကြားသိရ၊ မြန်မာနိုင်ငံတွင်လည်း ဂျပန်စာပေကို စိတ်ဝင်စားသူသည် ဒုတိယ သို့မဟုတ် တတိယ အများဆုံးဖြစ်”

rce and Industry Mr. Daisaky Kadokawa တို့က ကြိုဆိုနှုတ်ဆက်ကြပြီး Governor Mr.Keiji Yomada က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းပေး**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် Governor Mr.Keiji Yomada တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ညစာစားပွဲသို့ တက်ရောက်**

ထို့နောက် The Kyoto State Guest House ၌ ကျိုတိုခရိုင် ကျိုတိုမြို့နှင့် ကျိုတိုကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့ အိုဆာကာတက္ကသိုလ်မှ ပါမောက္ခများ၊ မြန်မာစာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေးအမြင်ချင်းဖလှယ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး H.E. Mrs.Riikka Laatu အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး H.E.Mrs. Riikka Laatu အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# အမျိုးသားအဆင့် ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ငလျင်ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းတည်ဆောက်ရေး စီမံကိန်း မိတ်ဆက်အခမ်းအနားနှင့် အမျိုးသားအဆင့် ငလျင်အန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေးဆိုင်ရာ ကနဦးညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများအား တစ်နေ့ထက်တစ်နေ့ ပိုမိုခံစားနေကြရသည်ကို အားလုံးသိပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် သဘာဝဘေးအမျိုးမျိုးကို ခံစားခဲ့ရပြီး ထိခိုက်ဆုံးရှုံးမှုလည်း များခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှုများရှိသကဲ့သို့ ပထဝီအနေအထားကြောင့် ဖြစ်ပေါ်လာသည့် မြေငလျင်အန္တရာယ်နှင့် ဆူနာမီဘေးအန္တရာယ်များကိုလည်း မေ့ထား၍ မရပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့မြေငလျင်ကြောကြီးထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် အယ်လ်ပိုင်းငလျင်ကြောကြီးပေါ်တွင် တည်ရှိနေပြီး မြန်မာနိုင်ငံမြောက်ဖျားဒေသမှ တောင်ပိုင်း (မုတ္တမကွေ့)ထိ ရှည်လျားသောကြောင့် ထိုလမ်းကြောင်းတစ်လျှောက်ရှိ ဒေသအများစုသည် ငလျင်ကြောများ၊ ပြတ်ရွေ့ကြောများအတွင်း ကျရောက်နေသည်ကို တွေ့ရမည်ဖြစ်ပြီး မြေငလျင်ဆိုင်ရာ ပညာရှင်များ၊ ဘူမိဆိုင်ရာပညာရှင်များ၏ လေ့လာဖော်ထုတ်မှုများအရ ထိုငလျင်ကြောတစ်လျှောက်သည် အမြဲတမ်းအန္တရာယ်ရှိနေသည်ဟု သိရှိရပါကြောင်း။

ငလျင်နှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သည့် ဆူနာမီဘေးအန္တရာယ်ကိုလည်း မြန်မာ့ကမ်းရိုးတန်းဒေသနေပြည်သူများက အမြဲသတိပြုနေရမည်ဖြစ်ပါကြောင်း၊ မြေငလျင်နှင့်ပတ်သက်၍ မည်သည့်အချိန် မည်သည့်အခါတွင် ဖြစ်ပွားမည်၊ မည်မျှပြင်းအားရှိမည်၊ မည်မျှထိခိုက်ဆုံးရှုံးမည်ကို ခန့်မှန်းရန်များစွာခက်ခဲနေသေးပါကြောင်း၊ ဘေးအန္တရာယ်တစ်ခု ဖြစ်ပွားလျှင် အနည်းနှင့်အများ ထိခိုက်မှုရှိနိုင်ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို ကြည့်မည်ဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများကို မြင်ရသော်လည်း အခြားမြင်တွေ့ရန်ခက်ခဲသည့် ကျန်းမာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ များစွာ ရှိနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ အတိတ်ကာလမှ အဖြစ်အပျက်များမှ သင်ခန်းစာများ၊ အတွေ့အကြုံများကို သိရှိကြပြီးဖြစ်ပါကြောင်း သာဓကယူစရာအဖြစ် ယနေ့ဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ကော်မတီအလိုက်၊ ဒေသအလိုက် ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်သည့်လုပ်ငန်း ဆောင်ရွက်ချက်များ၊ အတွေ့အကြုံအရ သိရှိထားမှုများ၊ အားထည့်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် အစီအမံများကို ထဲထဲဝင်ဝင် ဆွေးနွေးပေးကြရန်နှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် European Civil Protection and Humanitarian Aid Operations(ECHO) မှ Technical Expert Ms. Clementia Cantoni နှင့် United Nations Development Programme မှ Deputy Country Director Ms. Dawn Del Rio တို့က မိတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် ငလျင်ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းတည်ဆောက်ရေး စီမံကိန်းအား ရှင်းလင်းတင်ပြခြင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ဟေတီနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ငလျင်ဘေးမှတ်တမ်း ဗီဒီယို ပြသခြင်း၊ သဘာဝဘေးဆိုင်ရာအန္တရာယ်များ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေအား အကျဉ်းချုပ်ရှင်းလင်းတင်ပြခြင်းနှင့် သဘာဝဘေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြခြင်း ကိစ္စရပ်များကို ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ငလျင်ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် အရေးပေါ်အခြေအနေတွင် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အဖွဲ့လိုက် ဆွေးနွေးကြပြီး အဖွဲ့လိုက်ဆွေးနွေးခြင်းမှ ရရှိလာသည့်အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။ **သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၃၂ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၅**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့တွင် အခြေခံဈေးယူရိုငွေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်မျက်အတွဲ ၁၉၀ အနက်မှ အတွဲပေါင်း ၃၂ တွဲအား ပြည်တွင်းပြည်ပရတနာကုန်သည်များထံ ရောင်းချပေးနိုင်ခဲ့သည်။

အဆိုပါ ကျောက်မျက်အတွဲ ၃၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုး ယူရိုငွေ ၀ ဒသမ ၇၆ သန်းခန့်ရှိကြောင်း သိရသည်။

**တင်သွင်းလွှာများ ထည့်သွင်း**

ပြပွဲစတုတ္ထနေ့သို့ ပြည်တွင်း၊ ပြည်ပရတနာကုန်သည် စုစုပေါင်းဦးရေ ၄၃၇၁ ဦး ကျော်တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအား စိတ်ကြိုက်ကြည့်ရှုလေ့လာကာ တင်ဒါပုံးများအတွင်းသို့ ဈေးနှုန်းတင်သွင်းလွှာများ ထည့်သွင်းကြသည်။



၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ ၁၁၅၀ထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁၁၅၁ မှ ၂၃၀၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၂၃၀၁ မှ ၃၄၅၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၃၄၅၁ မှ ၄၆၀၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၄၆၀၁ မှ ၅၇၅၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၅၇၅၁ မှ ၆၆၈၅ ထိ လည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ရောင်းချပေး**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၆၆၈၅ တွဲနှင့် ကျောက်မျက်အတွဲပေါင်း ၁၉၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသည့်အပြင် ကျောက်စိမ်း၊ ကျောက်မျက် တန်ဖိုးမြင့် အချောထည်ပစ္စည်းများကိုလည်း ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ရန်ကုန်၌ အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ၂၀၁၇-၂၀၁၈ခုနှစ်၏ တတိယအပတ်စဉ်အဖြစ် သုံးလသင်တန်းများဖြစ်ကြသော စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ခေတ်ပုံသင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများအား တက်ရောက်လိုသူများသည် အမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၇၉၇၀၂၁၊ ၀၉-၄၂၀၀၃၅၆၀နှင့် ၀၉-၉၇၆၀၁၇၉၆၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း သင်ထောက်ကူပစ္စည်းများ အခမဲ့ထုတ်ပေးမည့်အပြင် အဆောင်နေ စားစရိတ်ငြိမ်းဖြစ်ပြီး လစဉ်ထောက်ပံ့ကြေးနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ် ထုတ်ပေးမည်ဖြစ်သည်။ **သတင်းစဉ်**



**နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ကြီးဂိုဏ်းထောက်ဘုန်းတော်ကြီးသင် စာသင်ကျောင်း၌ ဒီဇင်ဘာလ ဒုတိယပတ်က ရွှေမြို့နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းဗိုလ်က ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောစဉ်။** မောင်မွှေး

# တိုက်စွမ်းရည်တိုးတက်စေရန် ခေတ်မီ လေတပ်မတော်အဖြစ် တည်ဆောက်ရမည်





နှစ်(၇၀)ပြည့် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် နှစ်(၇၀)ပြည့် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်များ တပ်တော်ဝင် အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(လေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက် အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လေယာဉ်များ တပ်တော်ဝင်အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လေကြောင်းစွမ်းအားဖြစ်လာစေရေး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့မျက်မှောက်ခေတ်ကာလ ကမ္ဘာနှင့်တစ်ဝန်း ဖြစ်ပွားလျက်ရှိသည့် စစ်ပွဲများကို လေ့လာကြည့်ပါက ဘက်မညီစစ်ပွဲများအဖြစ် တွေ့မြင်ရမည်ဖြစ်ပြီး လေကြောင်းစွမ်းအားသည် များစွာအရေးပါလျက်ရှိကြောင်း၊ လေကြောင်းစွမ်းအားသာလွန်မှုကို အသုံးပြုပြီး စစ်ပွဲအောင်နိုင်ရေးအတွက် ပြိုင်ဘက်အပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်သည့် မိမိတို့၏တပ်များ တိုက်စွမ်းရည် ပိုမိုတိုးတက်စေရန်အတွက် လေကြောင်းစစ်ဆင်ရေးကို အဓိကထား အသုံးပြုလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သာလွန်သည့် လေကြောင်းစွမ်းအားဖြစ်လာစေရေးအတွက် မိမိတို့တပ်မတော်၏ လေတပ်ကို ခေတ်မီ လေတပ်မတော်အဖြစ် တည်ဆောက်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

**ပေးအပ်**

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်မောင်မောင်ကျော်က လေယာဉ်များအား တပ်တော်ဝင်အဖြစ်ကြေညာသည်။ ၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လေယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများ ပြသကြသည်။

ထို့နောက် ဇီဝိတဒါန ငှက်လွှတ်ခြင်းဆောင်ရွက်ကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ငှက်အကောင်ရေ ၇၀ ကောင်အား ဘေးမဲ့လွှတ်ပေးကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် လေယာဉ်များအား အမွှေးနံ့သာရည်များပက်ဖျန်းပေးကြပြီး လှည့်လည်ကြည့်ရှုကြသည်။

**တပ်တော်ဝင်**

ယနေ့ကျင်းပသည့် တပ်တော်ဝင်အခမ်းအနားတွင် Yak -130 အမျိုးအစား လေယာဉ်ခြောက်စင်း၊ Fokker-70 အမျိုးအစား လေယာဉ်နှစ်စင်းနှင့် ATR 42-320 အမျိုးအစားလေယာဉ် နှစ်စင်း စုစုပေါင်း ၁၀ စင်းကို တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။

နှစ်(၇၀)ပြည့် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းဖွင့်ပွဲ အခမ်းအနားအား ယမန်နေ့ညနေပိုင်းက မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နှစ်(၇၀)ပြည့် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည် မိသားစုများသည် အထိမ်းအမှတ်ပြခန်းများနှင့် လေတပ်စခန်းဌာနချုပ်အလိုက် အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နေပြည်တော် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ လေ့ကျင့်ရေးဗဟိုသင်တန်းကျောင်း တည်ဆောက်၍ သင်တန်းများသင်ကြားရေးကိစ္စ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် Japan International Cooperation Agency (JICA)၊ Industrial Development and Public Policy Department မှ Senior Advisor to the Director General Mr. Hayashi Hiroyuki နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ (၁)၌ တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် Japan International Cooperation Agency (JICA) မှ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ရုံးပရိဝုဏ်အတွင်း တည်ဆောက်ပေးမည့် နေပြည်တော် ပြည်သူ့ဝန်ထမ်းအကယ်ဒမီလေ့ကျင့်ရေး ဗဟိုသင်တန်းကျောင်း (Nay Pyi Taw Civil Services Academy Training Center) တည်ဆောက်ရာတွင် လိုအပ်သည့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် နေပြည်တော် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ လေ့ကျင့်ရေးဗဟိုသင်တန်းကျောင်း တည်ဆောက်ပြီးနောက် သင်ကြားမည့် ကာလတို၊ ကာလရှည် နိုင်ငံတကာလေ့ကျင့်ရေး သင်တန်းများနှင့် ပြည်တွင်းလေ့ကျင့်ရေး သင်တန်းများတွင် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်ပြီးမြောက်ခြင်းနှင့်စပ်လျဉ်းသည့် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

**ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်ပြီးမြောက်ခြင်းနှင့်စပ်လျဉ်းသည့် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပသည်။** (ယာပုံ)




**ဆွေးနွေး**

ဆွေးနွေးပွဲတွင် "သန်းခေါင်စာရင်း အရည်အသွေးဆိုင်ရာ" ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဗဟိုစာရင်းအင်းအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာထွေးနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ဦးအောင်ကိုဝင်းတို့က လည်းကောင်း၊ "ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ"ခေါင်းစဉ်နှင့် စပ်လျဉ်း၍ နာဂ အမျိုးသားရေးကောင်စီမှ Athong Makuty က လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် "အချက်အလက်များ အသုံးပြုမှုနှင့် ပတ်သက်သည့်"ခေါင်းစဉ်နှင့် စပ်လျဉ်း၍ စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခဌာနမှူး(ငြိမ်း) ဒေါ်ခင်မေသန်းက လည်းကောင်း၊ "လုပ်ငန်းအရှိန်အဟုန် ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း"ခေါင်းစဉ်နှင့် စပ်လျဉ်း၍ သန်းခေါင်စာရင်းဆိုင်ရာ ချင်းအမျိုးသားများ အထောက်အကူပြုကော်မတီမှ ဆလိုင်းအောင်လိန်းက လည်းကောင်း ဆွေးနွေးကြသည်။

**နည်းလမ်းများရှာဖွေ**

အဆိုပါ ခေါင်းစဉ်များအပေါ် ဆွေးနွေးသူများက အခက်အခဲနှင့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများ၊ အတွေ့အကြုံနှင့်သင်ခန်းစာများ၊ ရှေ့လုပ်ငန်းဆိုင်ရာ အကြံပြုချက်များ၊ ရေးဆွဲရမည့်လုပ်ငန်းစဉ်များ၊ အခက်အခဲဖြေရှင်းနိုင်မည့် နည်းလမ်းများရှာဖွေခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ခံခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ သန်းခေါင်စာရင်းကောက်ခံရာတွင် တွေ့ကြုံခဲ့သည့် အခြေအနေများ၊ လူငယ်များ၏ အရေးပါမှု၊ သတင်းအချက်အလက်များရရှိမှု၊ လက်တွေ့အသုံးဝင်မှု၊ ကျန်းမာရေးကဏ္ဍနှင့် ကဏ္ဍစုံအရေးပါမှုတို့ကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်၊ ချင်းအမျိုးသားများ အထောက်အကူပြုကော်မတီမှ ဆလိုင်းပီပီ (ခ) ဆလိုင်းဝုန်းဇာ ပြောင်၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဦးမင်းဇာနည်လင်း၊ Social Vision Services မှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်သက်မော်နှင့် Socio-Economic G Gender Resource Institute မှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာသန့်တို့က ဆွေးနွေးကြသည်။

**ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းကောက်ခံရရှိသည့် စာရင်းအင်းနှင့် အချက်အလက်များအရ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

# ပုန်းခိုနေတတ်တဲ့ မျက်ရည်စများ

မင်းသိမ်း (နေပြည်တော်)

ကျွန်တော်ဦးဆောင်ပြီး စိတ်တူ၊ ဝါသနာတူ ဝန်ထမ်းဟောင်းများ တည်ထောင်ခဲ့တဲ့ “အိုးအိမ်ဝန်ထမ်းဟောင်းများ လူမှုရေး ကူညီမှုအသင်းကြီး” ရဲ့ (၄) ကြိမ်မြောက် ၇၅ နှစ်နှင့်အထက် ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲကို ၁၃-၁၁-၂၀၁၇ အမျိုးသားနေ့မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အတွက် အသင်းသူ အသင်းသားအားလုံးနဲ့ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းအားလုံးကို ကျေးဇူးပါ။

**မမေ့ကြဖို့လိုပါတယ်**

တကယ်တော့ အသစ်ဆိုတာဟာ အဟောင်းရှိခဲ့လို့ပေါ့။ အဲဒီအဟောင်းဟာလည်း တစ်ချိန်က အသစ်တွေပါပဲ။ သူ့ခေတ် သူ့အခါကတော့ သူလည်း အဖိုးတန် အသုံးဝင်တဲ့ ပစ္စည်းလေးပါ။ အသစ်ပေါ်တိုင်း အဟောင်းဟာ တန်ဖိုးမရှိတော့ဘူးဆိုရင် အဲဒီအသစ်ဟာလည်း အဟောင်းပေါ်မှာ အရင်းခံပြီး ဖြစ်လာစရာအကြောင်းမရှိပါဘူး။ ဖြစ်တည်မှု (၂) ရှိလာပြီဆိုရင် အရင်ဖြစ်တည်ခဲ့မှုဟာ အဟောင်းပေါ့။ ထပ်ပြီး အသစ်ပေါ်လာရင် ဒုတိယဖြစ်တည်မှုဟာလည်း အဟောင်း ဖြစ်သွားတာပါပဲ။ ဒါကြောင့် ငါဘာကြောင့် ယနေ့ အသစ်ဖြစ်နေသလဲ၊ အဟောင်းရှိခဲ့လို့ဆိုတာကို မမေ့ကြဖို့လိုပါတယ်။ အချိန်တန်လို့ စွန့်ပစ်ခံလိုက်ရပြီဆိုရင် လွယ်လွယ်ပြောရရင် “အမှိုက်” ပေါ့ဗျာ။ ကျွန်တော်ကတော့ ဒီအမှိုက်တွေနဲ့ တွေ့လေ့ရှိတယ်။ တွေ့နိုင်မယ့် ပတ်ဝန်းကျင်ကို ကျွန်တော် ရောက်လေ့ရှိတယ်။ စွန့်ပစ်ခံရတဲ့ အရာတိုင်းဟာ အမှိုက်မဟုတ်ပါဘူး။ ဒီထက်ပိုမြင်ကောင်းတဲ့ အရာတွေ ပေါ်လာလို့ ပိုလျှံလာတဲ့ သဘောလို့ ကျွန်တော်ယူဆတယ်။

**လူသားအချင်းချင်း ကူညီရိုင်းပင်းတဲ့ စိတ်**

လောကကြီးမှာ ဆာလောင်မွတ်သိပ်တဲ့ ဝေဒနာဟာ အင်မတန်ဆိုးပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ကြီးမှာ Less Fortunate ဆိုတဲ့ လူတွေအများကြီးပဲ။ သူတို့ဟာ ကံမကောင်းကြဘူး။ သူတို့တွေအတွက် ကျွန်တော်တို့က ဘာလုပ်ပေးနိုင်မလဲ ဆိုတာကို စဉ်းစားဖို့လိုတယ်။ ဆာလောင်မွတ်သိပ်နေတဲ့ဘဝ၊ ဆင်းရဲတွင်းကနေ မရုန်းထွက်နိုင်တဲ့ ဘဝကို “စာနာတယ်ဗျာ” လို့ ပြောနေရုံနဲ့ မဖြစ်ဘူး။ လက်တွေ့ လုပ်ဖို့ လိုပါတယ်။ Community Service လို့ ခေါ်ပါတယ်။ မိမိတို့ရဲ့ လူမှုအသိုင်းအဝိုင်း ကောင်းကျိုးကို လုပ်တာမျိုးပေါ့။ လူသားအချင်းချင်း ကူညီရိုင်းပင်းတဲ့ စိတ်ဓာတ်တွေ ရှိရပါ့မယ်။ စိတ်ဓာတ်ရှိတိုင်းလည်း မဖြစ်ဘူး။ ဘဝလုံခြုံရေးကလည်း ရှိဖို့လိုပါတယ်။ ဒါကြောင့် ပါးစပ်တွေလှုပ်နေရုံနဲ့ မပြီးဘူး၊ လက်ပါလှုပ်ဖို့လိုပါတယ်။ ဆရာမင်းယုဝေရဲ့ ကဗျာလေးတစ်ပုဒ် ကျွန်တော်ဖတ်ဖူးတယ်။ “အစာငတ်သူ၊ မွတ်သိပ်သူကို၊ ဘယ်သူဟောပြော၊ ဘာတွေဟောလဲ၊ ဟောသော်မပြီး၊ အချည်းနှီးတည်း၊ ဝမ်းမီးငြိမ်းကာ၊ ဝမ်းဝပါမှ၊ သင်ငါဟောပြော၊ နားဝင်ကြတည့်” လို့ ဆိုထားပါတယ်။

ယနေ့ခေတ်မှာ ဝေဖန်မှု (Critique) တွေ ရေပန်းစားလာတယ်ဆိုပေမယ့် တကယ်တော့ ဘုရားရှင်လက်ထက် ကတည်းက ရှိခဲ့တာပါ။ ဘုရားရှင်တောင် အာဠဝီပြည်ကို ကြွချီလာတော့ လမ်းမှာ အစာရေစာပြတ်နေတဲ့ ပုဏ္ဏား တစ်ယောက်နဲ့ ဆုံတယ်။ ဘုရားက သပိတ်ထဲက ဆွမ်းကို ထုတ်ကျွေးတယ်။ ပြီးတော့ တရားပြတယ်။ အဲ့ဒီပုဏ္ဏားဟာ သောတာပန် တည်သွားတယ်။ ဒါပေမယ့် ရဟန်းရှင်လူတွေက ကဲ့ရဲ့ကြတယ်။ ဗုဒ္ဓဟာ သူ့တရားနာဖို့ ထမင်းကျွေးတယ် ပေါ့ဗျာ။ ဝေဖန်ကြတဲ့နေရာမှာ မျှမျှတတဝေဖန်တာရှိသလို၊ တစ်ဖက်သတ်ဝေဖန်တာမျိုးလည်း ရှိပါတယ်။ ဒါပေမယ့် မိမိ တာဝန် မိမိကျေလို့ကတော့ ဘဝစာမေးပွဲကို ခိုးဖြေနေတဲ့ သူလောက် မပင်ပန်းဘူးလို့ ထင်ပါတယ်။

**နေရာအနှံ့ တွေ့နေရ**

နိုင်ငံ့ဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်စဉ် တာဝန်အရ၊ နေပြည်တော်ကနေ ရန်ကုန်မြို့ကို သင်တန်းကျောင်း သင်ရိုး ညွှန်းတမ်းအစည်းအဝေးတက်ဖို့ ရောက်ပါတယ်။ နောက် တစ်နေ့ နံနက်မှာ မောင်ထော်လေးလမ်း ရုံးတစ်ရုံးက လူကြီး တစ်ယောက်ကို တွေ့ဖို့စောသေးတာနဲ့ လမ်းဘေးလက်ဖက်ရည် ဆိုင်တစ်ခုမှာ လက်ဖက်ရည်သောက်ရင်း စောင့်နေမိခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ အသက် ၇၀ ကျော် ရုပ်သန့်သန့်နဲ့ ရှိတဲ့ အဝတ်အစားလေးကို သပ်သပ်ရပ်ရပ်ဝတ်ပြီး အနား ရောက်လာတဲ့ အဘိုးကြီးနဲ့ အဘွားကြီးကို တွေ့လိုက်ရပါတယ်။ ဆိုင်ထဲကို ကြည့်ပြီး တစ်စုံတစ်ယောက်ကို ရှာနေသလို၊ ဝိုင်းအစေ့ကို လိုက်ကြည့်နေပါတယ်။ ကျွန်တော်ကထပြီး ဒီမှာထိုင်ပါဦး။ ဘယ်သူ့ကိုများရှာနေလဲလို့ မေးတော့၊ ဘယ်သူရယ်လို့တော့ မဟုတ်ပါဘူးကွယ်လို့ ပြန်ဖြေတယ်။ ဒါနဲ့ ကော်ဖီနဲ့ ပေါက်စီမှာပြီး အဘိုးကြီးလင်မယားကို ဒါနပြုခဲ့ပါတယ်။ စားနေရင်း ကျွန်တော်သိချင်လို့ သူတို့ကို မေးလိုက်မိပါတယ်။ အဘိုးနဲ့ အဘွားနှစ်ယောက်တည်းလား၊ သားသမီး မရှိဘူးလားလို့ မေးတော့၊ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး တော်တော်နဲ့ ပြန်မဖြေဘူး။

ခဏကြာမှ အဘိုးကြီးက “ရှိတော့ရှိပါတယ်သားရယ်တဲ့”။ ကျွန်တော် နားလည်လိုက်ပါပြီ။ သူတို့နှစ်ဦးအနက် အဘွားရဲ့ မျက်ဝန်းမှာ မျက်ရည်စများ ကျလာတာကို တွေ့လိုက်ရလို့ ဒါဟာ မွေးမေမေဆိုတာကို ကျွန်တော် ခန့်မှန်းလို့ ရခဲ့ပါတယ်။ သွေးပါသည်ဖြစ်စေ၊ သွေးမပါသည်ဖြစ်စေ မေတ္တာထားနိုင်ရင် မိသားစုပဲဆိုတာကို သိနေတဲ့ ကျွန်တော့်အတွက် ကျွန်တော့်ရဲ့ ဖေဖေနဲ့ မေမေဟာ ကျွန်တော်တို့နဲ့ ဝေးရာဘဝတစ်ခုကို ရောက်ရှိလို့ နေပေမယ့်လည်း အဖေ၊ အမေအရွယ်တွေမို့ မိသားစုဝင်တစ်ဦးအဖြစ် ခံယူလိုက်ပါတယ်။ နောက်ရက် နံနက်စာ စားဖို့အတွက်ပါ ကန်တော့ခဲ့ပါတယ်။ ဒါမျိုးတွေ အခုချိန်ခါမှာ နေရာအနှံ့ တွေ့နေရပါတယ်။ ကလလရည်ကြည် တည်သည်မှ ကိုးလလွယ် ဆယ်လဖွားကာ နို့ချိုတိုက်ကျွေး၊ ညစ်ကြေးသန့်ရှင်း၊ ချော့မြူဝင်းပ၊ ပိုးမွေးသလို မွေးခဲ့ကြရတဲ့ အမေ၊ သားသမီးအတွက် နွေမရှိ၊ မိုးနတ္ထိ၊ ဆောင်းသတ္တိဖြင့် လုပ်ကျွေးပြုစုခဲ့တဲ့ အမေ၊ သားသမီးဆယ်ဦးပင် ရှိလင့်ကစား မိဘကျင့်ဝတ် ငါးပါးနှင့်အညီ တာဝန်ကျေခဲ့ကြပေမယ့် သက်ရွယ်ကြီးရင့် မိဘ နှစ်ပါးအပေါ် သားသမီးဆယ်ဦးက သားသမီးကျင့်ဝတ် ငါးပါးနှင့်အညီ မဆောင်ရွက်နိုင်ကြတဲ့ သူတွေအများကြီးပါပဲ။

> “မိသားစုဆိုတာဟာ ကိုယ့်ရဲ့ အဆိုးအကောင်းမှန်သမျှကို အေးအတူပူအမျှ ဒုက္ခတွေ၊ သုခတွေကို လက်ခံနားလည်ပေးတဲ့ တစ်ခုတည်းသော အဖွဲ့အစည်းလေးပါ။ မိတ်ဆွေအပေါင်းအသင်းနဲ့ ချစ်သူရည်းစားကို ရွေးချယ်လို့ရပေမယ့် မိသားစုဆိုတဲ့ မိဘ ညီအစ်ကို မောင်နှမတွေကိုတော့ ရွေးချယ်ခွင့် မရှိပါ။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အယူအဆအရ အတိတ်ဘဝက ရေစက်ကြောင့် ယခုဘဝမှာ မိသားစုဝင်တွေအဖြစ် ဆုံစည်းခွင့်ရခဲ့တာပါ။ ကိုယ် အမှားတွေ လုပ်နေရင်တောင် မစွန့်ပစ်ဘဲ လက်ခံပေးတဲ့သူတွေပါ”

**မိသားစုဆိုတာ**

လောကမှာ လူတိုင်းလူတိုင်းအတွက် မိသားစုဆိုတာ ရှိပါတယ်။ လူတွေမဆိုနဲ့ အသိဉာဏ်နည်းပါးတဲ့ တိရစ္ဆာန်တွေမှာတောင် မိသားစုဆိုတာ ရှိကြပါတယ်။

မိသားစုဆိုတာဟာ ကိုယ့်ရဲ့ အဆိုးအကောင်းမှန်သမျှကို အေးအတူပူအမျှ ဒုက္ခတွေ၊ သုခတွေကို လက်ခံနားလည်ပေးတဲ့ တစ်ခုတည်းသော အဖွဲ့အစည်းလေးပါ။ မိတ်ဆွေအပေါင်းအသင်းနဲ့ ချစ်သူရည်းစားကို ရွေးချယ်လို့ရပေမယ့်၊ မိသားစုဆိုတဲ့ မိဘ ညီအစ်ကို မောင်နှမတွေကိုတော့ ရွေးချယ်ခွင့်မရှိပါ။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အယူအဆအရ အတိတ်ဘဝက ရေစက်ကြောင့် ယခုဘဝမှာ မိသားစုဝင်တွေအဖြစ် ဆုံစည်းခွင့်ရခဲ့တာပါ။ ကိုယ်အမှားတွေလုပ်နေရင်တောင် မစွန့်ပစ်ဘဲ လက်ခံပေးတဲ့သူတွေပါ။ သားလိမ္မာ၊ သမီးလိမ္မာတွေရဲ့ယဉ်ကျေးသိမ်မွေ့မှုကို ကြည့်ရင်း ပီတိတွေနဲ့ နှစ်ကာလတွေကို ကျော်ဖြတ်နေကြသူများ ဖြစ်ပါတယ်။ စိတ်ကျန်းမာမှုနဲ့ စိတ်မကျန်းမာမှုဟာ မှန်ကန်တဲ့ နေပုံထိုင်ပုံနဲ့ မမှန်ကန်တဲ့ နေပုံ ထိုင်ပုံတို့ရဲ့ အကျိုးရလဒ်ဖြစ်တယ်။ (Mental Health and Sickness are Outcome of Right and Wrong Living Respectively) လို့ ပျဉ်းမနားမြို့ မဟာမြိုင်တောရဆရာတော် ဦးဇောတိကရဲ့ “ဘဝဆိုတဲ့ ကျောင်း” စာအုပ်လေးကို ဖတ်ရင်း သက်ကြီးရွယ်အိုတွေ စောင့်ရှောက် နိုင်ဖို့ ကျွန်တော်လေ့လာခဲ့သမျှ၊ သိခဲ့ရသမျှ မျှဝေတော့မှာ ဖြစ်ပါတယ်။

(၂၁) ရာစုမှာ သက်ကြီးပိုင်းလူဦးရေဟာ မြန်မာနိုင်ငံနဲ့ အရှေ့တောင်အာရှတစ်ခုလုံးမှာ ပြောင်းလဲတိုးတက်လာတော့မှာဖြစ်လို့၊ ကလေးမွေးဖွားနှုန်းတွေ ကျဆင်းလာမှုနဲ့ လူ့မျှော်မှန်းသက်တမ်း တိုးမြင့်လာခြင်းတို့ကြောင့် သက်ကြီးရွယ်အိုတွေရဲ့ ဂုဏ်သိက္ခာ၊ ကျန်းမာရေး၊ လုံခြုံမှုနဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခုမှာ အမှီအခိုကင်းစွာ ရပ်တည်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေ ဆောင်ရွက်ရတော့မယ့် အချိန်ဖြစ်ပါတယ်။

**သက်ကြီးရွယ်အိုတွေ**

မြန်မာနိုင်ငံရဲ့ မွေးဖွားနှုန်းဟာ ၁၉၇၉ ခုနှစ်မှာ ၅ ဒသမ ၀၄ ရာခိုင်နှုန်းကနေ ၂၀၁၄ ခုနှစ်မှာ ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ခန့်မှန်းချက်အရ ၁၉၅၀ ကနေ ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲ့သက်ကြီးရွယ်အိုအချိုးအစားဟာ အနည်းငယ် မြင့်တက်လာပေမယ့်၊ အဲ့ဒီနောက်ပိုင်းမှာ ပိုမိုကြီးထွားလာကြောင်း ဖော်ပြထားပါတယ်။ အသက် ၆၀ နဲ့အထက် လူဦးရေဟာ ၁၉၅၀ ပြည့်နှစ်မှာ လူဦးရေရဲ့ ၆ ရာခိုင်နှုန်းသာ ရှိပေမယ့် ၂၀၁၄ ခုနှစ်ရောက်တော့ ၈ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာလို့ ၂၀၅၀ ပြည့်နှစ် အရောက်မှာတော့ ၂၀ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ အထူးသဖြင့် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တွေမှာ အရှိန်အဟုန်နဲ့ တိုးတက်လာတာကို တွေ့ရှိရပါတယ်။

သက်ကြီးပိုင်း ၈၀ နဲ့အထက်သာ သန်းခေါင်စာရင်း ကောက်ယူချိန်မှာ ၁ ရာခိုင်နှုန်းသာရှိပေမယ့်၊ ၂၀၅၀ ပြည့်နှစ်ကျရင်တော့ ၄ ရာခိုင်နှုန်းအထိ တိုးမြင့်လာဖွယ်ရာရှိပါတယ်။ မြန်မာနိုင်ငံရဲ့ သက်ကြီးရွယ်အိုတွေကို လေ့လာရာမှာ အများစုဟာ အမျိုးသမီးတွေဖြစ်ပြီး သက်တမ်းအပြောင်းအလဲနဲ့ လက်ထပ်ထိမ်းမြားမှုပုံစံတွေကြောင့် သက်ကြီး အမျိုးသားတွေထက် အမျိုးသမီးတွေ အဖော်မဲ့ အထီးကျန်ဖြစ်ဖို့ ပိုမိုနီးစပ်နေပါတယ်။

မြန်မာနိုင်ငံရဲ့ သက်ကြီးအများစုဟာ မိသားစုနဲ့ အခြားသူတွေကနေ အိမ်တွေမှာ စောင့်ရှောက်ထားတာကို တွေ့ရပါတယ်။ သို့သော်လည်း အကြောင်းကြောင်းကြောင့် ရွှေ့ပြောင်းနေထိုင်မှုမြန်ဆန်လာလို့ မိသားစုများ တကွဲတပြားဖြစ်ပေါ်မှုက သက်ကြီးတွေရဲ့အနာဂတ်အတွက် စိုးရိမ်စရာဖြစ်လာခဲ့ပါတယ်။ အရွယ်ရောက်သားသမီးတွေ မိမိအနားမှာ နည်းလာကြလို့ အတူတကွနေထိုင်ဖို့ အခွင့်အလမ်းနည်းပါးတာနဲ့အမျှ ရှေးမိရိုးဖလာသက်ကြီးတွေ မှီခိုနေထိုင်တဲ့ မိသားစုလေ့ဟာလည်း တစ်စတစ်စ မှေးမှိန်လာတာကို တွေ့နေရပါတယ်။

**ကြိုတင်ပြင်ဆင်ထားဖို့ လို**

သက်ကြီးရွယ်အိုတွေထဲမှာ အိုမင်းမစွမ်းဖြစ်ပြီး စရိတ်ထောက်ပံ့မှု လိုအပ်တဲ့သူ၊ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်တဲ့သူ၊ လူမှုရေးစောင့်ရှောက်မှု လိုအပ်တဲ့သူ စသဖြင့် အမျိုးမျိုး ရှိကြပါတယ်။ သူတို့ရဲ့ နေဝင်ချိန်မှာ စိတ်ချမ်းမြေ့စွာနဲ့ အဆုံးသတ်နိုင်ဖို့အရေး ဆောင်ရွက်ရာမှာ ဥပမာ- သက်ကြီးရွယ်အိုဆယ်ယောက်မှာ တစ်ယောက်ရဲ့လိုအပ်ချက်ကိုသာမက၊ နောင်လာမယ့် ဆယ်စုနှစ်တွေမှာ သက်ကြီးပိုင်းဖြစ်လာမယ့် အခြားကိုးယောက်ရဲ့ လိုအပ်ချက်ကိုပါ ထည့်သွင်းစဉ်းစားပြီး ကြိုတင်ပြင်ဆင်ထားဖို့ လိုပါလိမ့်မယ်။ ယခုအခါမှာတော့ “လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး သက်ကြီး ရွယ်အိုတွေရဲ့ ဘဝမြှင့်တင်နိုင်ဖို့၊ မြန်မာ့လူဦးရေရှိ သက်ကြီး ရွယ်အိုတွေအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ စီမံကိန်း၊ စီမံချက်တွေနဲ့ အစီအစဉ်တွေကို လမ်းညွှန်မှုပြုနိုင်မယ့် အမျိုးသားအဆင့် သက်ကြီးမူဝါဒတွေ ချမှတ်ထားလို့ သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေကို အကောင်အထည်ဖော်ရာမှာ ဖြည့်စွက်ပံ့ပိုးပေးနိုင်တော့မှာ ဖြစ်ပါတယ်။

သက်ကြီးရွယ်အိုဘဝမှာ သင့်တင့်တဲ့ ဝင်ငွေပုံမှန်ရရှိရေး၊ နေထိုင်မှုအဆင့်အတန်းအတွက် အထောက်အပံ့ရယူခွင့်၊ စရိတ်ထောက်ပံ့မှု လိုအပ်သောသူတွေအတွက် သားသမီးနဲ့ မြေးတွေထံမှ စရိတ်ထောက်ပံ့မှုရယူနိုင်ခွင့်၊ နိုင်ငံတော်နဲ့ စေတနာရှင်တွေက ထောက်ပံ့သော စရိတ်ထောက်ပံ့ငွေ ရယူခွင့်တွေ ပါဝင်နေလို့ အလုပ်လုပ်နိုင်သော၊ လုပ်ကိုင်လိုသော ဆန္ဒရှိတဲ့ သက်ကြီးရွယ်အိုတွေအတွက် သင့်တော်တဲ့ အလုပ် ရှာဖွေပေးနိုင်တော့မှာဖြစ်ပါတယ်။ သက်ကြီးရွယ်အိုအများစုဟာလည်း အလုပ်ဆက်လုပ်လိုစိတ် ရှိကြသလို အသက်ရှည်ကျန်းမာရေး အတွက်လည်း ဖြစ်နိုင်ပါတယ်။ ၎င်းတို့ရဲ့မိသားစုဝင်တွေအပေါ် ကူညီထောက်ပံ့ မပေးနိုင်လို့ စိုးရိမ်ပူပန်မှုတွေ ဖြစ်နေတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အမှီအခိုကင်းပြီး တက်ကြွတဲ့ သက်ကြီး ရွယ်အိုတွေ ပေါ်ပေါက်လာဖို့ အားပေးမြှင့်တင်မှု၊ ရပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးမှု၊ မိသားစုအတွင်း၊ ရပ်ကွက်အတွင်းနဲ့ စီးပွားရေးဆိုင်ရာ လုပ်ငန်းတွေမှာ ဂုဏ်သိက္ခာရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်ခွင့် ရရှိမှုတို့ဟာ အသက်ကို အကြောင်းပြုပြီး ခွဲခြားဆက်ဆံမှုမျိုး မဖြစ်တော့ပါ။ ဒါ့ကြောင့် အပြုသဘောဆောင်တဲ့စိတ်၊ အပြုသဘောဆောင်တဲ့ အသိရှိဖို့ ယနေ့လူငယ်တွေကို လမ်းညွှန် သင်ကြားပေးတဲ့ အသိပညာပေးသင်တန်း နေရာအနှံ့မှာ ရှိဖို့ လိုပါမယ်။

**ပူးပေါင်းပါဝင်ကြဖို့ လို**

လူ့မျှော်မှန်းသက်တမ်းဟာ ၂၀၁၄ ခုနှစ်ကနေ ၂၀၅၀ ပြည့်နှစ်ကြားမှာ အမျိုးသားတွေအတွက် ၇၂ ဒသမ ၁ ရာခိုင်နှုန်းနဲ့ အမျိုးသမီးများအတွက် ၇၇ ဒသမ ၅ ရာခိုင်နှုန်း အထိ မြင့်တက်နိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ အထူး သတိပြုကြရမှာကတော့ သက်ကြီးရွယ်အိုငါးယောက်မှာ ငွေစုဆောင်းထားသူ တစ်ယောက်တောင် မရှိပေမယ့်၊ နှစ်ဆမှာတော့ ကြွေးတွေ ရှိနေတတ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း အသက် ၉၀ နဲ့အထက် သက်ကြီးရွယ်အိုတွေကို လူမှုရေးပင်စင်သဘောမျိုး ပေးနေပေမယ့်၊ ၉၀ အထိ နေဖို့ဆိုတာ ရာခိုင်နှုန်းအားဖြင့် အတော်နည်းပါတယ်။ ဒါကြောင့် အသက်ကိုလျှော့ချဖို့ ဆောင်ရွက်နေတာ သိရပါတယ်။

တစ်ဖန် ဆေးဝါးကုသမှုအတွက် အခမဲ့သော်လည်းကောင်း၊ သက်သာတဲ့နှုန်းနဲ့ သော်လည်းကောင်း ခံယူနိုင်ဖို့ သတ်မှတ်ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ဒါတွေကို လုပ်နိုင်ဖို့ဆိုတဲ့ နေရာမှာ အစိုးရကပဲ တာဝန်ယူလုပ်တာထက် တတ်နိုင်သူတွေ အားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုပါတယ်။ ဘဝပေးကုသိုလ်ကံကြောင့် မိမိရဲ့ ပထမမိသားစုတွင်းမှာ မရှိရင်တောင် ကျန်ဘိုးဘွားတွေကို ဒုတိယမိသားစုလို့ သဘောထားပြီး ကူညီထောက်ပံ့ကြပါလို့ တိုက်တွန်း နှိုးဆော်ချင်ပါတယ်။ ကိုယ့်အကြောင်းကို စိတ်ဝင်စားနေကြတဲ့ သူတွေကြားမှာ သူများအကြောင်းကို စိတ်လိုလက်ရ နားထောင်ပေးပြီး အကောင်အထည်ဖော်ပေးနိုင်သူဟာ ပရဟိတစိတ်ဓာတ်ရှိသူ ဖြစ်ပါတယ်။ စိတ်ဆင်းရဲစေတဲ့ တွေးနည်းမျိုး မတွေးမိဖို့ တတ်အားသရွေ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**အပြုသဘောဆောင်တဲ့ လူမှုဆက်ဆံရေး**

သက်ကြီးရွယ်အိုတွေကို ထိခိုက်လွယ်သူတွေလို့ အထင်နဲ့ ဆက်ဆံကြမယ်ဆိုရင် ၎င်းတို့အတွက် အလားအလာရှိတဲ့ ကူညီထောက်ပံ့မှုနဲ့ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းတွေ လွဲချော်သွားနိုင်ပါတယ်။ ဒါကြောင့် လူမှုအဖွဲ့အစည်းတွေမှာ တတ်အားသရွေ့ပါဝင်လှုပ်ရှားခွင့်ရမှ စိတ်ဓာတ်ကျမှုကို လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။ အထီးကျန်မှုနဲ့ သီးခြားနေထိုင်ရမှုဟာ ၎င်းတို့အတွက် ကျန်းမာရေးထိခိုက်မှုကို ဖြစ်စေပါတယ်။ အားငယ်ဝမ်းနည်းပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းသွားရင် မိမိပတ်ဝန်းကျင်မှာ ရှိတဲ့ သူတွေအပေါ်မှာလည်း ယုံကြည်မှုနည်းသွားတတ်ပါတယ်။ ကိုယ့်ဘဝကိုလည်း အဓိပ္ပာယ်မရှိတော့ဘူးလို့ ခံစားလာရပါတယ်။ စိတ်ဓာတ်ကျတယ်ဆိုတာဟာ ခံရအခက်ဆုံး စိတ်ဒုက္ခတစ်မျိုးပါ။ ကြာတော့လည်း ကိုယ့်ကိုယ်ကိုယ် သူများနဲ့ ယှဉ်ပြီး အမြဲတမ်းစဉ်းစားတတ်တဲ့ အကျင့်မျိုး ဖြစ်လာတတ်ပါတယ်။

ဒါကြောင့် သက်ကြီးရွယ်အိုတွေကို လေးလေးစားစား ဆက်ဆံတာဟာ အပြုသဘောဆောင်တဲ့ လူမှုဆက်ဆံရေး ဖြစ်ပါတယ်။ သက်ကြီးသူတွေအချင်းချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ (Older People Self Help Group) OPSHGS ဟာလည်း အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်တွေရဲ့အဓိက လုပ်ငန်း တစ်ခုပဲဖြစ်သလို “ပုန်းခိုနေတတ်တဲ့ မျက်ရည်စများ” ကို တွေ့တိုင်း ကြင်နာမှုအပြည့်နဲ့ နှစ်သိမ့်ပေးနိုင်ကြပါစေ။ ။

# လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း ၂၀၁၈ - ၂၀၂၂ တွင် NDI အနေဖြင့် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) ဥက္ကဋ္ဌဦးတီခွန်မြတ်သည် National Democratic Institute (NDI)Myanmar ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Peter M.Manikas နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**ပိုမိုပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် NDIအနေဖြင့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် အရှိန်အဟုန်မြှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေး၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း ၂၀၁၈ - ၂၀၂၂ တွင်လည်း NDI အနေဖြင့် ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) ဥက္ကဋ္ဌဦးတီခွန်မြတ် National Democratic Institute (NDI)Myanmar ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Peter M.Manikas နှင့် အဖွဲ့အား တွေ့ဆုံစဉ်။

# မြစ်ကြီးနားမြို့၌ လီဆူစာပေ နှစ်(၁၀၀)ပြည့် ဂျူဗလီပွဲတော် ကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၅**

လီဆူတိုင်းရင်းသားလူမျိုးတို့၏ စာပေကို ၁၉၁၇ ခုနှစ်မှ စတင်တီထွင် အသုံးပြုခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ၊ ပွဲဖြစ်မြောက်ရေးကော်မတီက ကြီးမှူးကျင်းပသည့် လီဆူစာပေ နှစ်(၁၀၀)ပြည့် ဂျူဗလီပွဲတော်ကို မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် လီဆူ စာပေနှင့် ယဉ်ကျေးမှုဗဟိုကွင်း၌ ကျင်းပသည်။ **(ယာပုံ)**



ပွဲတော်၌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် လီဆူ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးအားတီယောဟန်က အမှာစကား ဆက်လက်ပြောကြားကာ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား အလှူငွေကျပ် သိန်း ၅၀ နှင့် လီဆူစာအုပ်စာပေများကို နှစ်(၁၀၀)ပွဲ ဖြစ်မြောက်ရေး ကော်မတီထံပေးအပ်သည်။

ဆက်လက်၍ လီဆူစာပေနှစ် (၁၀၀)ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်တိုင်ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေ၊ ပြည်နယ်လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရှမ်းပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာ၊ ဗဟိုလီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးအောင်သိန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးယောနနှင့် ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က မော်ကွန်းကျောက်တိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် လီဆူရိုးရာကွင်းအတွင်း၌ လီဆူတိုင်းရင်းသားတို့၏ ရိုးရာကွာချဲအကကို တပျော်တပါး စုပေါင်းကကြသည်။

ယနေ့ကျင်းပသည့် လီဆူစာပေ နှစ်(၁၀၀)ပြည့် ပွဲတော်တွင် လီဆူစာပေဟောပြောပွဲများ၊ ချီးမွမ်းကိုးကွယ်ခြင်းများ၊ လီဆူရိုးရာအမွေအနှစ်ဖြစ်သည့် ဒူးလေးပစ်ပြိုင်ပွဲ၊ လီဆူရိုးရာကွာချဲအက ပြိုင်ပွဲများနှင့် ပိုက်ကျော်ခြင်း၊ ကျား၊ မ ဘော်လီဘော၊ ဖူဆယ် စသည့် အားကစားပြိုင်ပွဲများအပြင် လီဆူ တိုင်းရင်းသားတို့၏ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ ပြခန်းအပါအဝင် ဈေးဆိုင်ခန်းများကို ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လီဆူစာပေကို ၁၉၁၃ ခုနှစ်တွင် အင်္ဂလိပ်အက္ခရာနှင့် အင်္ဂလိပ်သဒ္ဒါကို အခြေခံ၍ (Q)အက္ခရာမှအပ ကျန် အင်္ဂလိပ်အက္ခရာများအပြင် အင်္ဂလိပ်စာ၌ မရှိသော လီဆူ အသံထွက်များကို ရေးနိုင်ရန် အင်္ဂလိပ်အက္ခရာပြောင်းပြန် ၁၅ လုံးကို ထည့်သွင်းအသုံးပြု၍ တီထွင်ခဲ့ပြီး ၁၉၁၇ ခုနှစ်တွင် စာပေသင်ခန်းစာကို လက်ရေးမူဖြင့် ထုတ်ဝေကာ စတင်သင်ကြားပေးခဲ့နိုင်သည့်အပြင် လီဆူစာပေဖြစ်ကြောင်းကို နိုင်ငံတကာ စာပေခွင့်ပြုချက်အမှတ် Reg; No. GBC. PO421, Secr9(g) ဖြင့် ၁၉၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် အသိအမှတ်ပြု ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။ ၁၉၁၇ ခုနှစ်မှစတင်ကာ လီဆူ စာပေအက္ခရာကို စတင်ထိန်းသိမ်းသုံးစွဲလာနိုင်ခဲ့ရာမှ ယနေ့တွင် လီဆူစာပေ နှစ်ပေါင်း(၁၀၀)ပြည့်ပြီဖြစ်သောကြောင့် ယခုပွဲတော်ကို တရုတ်၊ ထိုင်း၊ အမေရိကန်နှင့် အခြား ဥရောပနိုင်ငံများမှ လီဆူတိုင်းရင်းသားများ စုစည်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ရွှေသောင်ယံမြို့အား ချောင်းသာ-ပုသိမ်တို့နှင့် ဆက်သွယ်ပေးမည့် ရွှေသောင်ယံတံတား(မကျီးချောင်း) တည်ဆောက်လျက်ရှိ

**ပုသိမ် ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပင်လယ်ကမ်းခြေတွင် မကျီးချောင်းခြားပြီး ချောင်းသာ၊ ငွေဆောင်၊ ပုသိမ်သို့ သွားရန် ကုန်းလမ်း(ကားလမ်း)မရှိဖြစ်နေသော ရွှေသောင်ယံမြို့အား ချောင်းသာနှင့် ကားလမ်းဆက်သွယ်ပေးမည့် ရွှေသောင်ယံ တံတား(မကျီးချောင်း)အား ယခုအခါ တံတားအထူးအဖွဲ့(၁၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။ **(အပေါ်ပုံ)**

တံတားအရှည်မှာ ၈၂၆ ပေ ၉ လက်မ၊ တံတားအကျယ်ပေ ၃၀ ၆ လက်မ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ သုံးလက်မ ပါရှိသော သံကူကွန်ကရစ်ဘိုးပိုင်အမျိုးအစား တံတားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ကားတစ်စီးချင်း တန် ၆၀ ဖြစ်သည်။

အဆိုပါ တံတားကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရန်ပုံငွေကျပ် ၂ ဒသမ ၃ ဘီလီယံ အကုန်အကျခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနက ကြီးကြပ်၍ တံတားအထူးအဖွဲ့ ၁၅ က ယခုနှစ် မိုးမကျခင် အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

အဆိုပါ တံတားပြီးသွားလျှင် ရွှေသောင်ယံဒေသမှ ပြည်သူများ ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော် ပုသိမ်မှတစ်ဆင့် ကားနှင့် မြန်မာပြည်အရပ်ရပ်သို့ သွားနိုင်တော့မည်ဖြစ်သလို ရွှေသောင်ယံမှ တစ်ဆင့် ရခိုင်ပြည်နယ် ဂွမြို့အထိ ခရီးဆက်နိုင်တော့မည်ဟု သိရသည်။

**ခရမ်း-စိုးမြင့်**

# လူငယ်များ စာပေစွမ်းရည်တိုးတက်စေရန် ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို ဒုတိယအကြိမ် စာအုပ်ဈေးရောင်းပွဲတော် ခင်းကျင်းပြသ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို (၉၇)နှစ်မြောက်အဖြစ် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို အများပြည်သူနှင့် ကျောင်းသားလူငယ်များ လေ့လာဖတ်ရှုဝယ်ယူနိုင်ရန် ဒီဇင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရှေ့နှင့် အဓိပတိလမ်းတစ်လျှောက် ဝန်းကျင်တွင် ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။ **(ယာပုံ)**

"ဒီရန်ကုန်တက္ကသိုလ် ရာပြည့်အကြို စာအုပ်ဈေးရောင်းပွဲတော်ကို ဒုတိယအကြိမ် ပြုလုပ်ခြင်းဖြစ်ပါတယ်၊ ဒီပွဲမှာ ရှေးဟောင်း ရှားပါးစာအုပ်တွေနဲ့ သုတ၊ ရသ စာအုပ်စာပေတွေကို ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူနိုင်မှာပါ၊ နောက်ပြီးတော့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်က ဘယ်လိုဝန်ဆောင်မှုတွေ ပေးနေသလဲ၊ ဘယ်လိုဆောင်ရွက်မှုတွေ ပေးနေသလဲ၊ ဘယ်လိုလူတန်းစာတွေ ဖတ်ရှုလေ့လာနိုင်သလဲဆိုတာကို သိစေချင်ပါတယ်၊ နောက်တစ်ခုက စာပေကို ဒီ့ထက်ပိုပြီးတော့ စာပေရဲ့စွမ်းရည်ကို ပိုတက်အောင်လုပ်နေတဲ့အချိန်မှာ စာအုပ်ပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်ကို ပြုလုပ်ပေးခြင်းအားဖြင့် စာအုပ်စာတမ်းတွေကို ပို၍ လေ့လာနိုင်မယ်ထင်တဲ့အတွက် ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်မှူး ဒေါက်တာလှိုင်လှိုင်ကြီးက ပြောသည်။

အဆိုပါ ရန်ကုန်တက္ကသိုလ် တည်ထောင်ခြင်း ရာပြည့်အကြို (၉၇) နှစ်မြောက်အဖြစ် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှိ ရှေးဟောင်း ရှားပါး စာအုပ်စာတမ်းများ၊ ခေတ်မီစာအုပ်များနှင့် အခြားသော သိမှတ်ဖွယ်ရာစာပေများကို တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများကလည်း လွမ်းမောနေသည့် ရန်ကုန်တက္ကသိုလ်ဝန်းကျင်ကို လာရောက်လေ့လာလည်ပတ်ရင်း ဖတ်ရှုခဲ့ကြပြီး စာအုပ်ဆိုင်ခန်းပေါင်း ၁၇၀ မှလည်း သုတ၊ ရသ စာပေများကို တစ်အုပ်လျှင် ငွေကျပ် ၅၀၀၊ ၁၀၀၀၊ ၂၀၀၀ အစရှိသော ဈေးနှုန်းများဖြင့် တစ်နေရာတည်းတွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-ထွန်းအောင်ရှိန်**
**ဓာတ်ပုံ-စစ်မှူး**



ကျောဖုံးမှ

အက်ဆေးခေါ် ရသစာတမ်း၏ အနေအထား"ခေါင်းစဉ်ကို စာရေးဆရာ ကြည်နိုင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မောင်ရင့်မာ(ကျောင်းကုန်း)၊ မောင်ခိုင်လတ်၊ မင်းချမ်းမွန်၊ မြေလတ်မောင်မြင့်သူ တို့ကလည်းကောင်း၊ Pen Myanmar က "တိုင်းရင်းသား စာပေ၏ အခန်းကဏ္ဍ"ခေါင်းစဉ်ကို စာရေးဆရာမ မိချမ်းဝေက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာမ ခင်မမမျိုး၊ အဖြူရောင်(ရွှေ)၊ မိုးပန်းမွန်(ရာမည)တို့ကလည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

**ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေး**

ထို့နောက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ စာရေးဆရာ သမဂ္ဂက "မျက်မှောက်ခေတ် မြန်မာ့ဝတ္ထုရှည်အခြေအနေ" ခေါင်းစဉ်ကို စာရေးဆရာမ မြနှောင်းညိုက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာမ ခင်မြဇင်၊ ချောအိမာန်(မန္တလေး)၊ ထက်နိုင် (တလုတ်မြို့)၊ သတိုးတို့ကလည်းကောင်း၊ အထက်မြန်မာနိုင်ငံ ပါစကယ်ခူးသွယ်၊ မြေမှုန်လွင်တို့ကလည်းကောင်း၊ သီးခြားအစုအဖွဲ့(ပြည်)က "ကျဆင်းလာသော ရသစာပေခရီး" ခေါင်းစဉ်ကို ဆရာဇော်လွင်ဦးက ဦးဆောင်ဆွေးနွေးပြီး ဆရာ အောင်ဆန်းမင်း၊ မြင့်ဆွေ၊ ဇော်ဝင်း၊ ညွှန့်ဆွေတို့ကလည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

**ပြန်လည်ဆွေးနွေးဖြေကြား**

ဆက်လက်၍ Pen Myanmar က "ကဗျာဆိုင်ရာဆန်းသစ် တီထွင်နိုင်မှုအပေါ် လွတ်လပ်ခွင့်နှင့် ရေရှည်ရပ်တည်နိုင်မှု"ခေါင်းစဉ်ကို ကဗျာဆရာ မောနွေက ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ မောင်ဆောင်းခ၊ မောင်ဖြိုးဝေတို့ကလည်းကောင်း၊ မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်းက "ဂန္ထဝင် စာပေ၊ ဂန္ထဝင် ကဗျာများ ထိန်းသိမ်းစောင့်ရှောက်ရေး" ခေါင်းစဉ်ကို စာရေးဆရာ ဂုဏ်ထူးဦးသိန်းနိုင်က ဦးဆောင်ဆွေးနွေးပြီး ဆရာ ဦးအေးချို(မဟာဝိဇ္ဇာ)၊ သူရဇော်၊ ချိုမြနွယ်၊ ဦးမျိုးသန့် (မောင်ဖုန်းပြည့် - တက္ကသိုလ်) တို့ကလည်းကောင်း၊ သီးခြားနှင်းဝေငြိမ်းက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မာန်(တောင်လုံးပြန်)၊ ကိုရိုးကွန့်တို့ကလည်းကောင်းခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

အလားတူ ညီလာခံပထမနေ့မှ တတိယနေ့အထိ စာပေနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးခဲ့မှုများအပေါ် Pen Myanmar မှ စာရေးဆရာမ မသီတာ(စမ်းချောင်း)က " ဒီညီလာခံမှာ ဦးဆောင်ဆွေးနွေးသူအဖြစ်နဲ့ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်၊ ကျွန်မပါဝင်ခဲ့တဲ့ ကဏ္ဍနဲ့ ပတ်သက်ပြီး ဝင်ရောက်ဆွေးနွေးတဲ့ ဆရာကျော်ဝင်းနဲ့ ကိုတာ တို့ရဲ့ဆွေးနွေးမှုတွေကို အပြည့်အဝအားရကျေနပ်မှုရှိပါတယ်၊ ညီလာခံမှာ အများစု ခြုံငုံကြည့်မယ်ဆိုရင် စီစဉ်သူတွေဘက်ကလည်း ၅၅ နှစ်မှာ တစ်ခါကျင်းပတာ ဖြစ်တဲ့အတွက်ကြောင့် တချို့ချွတ်ယွင်းချက်လေးတွေတော့ တွေ့ရမရောက်ဘူး။ အချိန်ကာလအများကြီးကြာမှ ပြန်လုပ်တဲ့ ညီလာခံဖြစ်တဲ့အတွက် ရင့်ကျက်မှုနည်းနေပါသေးတယ်၊ ဒီလိုညီလာခံကို ရင့်ရင့်ကျက်ကျက်နဲ့ ကောင်းမွန်တဲ့ ညီလာခံဖြစ်ဖို့ဆိုရင် နောင်နှစ်တွေမှာ ဆက်လက်လုပ်ဆောင်ဖို့လိုပါတယ်"ဟု ပြောသည်။



စာပေညီလာခံ ၂၀၁၇ တွင် မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂက 'ယနေ့ စာပေလောကတွင် အက်ဆေးခေါ်ရသစာတမ်း၏ အနေအထား' ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

ရောက်ကြသည်။

**အတည်ပြုချက်ရယူ**

စတုတ္ထနေ့တွင် ဆွေးနွေးမှုရလဒ်များကို ညီလာခံသို့ တင်သွင်းပြီး အတည်ပြုချက်ရယူကာ ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်သွင်းသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့သွားမည်ဖြစ်သည်။

ညီလာခံနှင့်ပတ်သက်၍ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ကဗျာဆရာ မောင်သွေးသစ်က "သုံးရက်အတွင်း ဆွေးနွေးခဲ့တဲ့အထဲမှာ ဆွေးနွေးတဲ့ အကြောင်းအရာတွေ တူတာမျိုးရှိတယ်၊ ဆွေးနွေးချက်တွေကို နေ့စဉ် ကျွန်တော်တို့ ကော်မတီအဖွဲ့ကနေ ပြန်ပြီးသုံးသပ်ပါတယ်၊ အဲဒီအခါမှာ ဆွေးနွေးချက်တွေအပေါ် အကြောင်းအရာ တူတာတွေကို ပေါင်းလိုက်ပါတယ်၊ နောက်ဆုံးနေ့(မနက်ဖြန်)မှာတော့ ညီလာခံကနေ အများ သဘောတူဆုံးဖြတ်ချက်တွေ အားလုံးကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြေညာချက်တွေ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်၊ ညီလာခံကိုတင်သွင်းမယ့် အဆိုပြုချက်ကတော့ ၃၀ အောက်မှာရှိပါတယ်၊ စာပေညီလာခံ ၂၀၁၇ သည် မနက်ဖြန်မှာ အထွတ်အထိပ်ဖြစ်ပါတယ်"ဟု ပြောသည်။

**စာပေညီလာခံ ၂၀၁၇ ကျင်းပသည့် စတုတ္ထနေ့(နောက်ဆုံးနေ့)တွင်** စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေ ကဏ္ဍဆိုင်ရာ သဘောသဘာဝများ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေအကြောင်းအရာအပြောင်းအလဲနှင့် သက်ဆိုင်သည့် အဆိုပြုချက်များ စသည်တို့ အပါအဝင် အဆိုပြုချက်ပုံစံအမျိုးမျိုး ထွက်ပေါ်လာနိုင်မည်ဖြစ်သဖြင့် စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး တက်ရောက်ပါဝင်ရန် အဆိုပါညီလာခံကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။



စာပေညီလာခံ ၂၀၁၇ တွင် သီးခြားအစုအဖွဲ့က 'ခေတ်ပေါ်ကဗျာ ယဉ်ကျေးမှု' ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။



စာပေညီလာခံ ၂၀၁၇ တွင် Pen Myanmar က 'တိုင်းရင်းသားစာပေ၏ အခန်းကဏ္ဍ' ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

စာရေးဆရာအသင်းက "ယနေ့ကဗျာဆိုင်ရာဆွေးနွေးချက်"ခေါင်းစဉ်ကို ကဗျာဆရာ စံညိမ်းဦးက ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ မော်မင်းသန်း၊ ညီ(ပခုက္ကူ)၊ လင်းသက်ငြိမ်တို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့က "စာပေနှင့်ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ကာတွန်း"ခေါင်းစဉ်ကို အောင်စိုးဦးက ဦးဆောင်ဆွေးနွေးပြီး မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ဓီရာမိုရ်၊ ကာတွန်း အောင်အောင်၊ ငြိမ်းမင်းတို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့က "ခေတ်အဆက်ဆက် မြန်မာစာပေနှင့် လူငယ်များ"ခေါင်းစဉ်ကို ဆရာမ မေကျော့ရှင်းက ဦးဆောင်ဆွေးနွေးပြီး ဆရာမ ခင်သူသူဝင်း၊ အောင်သျှိုင်း၊ ခိုင်ချစ်အောင်တို့ကလည်းကောင်း၊ Pen Myanmar က "နိုင်ငံတကာ စာပေ အသိုင်းအဝိုင်းဆီသို့" ခေါင်းစဉ်ကို စာရေးဆရာမ မသီတာ(စမ်းချောင်း)က ဦးဆောင်ဆွေးနွေးပြီး ဆရာ ဝင်းငြိမ်း၊ အစုအဖွဲ့(ပြည်)က "စာရေးဆရာများ၏ အနာဂတ်ခရီး"ခေါင်းစဉ်ကို ဆရာ ဦးစိုးမြင့်က ဦးဆောင်ဆွေးနွေးပြီး ဆရာ မျိုးဝင်း၊ အောင်စိုး၊ တင့်လွင်၊ မောင်မြင့်တို့ကလည်းကောင်း၊ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းက "ကဗျာဆရာဘဝ အထွေထွေ ခံစားပိုင်ခွင့်ကာကွယ်စောင့်ရှောက်ခွင့်နှင့်တာဝန်"ခေါင်းစဉ်ကို ဆရာ မောင်နီဦးက ဦးဆောင်ဆွေးနွေးပြီး ဆရာ ဥက္ကာကျော်၊ မောင်နေသစ်(ရေဦး)၊ မောင်သန်းစိုး(ချောက်) တို့ကလည်းကောင်း၊ မြန်မာဘာသာပြန်ကွန်ရက်က "How to build a bridge between languages" ခေါင်းစဉ်ကို ပြည်ပ စာပေပညာရှင်များဖြစ်ကြသည့် Dan Feng က ဦးဆောင်ဆွေးနွေးပြီး Kate Griffin၊ Nasir Tamara ၊ မိုးသက်ဟန် တို့ကလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာကလပ်က "စာရေးဆရာနှင့် စာပေသြဇာ" ခေါင်းစဉ်ကို စာရေးဆရာမ တယ်၊ စပီကာတွေဘက်ကလည်း စကားဝိုင်းဆွေးနွေးမှုကို နားလည်မှုတော်တော်နည်းနေသေးတယ်၊ အစဉ်အလာမရှိတဲ့ အခါကျတော့ ဟောပြောပွဲဆန်ဆန်ဖြစ်သွားတာမျိုးတွေ တွေ့ရတယ်၊ ဒီညီလာခံကြီးရဲ့ တကယ့်အချက်အလက်ကတော့ အဆိုပြုချက်တွေထွက်လာအောင် ပြောရမှာဖြစ်တယ်၊ သို့သော် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမှုမျိုးတွေဖြစ်သွားတယ်၊ တိတိကျကျ အဆိုပြုချက်မျိုးတွေ ထွက်လာအောင် ဆွေးနွေးတာမျိုး အားနည်းနေတာ တွေ့ရတယ်"ဟု ၎င်း၏ အမြင်ကို ပြောသည်။

**ဆက်လက်လုပ်ဆောင်ဖို့လို**

ဆက်လက်၍ ၎င်းက "နောက်တစ်ခုက ပါဝင်ဆွေးနွေးသူတချို့တွေကြတော့ အဖွဲ့အစည်းတို့၊ နောက်ခံတို့နဲ့ ဒီအပေါ်မှာလာပြီး ဆွေးနွေးကြတာကိုလည်း သတိထားမိတယ်၊ အဲဒီအခါမှာစာပေကိစ္စ သက်သက်မဟုတ်တော့ဘဲနဲ့ လိုရင်းကို

**ရလဒ်ကောင်းများ**

အကြောင်းအရာ တစ်ခုအပေါ် တစ်ဦးချင်းစီ၏ မတူညီသော ရှုထောင့်၊ အသိအမြင်၊ အတွေး၊ ဆင်ခြင်သုံးသပ်ခြင်းများဖြင့် ဆွေးနွေးရာမှ ပိုမိုပြည့်စုံသော အကြောင်းအရာ၊ စိတ်ကူးစိတ်သန်း ရလဒ်ကောင်းများရရှိလာစေရန် ရည်ရွယ်၍ အဆိုပါဆွေးနွေးမှုစကားဝိုင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စာပေညီလာခံကို ဒီဇင်ဘာ ၁၃ ရက်မှစ၍ ဒီဇင်ဘာ ၁၆ ရက်အထိ လေးရက်ကြာ ကျင်းပလျက်ရှိပြီး ပထမနေ့မှ တတိယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာပေပညာရှင်များနှင့် စာရေးဆရာ၊ ဆရာမ ၂၀၀ ကျော်တို့က သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးမှုများပြုလုပ်ကြရာ စာရေးဆရာ၊ ဆရာမများ၊ စာပေနယ်ပယ်အသိုင်းအဝိုင်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်

စာပေညီလာခံ ၂၀၁၇ ကို မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ၊ Pen Myanmar၊ မြန်မာနိုင်ငံစာပေ ထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံစာရေးဆရာ ကလပ်၊ မြန်မာနိုင်ငံကာတွန်းဆရာအသင်း၊ မြန်မာဘာသာပြန်ကွန်ရက်တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-လှမိုး**

---

ကျောဖုံးမှ

ပို့ကုန်၊ သွင်းကုန်ကဏ္ဍတွေမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရလာမှာပါ၊ ကောက်ပဲသီးနှံကအစ ကုန်ချောက်တွေ ကုန်သွယ်မှုပြုနိုင်ဖို့အတွက် ဂိုဒေါင်တွေ တည်ဆောက်သွားမှာပါ၊ နောက်ပိုင်း ဓာတ်မြေသြဇာ၊ ဘိလပ်မြေကအစ ကုန်သွယ်မှုပြုနိုင်အောင်ထိ တိုးချဲ့တည်းဆောက်ပေးသွားမှာဖြစ်ပါတယ်"ဟု ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါ ဆိပ်ကမ်းနေရာ၌ကျင်းပသော ပန္နက်တင် အုတ်မြစ်ချ အခမ်းအနားတွင် Capital Diamond Star Group မှ Chief Operating Officer Mr. Shuichi Sato က ပြောသည်။

ယခု အကောင်အထည်ဖော်တည်ဆောက်သော အပြည်ပြည်ဆိုင်ရာ သင်္ဘောဆိပ်ခံတံတားကြီးကို မြန်မာကုမ္ပဏီဖြစ်သော LLuvia နှင့် ဂျပန်နိုင်ငံ Kamigumi တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး LLuvia မှ ၇၅ ရာခိုင်နှုန်းနှင့် ဂျပန်ကုမ္ပဏီမှ ၂၅ ရာခိုင်နှုန်း အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။ ရင်းနှီး မြှုပ်နှံမှုအပိုင်းအနေဖြင့် အမေရိကန် ဒေါ်လာ သန်း ၇၀ လျာထားပြီး ယင်းဆိပ်ခံတံတားကြီးကို တန် ၃၀၀၀၀ တင်ပို့ကုန်သွယ်မှုပြုနိုင်ရန်အထိ ရည်ရွယ်ထားကြောင်းနှင့် ယခုအခါ မြေပြင်ပြုပြင်မှုလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ ဆိပ်ခံတံတားလုပ်ငန်းခွင့် တည်ဆောက်မှု ကာလအနေဖြင့် နှစ်နှစ်လျာထားပြီး လာမည့် ၂၀၁၉ ခုနှစ် ဧပြီတွင် အဆိုပါဆိပ်ခံတံတားကြီးကို စတင်အသုံးပြုနိုင်ရန် ရည်ရွယ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်္ဘောဆိပ်ခံ တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းအင်ဂျင်နီယာဦးဖြိုးအောင်က "အခုတည်ဆောက်မယ့် သင်္ဘောဆိပ်ခံတံတားက ဂျုံ၊ စပါး၊ မြေပဲစတဲ့ ကောက်ပဲသီးနှံနဲ့ ဓာတ်မြေသြဇာကအစ ပို့ကုန်၊ သွင်းကုန် အသုံးချနိုင်ဖို့အထိ ရည်ရွယ်တာပါ၊ ပြောရရင် အစောပိုင်းမှာတော့ အဓိကကောက်ပဲသီးနှံကိုပဲ ဒီဆိပ်ကမ်းကကုန်သွယ်မှုပြုဖို့ ရည်ရွယ်ထားပါတယ်၊ နောက်ပိုင်းတော့ ဈေးကွက်လိုလားမှုအရ ကျန်တဲ့ကုန်စည်တွေလည်း ကုန်သွယ်မှုပြုလာနိုင်ပါတယ်။ အဲဒီကြရင် အဆောက်အအုံ၊ ဂိုဒေါင်တွေကအစ ထပ်မံတိုးချဲ့ရမှာပါ၊ ဒီသင်္ဘောဆိပ်ခံတံတားက သီလဝါဆိပ်ကမ်းမှာ ကောက်ပဲသီးနှံအနေနဲ့ရော၊ အထွေထွေကုန်စည်ပိုင်းအနေနဲ့ပါ နောက်ပိုင်း အသုံးပြုပိုများလာမှာဖြစ်လို့ နိုင်ငံအတွက် ပြည်တွင်း၊ ပြည်ပ ကုန်စည်စီးဆင်းမှု ပိုမိုအထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်မြို့တစ်ဖက်ကမ်း သီလဝါအထူးစီးပွားရေးဇုန်တွင် ဆိပ်ကမ်းအနေဖြင့် အကွက်ပေါင်း ၃၇ ကွက်ရှိရာမှ ယခုတည်ဆောက်မည့် အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားသည် အကွက်အမှတ် ၃၀ နှင့် ၃၁ ပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး ဧကအားဖြင့် ၁၃ ဧက ကျယ်ဝန်းမည်ဖြစ်သည်။ လက်ရှိသီလဝါဆိပ်ကမ်းရှိ ဆိပ်ခံတံတားများအနေဖြင့် ကုန်သေတ္တာနှင့်အထွေထွေကုန်ပစ္စည်းများ တင်ပို့ မှုပြုလျက်ရှိသော ဆိပ်ခံတံတားမှာ ခြောက်စင်း၊ စက်သုံးဆီ တင်၊ ပို့အသုံးပြုသောဆိပ်ခံတံတားမှာ လေးစင်း စုစုပေါင်းဆိပ်ခံတံတား ၁၀ စင်းရှိပြီး ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အပြည်ပြည်ဆိုင်ရာသင်္ဘောစင်းရေ ၇၇၀ ကျော်အထိ ဝင်၊ ထွက်ကုန်သွယ်မှုပြုခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ အီလက်ထရွန်နစ်အားကစားအဖွဲ့ချုပ်နှင့် Yangon HOG E-Sport Center ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံတွင် ပထမဆုံးဖွဲ့စည်းသည့် မြန်မာအီလက်ထရွန်နစ် အားကစားအဖွဲ့ချုပ် (MYANMAR E-SPORT FEDERATION) နှင့် Yangon HOG E-Sport Center ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မာလာမြိုင်ရိပ်သာလမ်းရှိ အမှတ် (၅၃၀/စီ)၌ ကျင်းပသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦး၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်သူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအသင်းချုပ် ဥက္ကဋ္ဌ ဦးမြဟန်နှင့် တိုင်းဒေသကြီး ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် နိုင်ငံခြားမှ E-Sport ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**အဂတိကင်းရှင်းမှု ဖြစ်ပေါ်စေ**

အခမ်းအနားတွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်သူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားရာတွင် ယနေ့ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများမှာ E(အီလက်ထရွန်နစ်)ကို အခြေခံသည့် E.Cabinet, E.Trade, E.Comerce, E.Libary, E.Business, E. Data Center, E.Payment, Mobile Phone စသည်ဖြင့် လုပ်ငန်းပေါင်းစုံတွင် ဆောင်ရွက်လာကြပြီး ဤသို့ ဆောင်ရွက်ခြင်းဖြင့် Good Governance, Clean Government (ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ)နှင့် Transparency Government (ပွင့်လင်းမြင်သာတဲ့အစိုးရ)စနစ်များကို ဖြစ်ပေါ်စေပြီး အဂတိကင်းရှင်းမှုကို များစွာဖြစ်ပေါ်စေပါကြောင်း၊

ယနေ့တွင်လည်း E-Sport အီလက်ထရွန်နစ် အားကစားလုပ်ငန်းကို ဆေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ အမေရိကတက္ကသိုလ် တက်ရောက်နေသည့် မြန်မာလူငယ်များ ဦးဆောင်ပြီး မြန်မာနိုင်ငံ၌ ပထမဆုံးစွန့်ဦးဖွဲ့စည်းသည့် Myanmar E-Sport Federation နှင့် လူငယ်များ E-Sport လေ့ကျင့်ပြိုင်ပွဲပြုလုပ်မည့် ယခု Yangon HOG E-Sport Center ကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၌ ပထမဆုံးဖြစ်ပြီး အရှေ့တောင်အာရှ၊ ကိုရီးယား၊ စင်ကာပူတို့နှင့် အဆင့်မီဖြစ်ပါကြောင်း၊ လူငယ်များကိုယ်တိုင် ၎င်းနိုင်ငံများသို့ သွားရောက်လေ့ကျင့်ကစားပြီး ဒီဇိုင်းရေးဆွဲ ဆောက်လုပ်ထားခြင်း ဖြစ်ပါကြောင်း။

အာဆီယံတွင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာ E-Sport အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများ ဖြစ်ပါကြောင်း၊ ဥရောပ ၁၈ နိုင်ငံ၊ အာရှ ၁၈ နိုင်ငံ၊ အာဖရိက လေးနိုင်ငံ၊ အမေရိက သုံးနိုင်ငံ၊ သမုဒ္ဒရာကျွန်းစုနှစ်နိုင်ငံ စုစုပေါင်း ၄၅ နိုင်ငံနှင့် ဖွဲ့စည်းထားပြီး အဖွဲ့ဝင်နိုင်ငံများ တိုးတက်ပါဝင်လျက်ရှိပါကြောင်း၊ ယခု Myanmar E-Sport Federation သည်လည်း ကမ္ဘာ့အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်လျှောက်ထားပြီး ဖြစ်ပါကြောင်း၊ သို့မှသာ ၂၀၂၀ တိုကျိုအိုလံပစ်တွင် မြန်မာကိုယ်စားပြု ဝင်ပြိုင်နိုင်မည် ဖြစ်ပါကြောင်း၊ Myanmar E-Sport Federation ၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင် E-Sport အားကစားနည်းပညာကို ဥပဒေနှင့်အညီ မြှင့်တင်ရန်နှင့် ၂၀၂၀ တိုကျိုအိုလံပစ်အပါအဝင် ကမ္ဘာ့နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများစွာတွင် ကမ္ဘာ့အဆင့်မီ E-Sport ကစားသည့် (E-Sport Professional Club)များစွာကို ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ အားကစား၊ ကျန်းမာရေး၊ အသိဉာဏ်ကို အခြေခံထားပြီး နိုင်ငံတိုးတက်မှုကို ဖြစ်ပေါ်စေပါကြောင်း၊ မလေးရှားနှင့် တရုတ်တွင် E-Sport တက္ကသိုလ်များ ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း Yangon HOG E-Sport Center ကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးနှင့် တက်ရောက်လာသူများက အမှာစကား ပြောကြားကြသည်။

**ကမ္ဘာ့အဆင့်မီ**

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အားကစားအဖွဲ့ချုပ်သည် မြန်မာနိုင်ငံတွင် ပထမဆုံးစတင်ဖွဲ့စည်းသည့် အဖွဲ့ချုပ်ဖြစ်ပြီး Yangon HOG E-Sport Centerသည် မြန်မာနိုင်ငံ၏ ကမ္ဘာ့အဆင့်မီ သတ်မှတ်ချက်ရရှိသည့် တစ်ခုတည်းသော E-Sport Center ဖြစ်သည်။

ထို E-Sport Center မှ အရည်အချင်းပြည့်ဝသည့် E-Sport ကျွမ်းကျင်သူများ မွေးထုတ်ပြီး ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်း E-Sport Centerသည် ဆေးလိပ်၊ ကွမ်း၊ အရက်၊ မူးယစ်ဆေးဝါး ကင်းစင်နယ်မြေဖြစ်ပြီး ကာယနှင့် ဉာဏ်ပညာကို လေ့ကျင့်သည့် နေရာဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# အင်းဝဘဏ်လီမိတက် (သရက်ဘဏ်ခွဲ)ဖွင့်လှစ်

**သရက် ဒီဇင်ဘာ ၁၅**

အင်းဝဘဏ်လီမိတက် (သရက်ဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က နံနက် ၉ နာရီ ၁၆ မိနစ်တွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်က အင်းဝဘဏ်လီမိတက် (သရက်ဘဏ်ခွဲ)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် (သရက်ဘဏ်ခွဲ)သည် အင်းဝဘဏ်လီမိတက်၏ ၄၅ ခုမြောက်ဘဏ်ခွဲဖြစ်ပြီး သရက်မြို့ အမှတ်(၂)စျေးရပ်ကွက် သံကြိုးလမ်းနှင့် ကုန်သည်လမ်းထောင့် အကွက်အမှတ် (၂၈၇/၄၄၇)တွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများ လက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

အင်းဝဘဏ် လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေများအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်သူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# တရားမဝင် ရထားလမ်းကူးများနှင့် စည်းကမ်းမလိုက်နာမှုများကြောင့် ဖြစ်ပွားသည့် မတော်တဆမှုများ လျှော့နည်းကျဆင်းရေး သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ကြီးမှူး၍ တရားမဝင် ရထားလမ်းကူးများနှင့် စည်းကမ်းမလိုက်နာမှုများကြောင့် ဖြစ်ပွားလျက်ရှိသော မတော်တဆမှုများ လျှော့နည်းကျဆင်းရေး သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့မီးရထားဌာနချုပ် နေပြည်တော်ဘူတာကြီး၌ ကျင်းပသည်။** (အပေါ်ပုံ)

**မတော်တဆမှုများ ပပျောက်နိုင်**

ရှေးဦးစွာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းက သတင်းစာရှင်းလင်းပွဲ ကျင်းပရခြင်းသည် ပြည်သူလူထုသို့ အသိပေးပြောကြားလိုသည့်အချက်များကို မီဒီယာမှတစ်ဆင့် အသိပေးပြောကြားလိုသော ရည်ရွယ်ချက် ဖြစ်ပါကြောင်း၊ ရထားလမ်းနှင့် ကားလမ်းအဖြတ်များ၌ရှိသည့် ရထားလမ်းကူး(level crossing)များမှ ယာဉ်မတော်တဆမှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပါကြောင်း၊ ယာဉ်မတော်တဆမှုများမှ လူသေဆုံးမှုများလည်း ရှိပါကြောင်း၊ ထိုသို့ တိုက်ခိုက်မှုများကို ကာကွယ်တားဆီးနိုင်ရေးအတွက် အသိပညာပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် တရားဝင်မီးရထားလမ်းကူး ၁၆၆၇ ဂိတ် ရှိပါကြောင်း၊ တရားမဝင်မီးရထားလမ်းကူး ၂၄၈၅ ဂိတ်ရှိပါကြောင်း၊ စည်းကမ်းမလိုက်နာမှုများကြောင့် ဒဏ်ရာရ၊ သေဆုံးမှုများလည်း များပြားလာပါကြောင်း၊ ပြည်သူအားလုံးတွင် ကိုယ်စီအသိရှိမှသာ မတော်တဆမှုများ ပပျောက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ပညာပေးကဏ္ဍများ ဆောင်ရွက်**

ထို့နောက် မြန်မာ့မီးရထား စစ်ဆေးရေးဌာန အထွေထွေမန်နေဂျာ ဦးဘမြင့်က မတော်တဆမှုများဖြစ်ပွားခြင်း လျော့နည်းစေရန် ပြည်သူလူထုအား အသိပညာပေးခြင်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မီဒီယာများနှင့် ပူးပေါင်း၍ ပညာပေးကဏ္ဍများ ဆောင်ရွက်နိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သွားလာပို့ဆောင်ရေးဌာန အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက တရားဝင် ရထားလမ်းကူးများ တည်ဆောက်ထားရှိမှု အခြေအနေနှင့် တရားမဝင် ရထားလမ်းကူးများ တည်ရှိနေမှုအခြေအနေ၊ ရထားနှင့် ကား၊ ယာဉ်အမျိုးမျိုးနှင့် တိုက်မှုအခြေအနေများ၊ ရထားနှင့် ကား၊ ယာဉ်အမျိုးမျိုးနှင့် တိုက်မှုကြောင့် ဒဏ်ရာရ၊ သေဆုံးမှုအခြေအနေများ၊ စည်းကမ်းမလိုက်နာမှုများကြောင့် ဒဏ်ရာရ၊ သေဆုံးမှုအခြေအနေများ၊ စည်းကမ်းမလိုက်နာမှုကြောင့် ထိခိုက်မှုဖြစ်ပေါ်တတ်သည့် အလေ့အထများ၊ ဌာနအနေဖြင့် ပညာပေးလုပ်ငန်းများ လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏မေးမြန်းချက်များနှင့် ပတ်သက်၍ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

**သတင်းစဉ်**

## တိုင်ကြားနိုင်ပါသည်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကိုစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများကို ဖြေရှင်းကုစားပေးရန် အကြောင်းကြားညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခြင်းများ ခံစား၊ ကြုံတွေ့ပါက လူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်**

# စစ်တွေမြို့၌ (၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ



**စစ်တွေ ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားကို စာရေးဆရာ စစ်တွေညိုသန့်က မင်္ဂလာပိုဒ်စုံရတုအား ရခိုင်စည်တော်တီး၍ သီဆိုဂုဏ်ပြုဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ (၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားသည်။ ထို့နောက် စစ်တွေမြို့မိမြို့ဖ ဦးမောင်သိန်းဖြူ (ဂေါယာမြေစောဝင်း)က (၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဂုဏ်ထူးဆောင်ဆု**

ယင်းနောက် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အဆင့် ဂုဏ်ထူးဆောင်ဆုများဖြစ်သော စီးပွားရေးဆိုင်ရာ ထူးချွန်ဆု၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု၊ ပညာရေးဆိုင်ရာ ထူးချွန်ဆု၊ ကျန်းမာရေးဆိုင်ရာ ထူးချွန်ဆု၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ထူးချွန်ဆု၊ စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆု၊ အခြားအထူးကိစ္စရပ်များဆိုင်ရာ ထူးချွန်ဆုများ၊ ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် စာစီစာကုံး(တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ အလွှတ်တန်းအဆင့်) ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ကာတွန်း(အလွှတ်တန်းအဆင့်၊ ကျောင်းအဆင့်) ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

**အရုဏ်ဆွမ်း ဆက်ကပ်**

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ထူးချွန်ဆုရရှိကြသူများနှင့် ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ယနေ့ နံနက် ၅ နာရီခွဲတွင်လည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက (၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအား စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်သံဃနာယက ဆရာတော်အရှင်သူမြတ်ကိုးပါးအား ပင့်ဖိတ်၍ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ လှူဖွယ်ဝတ္ထုများဆက်ကပ်ခြင်းများပြုလုပ်ခဲ့ပြီး ဆရာတော်အရှင်သူမြတ်များက ရခိုင်ပြည် ငြိမ်းချမ်းသာယာစေရန် မေတ္တာသုတ်တရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ပြီး လှူဖွယ်ဝတ္ထုများအတွက် ရေစက်ချအမျှပေးဝေကာ အနုမောဒနာ ခေါ်ဆိုခဲ့ကြကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# ဘူးသီးတောင်တွင် (၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ကျင်းပ

**ဘူးသီးတောင် ဒီဇင်ဘာ ၁၅**

(၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပရဟိတအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အလံအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် အလေးပြုပြီး ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ အုပ်ချုပ်ရေးမှူး ဦးလှရွှေက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် (၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

"ကျွန်မတို့ အခုလို ရခိုင်ပြည်နယ်နေ့ ကျင်းပရတဲ့ အဓိက ရည်ရွယ်ချက်က ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှုတွေကို အစဉ်မပြတ် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ ဖြစ်ပါတယ်၊ ဒီလိုနေ့မှာဆိုရင် ရခိုင်ရိုးရာရထားဆွဲပွဲတွေ၊ အားကစားပြိုင်ပွဲတွေကိုလည်း ထည့်သွင်းကျင်းပလေ့ရှိပါတယ်၊ ဒီလို ရိုးရာယဉ်ကျေးမှုတွေ မပျောက်ပျက်အောင် ထိန်းသိမ်းရာမှာလည်း ရခိုင်တိုင်းရင်းသားတစ်မျိုးလုံးနဲ့ ရခိုင်လူငယ်လူရွယ်တွေမှာ အဓိက တာဝန်ရှိပါတယ်" ဟု ဘူးသီးတောင်မြို့နယ် ရခိုင်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါ်ခိုင်ဆုလှိုင်က ပြောသည်။

အခမ်းအနားတွင် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ယိမ်းအကဖြင့် ဖျော်ဖြေသည်။ ယင်းနောက် ဘူးသီးတောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အဖွဲ့များအား ဂုဏ်ပြုလွှာ ချီးမြှင့်သည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်၊ဗေယျာ**



# (၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား မောင်တောမြို့၌ ကျင်းပ

**မောင်တော ဒီဇင်ဘာ ၁၅**

(၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** မောင်တောမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးက နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြား သည်။

မောင်တောမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြူလှက "ကျွန်တော်တို့မြို့နယ်မှာ အရင်တုန်းက အစဉ်အလာကြီးမားတဲ့ ရခိုင်ပြည်နယ်နေ့ကို ကွင်းပြင်မှာ တခမ်းတနား ကျင်းပခဲ့တာပါ၊ ခုလိုဖြစ်စဉ်တွေ ဖြစ်ပြီးတဲ့နောက်မှာတော့ မြို့နယ်ခန်းမမှာပဲ အစဉ်အလာမပျက် ပြုလုပ်လျက်ရှိပါတယ်၊ အဓိကက ရခိုင်ပြည်နယ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသားတွေအားလုံး ကိုယ့်ပြည်နယ်နေ့ကို အမှတ်ရစေဖို့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ရတာ ဖြစ်ပါတယ်၊ နောင် ဒေသတည်ငြိမ်အေးချမ်းလာတဲ့အခါ မြို့နယ်ဌာနဆိုင်ရာတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရပ်ကွက်လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပျော်ပွဲ ရွှင်ပွဲတွေ ပြန်လည်ပြုလုပ်မှာပါ"ဟု ဆိုသည်။

အခမ်းအနား တက်ရောက်လာသည့် မောင်တောမြို့ပေါ်မှ မစန္ဒာကလည်း "အရင်က ကျွန်မတို့မြို့မှာ ဒီလိုနေ့မျိုးဆိုရင် ပျော်ပွဲရွှင်ပွဲတွေနဲ့ အလွန်စည်ကားခဲ့တာပါ၊ ကိုယ့်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲကို အရင်လို စည်စည်ကားကားပြန်လည် ကျင်းပနိုင်စေချင်ပါတယ်၊ အခုလည်း ဒေသက တည်ငြိမ်အေးချမ်းသင့်သလောက်တော့ ရှိနေပါပြီ၊ နောက်ထပ် ဘာဖြစ်စဉ်မှ ထပ်မပေါ်လာဖို့ မျှော်လင့်ပါတယ်"ဟု ပြောပြသည်။

ယနေ့ ကျင်းပသည့် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇေယျာ၊ မြင့်မောင်၊ ဓာတ်ပုံ-နေဝင်းထွန်း**

# လုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သုတေသနဆွေးနွေး

**စစ်တွေ ဒီဇင်ဘာ ၁၅**

လုပ်သားရွှေ့ပြောင်းသွားလာမှု ပုံစံများ အသက်မွေးဝမ်းကျောင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆက်နွှယ်မှုကို သိရှိရန် ကွဲပြားသောသုတေသနနည်းလမ်းများဖြင့် လေ့လာမှုမှ ကနဦးရရှိသော အချက်အလက်များ တင်ပြခြင်းနှင့် အကြံပြုဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေဟိုတယ်ခန်းမ၌ ကျင်းပရာ **(ယာပုံ)** ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးပုန်ဘွေ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့အစည်းများ၊ IOM မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေက ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးဝမ်းကျောင်းနည်းတစ်ခုအနေဖြင့် ကျယ်ပြန့်စွာ အသုံးချလာသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာခြင်းကို အသိအမှတ်ပြုရန်နှင့် ကောင်းမွန်စွာစီမံရန် လိုအပ်ကြောင်း၊ လူများကို ပြည်တွင်းဖြစ်စေ ပြည်ပဖြစ်စေ ရွှေ့ပြောင်းသွားလာစေသော အကြောင်းအရာ များစွာရှိကြောင်း၊ ရွှေ့ပြောင်းသွားလာခြင်း၏ ရှုပ်ထွေးသော အကြောင်းအရာများကို ကောင်းမွန်သေချာစွာ နားလည်ခြင်းသည် ရွှေ့ပြောင်းသွားလာခြင်းကို စီမံခန့်ခွဲရန် အလွန်အရေးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ International Organization For Migration , Programme Manager, Mrs. Michiko Ito က ကွဲပြားသော သုတေသန လေ့လာမှုနည်းဆိုင်ရာ လေ့လာမှု၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ရွှေ့ပြောင်းသွားလာခြင်းနှင့် လွှဲပို့ငွေပေးပို့သည့် ပုံစံ၊ မတူသောဒေသများတွင် ကွဲပြားမှုများ၊ ရွှေ့ပြောင်းသွားလာမှုကို တွန်းအားပေးအချက်များ၊ ရွှေ့ပြောင်းသွားလာခြင်း၏ ရလဒ်၊ မူဝါဒအတွက် အကြံပြုတိုက်တွန်းချက်များ စသည့်အကြောင်းအရာများကို ဆွေးနွေးမေးမြန်းရာ Mrs . Michiko Ito ၊ မေတ္တာဖောင်ဒေးရှင်းမှ ဒေါ်ချိုမြင့်နိုင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးနှင့် ရခိုင်ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ပြည်နယ်ဦးစီးမှူး ဦးအောင်ငြိမ်းတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ဘူးသီးတောင်တွင် ကလေး ၃၉၆၉၁ ဦး ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံပြီးစီး

**ဘူးသီးတောင် ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ကလေးငယ်လေးသောင်းနီးပါးအား ထိုးနှံပြီးစီးသွားပြီဖြစ်ကြောင်း ဘူးသီးတောင် ပြည်သူ့ဆေးရုံကြီး ကျန်းမာရေး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထိုးနှံပေးနေတဲ့ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကတော့ အပိုင်းနှစ်ပိုင်းရှိပါတယ်၊ ကျောင်းအခြေပြုနဲ့ ပြည်သူလူထုအခြေပြုဖြစ်ပါတယ်၊ ကျွန်တော်တို့ဆီမှာတော့ နယ်မြေအခြေအနေအရ ကျောင်းတွေ မဖွင့်နိုင်သေးတဲ့အတွက် နှစ်ခုစလုံးပေါင်းပြီးတော့ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၅ ရက်က တည်းက စထိုးပါတယ်၊ ဒီကနေ့ ဒီဇင်ဘာ ၁၅ ရက်အထိတော့ ကလေးငယ် လေးသောင်းနီးပါးကို ကာကွယ်ဆေးထိုးနှံပြီးစီးသွားပြီ ဖြစ်ပါတယ်၊ ဆက်လက်ပြီးတော့လည်း သတ်မှတ်ချိန်ကာလအတွင်းမှာ ပြီးစီးအောင် ထိုးနှံပေးသွားမှာဖြစ်ပါတယ်"ဟု ဘူးသီးတောင်မြို့နယ် ကျန်းမာရေးမှူး ဦးသန်းအောင်က ပြောသည်။

ဘူးသီးတောင်မြို့နယ်တွင် အသက်ကိုးလမှ ၁၅ နှစ်အတွင်းရှိ ကလေး ၅၅၇၅၂ ဦးရှိပြီး ယင်းတို့အနက် ကလေး ၃၉၆၉၁ ဦးမှာ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံပြီးသွားပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံခြင်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိကို အသက် ငါးနှစ်မှ ၁၅ နှစ်အတွင်းရှိ ကလေးများကို ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ အသက်ကိုးလမှ ငါးနှစ်အထိကို ပြည်သူလူထုအခြေပြု ထိုးနှံခြင်းဟု သတ်မှတ်ထားသည်။

ဘူးသီးတောင်ဒေသတွင် နယ်မြေအခြေအနေကြောင့်ကျေးရွာများအရောက် ကာကွယ်ဆေးထိုးပေးရန် အခက်အခဲများစွာ ရှိခဲ့သော်လည်း ကျန်းမာရေးဝန်ထမ်းများ၏ ရဲဝံ့စွန့်စားမှု၊ ဝိုင်းဝန်းကြိုးပမ်းမှုတို့ကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်နွယ်ဖွား မျက်လှည့်ပညာရှင် မစ္စတာတော့(ပ်)နှင့် သားဟယ်ရီတို့၏ ကမ္ဘာ့အဆင့်မီ မျက်လှည့်ဖျော်ဖြေပွဲ ကြည့်ရှုသူများဖြင့် အထူးစည်ကား

**စစ်တွေ ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အထူး ဖိတ်ကြားချက်ဖြင့် (၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ရခိုင်နွယ်ဖွား ကမ္ဘာကျော် ဟာသ မျက်လှည့်ပညာရှင် မစ္စတာတော့(ပ်)နှင့် သား ဟယ်ရီတို့၏ ကမ္ဘာ့အဆင့်မီ မျက်လှည့်ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၄ ရက် ည ၈နာရီတွင် စစ်တွေမြို့ ဧည့်ဝတီ အားကစားကွင်း၌ ကျင်းပရာ ကြည့်ရှု အားပေးသူများဖြင့် အထူးစည်ကား ခဲ့သည်။ **(ယာပုံ)**






**ဝမ်းသာပီတိဖြစ်**

"ကျွန်တော်က ရခိုင်သား တစ်ယောက်ဖြစ်တယ်၊ ရခိုင်ဆိုတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကျွန်တော့်ရဲ့ မျက်လှည့်အစွမ်းတွေကို သူတို့သိကြ တယ်၊ ကြားဖူးကြတယ်၊ နောက်ပြီးတော့ ကမ္ဘာ့အဆင့်မီတယ်ဆိုတာကို သိကြ တယ်၊ ကျွန်တော်ကသူတို့ကို မျက်လှည့် နည်းနည်းပြကြည့်တယ်၊ သူတို့ကြိုက်ကြ တယ်၊ နောက်ပြီးတော့ ကျွန်တော်က အခွင့်သာရင် ကျွန်တော့်ရဲ့ မျက်လှည့် အစွမ်းတွေ ရခိုင်ပြည်သူတွေကို ပြကြည့် ချင်တယ်ဆိုတော့ ဒါဆိုရင် ရခိုင်ပြည်နယ် နေ့နဲ့တိုက်ဆိုင်နေတယ်၊ အဲ့ဒီမှာ ပြပါလားဆိုပြီး ပြောတယ်၊ ဒါကြောင့် ရခိုင်ပြည်နယ်နေ့မှာ ပြသခဲ့တာ ဖြစ်ပါ တယ်၊ ကျွန်တော်ကလည်း ကိုယ်တတ် စွမ်းတဲ့ပညာနဲ့ ကိုယ့်ပြည်နယ်သူ၊ ပြည်နယ်သားတွေကို ကျေးဇူးဆပ်ခွင့် ရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်နေ မိပါတယ်၊ လူတိုင်းမှာ ပျော်ရွှင်မှုဆိုတာ နေ့တိုင်း၊ အချိန်တိုင်း ရှိနေတာမဟုတ် ဘူးလေ၊ ကျွန်တော့်မျက်လှည့်က ဟာသ ရသပါတော့ ဒီနေ့ ကျွန်တော့်ရဲ့မျက်လှည့် ပညာပြကွက်တွေနဲ့ ဟာသရသတွေ ထည့်ပြီးတော့ တင်ဆက်လိုက်ရင် ပြည်သူ တွေ ပျော်ရွှင်အားရမှုများစွာ ဖြစ်ရပါ လိမ့်မယ်ယုံကြည်ပါတယ်၊ နောင်နှစ်တွေ မှာလည်း ဒီလိုဖြေဖျော်ခွင့် ရခဲ့မယ်ဆို လို့ရင် ကမ္ဘာမှာ ကျွန်တော်မျက်လှည့် ပညာနဲ့ ဒုတိယဆုရခဲ့တဲ့ ကားနားမှာ ကပ်ပြီးတော့ လေထဲမှာ လမ်းလျှောက်တဲ့ ပြကွက်ကို စစ်တွေမြို့တစ်ပတ် လေထဲ လမ်းလျှောက်ပြီး ပြသသွားမယ်လို့ စိတ်ကူးထားပါတယ်"ဟု ကမ္ဘာကျော် ဟာသမျက်လှည့်ပညာရှင် မစ္စတာ တော့ပ်က ပြောသည်။

**စိတ်ဓာတ်ခွန်အားမြှင့်တင်**

စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်မှ လာရောက်ကြည့်ရှုအားပေးသည့် ဆရာ ဦးကျော်ဇံမောင်က "ဒီလိုထူးခြားတဲ့ ရခိုင်ပြည်နယ်နေ့မှာ ပြည်နယ်အစိုးရ အဖွဲ့ရဲ့ ဖိတ်ကြားမှုနဲ့ ရခိုင်ပြည်နယ်ဖွား တောင်ကုတ်မြို့သား ထူးထူးခြားခြား ရခိုင်သား ဒီလိုပုဂ္ဂိုလ်မျိုးက ကမ္ဘာ့အဆင့်မီ မျက်လှည့်ပွဲကို ပြသနိုင်တယ်ဆိုတော့ အများကြီး ဂုဏ်ယူဝမ်းသာအားရမိ ပါတယ်၊ ဒီလိုရခိုင်ပြည်နယ်မှာ ကမ္ဘာမှာ အဆင့်မီ မျက်လှည့်ပြကွက်တွေကို ပြသ ခြင်းအားဖြင့် ပြည်နယ်သူ၊ ပြည်နယ် သားတွေအနေနဲ့ မကြုံဖူး၊ မတွေ့ဖူးတာ တွေကို တွေ့မြင်ကြရပါမယ်၊ ဒါဟာ ကျွန်တော်တို့အတွက် ဂုဏ်ယူစရာတွေ ပါ၊ နောက်ဆိုရင် ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်တွေမှာလည်း ပြည်သူတွေကို စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးတဲ့အနေနဲ့ လာရောက်ပြသပေးစေချင်ပါတယ်"ဟု ပြောသည်။

ရခိုင်ပြည်နယ်တွင် မောင်တော ဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် များ ဖြစ်ပွားပြီးနောက် ပြည်နယ်အတွင်း ရှိ ပြည်သူများအနေဖြင့် ထိုဖြစ်စဉ်များ အပေါ်တွင် စိတ်ထိခိုက်မှုများ ဖြစ်ပေါ်နေ ပြီး ပျော်ရွှင်မှုများ ပျောက်ကွယ်နေကြရာ ထိုစိတ်ထိခိုက်မှုများကို စိတ်ဓာတ်ခွန်အား မြှင့်တင်သောအနေဖြင့် ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ယခုလိုဖျော်ဖြေပွဲများ နှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ထည့် သွင်းကျင်းပရခြင်း ဖြစ်သည်။

**ကြည့်ရှုအားပေး**

မျက်လှည့်ဖျော်ဖြေပွဲသို့ ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် ဇနီး၊ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာများနှင့် ပြည်သူများတက်ရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရ သည်။

**တင်ထွန်း(ပြန်/ဆက်)**

## လန်ချန်း-မဲခေါင် မီဒီယာအဖွဲ့များ ပေကျင်း၌ လှည့်လည်လေ့လာ

**ကျော်သူဝင်း၊**
**အောင်ရဲသွင် (ခေတ္တပေကျင်း)**

လန်ချန်းမြစ် - မဲခေါင်မြစ် ပူးပေါင်းဆောင် ရွက်ရေး မီဒီယာများထိပ်သီးအစည်း အဝေးသို့ တက်ရောက်ရန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိနေ သည့် မဲခေါင်နိုင်ငံများဖြစ်သော မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ သတင်းမီဒီယာအဖွဲ့များ သည် မီဒီယာအစည်းအဝေး မကျင်းပမီ တရုတ်နိုင်ငံအတွင်း လေ့လာရေးခရီး များအဖြစ် ဒီဇင်ဘာ ၁၂ရက်က China Foreign Affairs University သို့ သွားရောက်လေ့လာခဲ့ကြသည်။



တီယန်ကျင်းတက္ကသိုလ်ဝင်းအတွင်း သတင်းအဖွဲ့ လေ့လာစဉ်။

**ရှင်းလင်းပြောကြား**

အဆိုပါ China Foreign Affairs University မှ ပရော်ဖက်ဆာ SU Hao က လန်ချန်း-မဲခေါင်မီဒီယာများ ပူးပေါင်းဆောင်ရွက် ရေး၊ မဲခေါင်မြစ်ချောင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မဲခေါင်နိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မည့် အခြေ အနေများနှင့် အာရှပိုးလမ်းမကြီးနှင့် ဆက်စပ်နေသည့် နိုင်ငံများအခြေအနေ နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာနိုင်ငံများမှ မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ ကို မေးမြန်းရာ ၎င်းက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

China Foreign Affairs University တွင် မဲခေါင်နိုင်ငံများမှ ပညာတော်သင်များနှင့် ဥရောပနိုင်ငံ များဖြစ်သည့် ဂျာမနီ၊ အီတလီစသည့် နိုင်ငံများမှ ပညာတော်သင်များ တက် ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်တွင် မြန်မာ နိုင်ငံမှ လာရောက်ပညာသင်ကြားနေ သော မအိသဇင်ထွန်းက "နိုင်ငံခြားရေး ဝန်ကြီးဌာနကနေ ပညာတော်သင်ဆု အနေနဲ့ တရုတ်ဘာသာစကားကို ပေကျင်းမှာ ၁၁ လကြာ လာရောက် သင်ကြားနေတာ ဖြစ်ပါတယ်၊ ဒီပညာ သင်ဆုဟာ တရုတ်နိုင်ငံအနေနဲ့ မြန်မာ နိုင်ငံကို နှစ်စဉ်နှစ်တိုင်း ခေါ်ယူခဲ့ပါတယ်၊ တရုတ်ဘာသာစကားကို အဓိက သင်ကြားပြီး အတန်း A, B, C, D ဆိုပြီး လေးတန်း ရှိပါတယ်၊ ကျွန်မတို့က ပထမဆုံးလာသင်ကြားတဲ့အတွက် A, B တန်းကို တက်ရပါတယ်၊ တရုတ် ယဉ်ကျေးမှုတွေ ဓလေ့၊ စရိုက်တွေကို အခြေခံကနေ စသင်ရပါတယ်၊ သူတို့ရဲ့ သင်ကြားမှုတွေက ထိရောက်မှုရှိပြီး ကိုယ်တိုင်လေ့လာရတဲ့အတွက် အတတ် မြန်ပါတယ်၊ ဒီ ၁၁ လ သင်ကြားရတဲ့ အတွက် ကျွန်မတို့ကို Certificate ပေးပါတယ်၊ နောက်ထပ် ဆက်တက် ရင်လည်း Certificate ပဲထပ်ရပါတယ်၊ ဆက်တက်ရအောင်လည်း ကြိုးစား နေပါတယ်၊ အခုဆိုရင် တရုတ်ဘာသာနဲ့ ပတ်သက်ပြီး ပြောနိုင်၊ ဆိုနိုင်နေပါပြီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေနဲ့လည်း ဒီသင်တန်းပြီးတာနဲ့ တရုတ်စကားပြန် အနေနဲ့ ခေါ်သုံးလို့ ရပါတယ်၊ ဝန်ကြီးဌာန အတွက်ရော နိုင်ငံအတွက်ပါ များစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်၊ ကျွန်မတို့အတွက် မိခင်ဘာသာစကား အပြင် ဘာသာရပ်တစ်ခုကို ကျွမ်းကျွမ်း ကျင်ကျင် တတ်မြောက်ထားတဲ့အတွက် ကိုယ့်နိုင်ငံမှာ လိုအပ်တာတွေကို တစ်ဖက် တစ်လမ်းကနေ ကူညီပေးရာရောက်ပါ တယ်"ဟု ပြောကြားသည်။

**နွေရာသီနန်းတော်**

ထို့နောက် လန်ချန်း-မဲခေါင်သတင်း မီဒီယာအဖွဲ့သည် အဆိုပါတက္ကသိုလ် အတွင်း သွားရောက်လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် တရုတ်နိုင်ငံ၏ ရှေးဘုရင် များလက်ထက်က အထင်အရှား တည်ရှိ ခဲ့သည့် နွေရာသီနန်းတော် (Summer Palace)သို့ သွားရောက်ခဲ့ကြ သည်။

ယင်းနောက် လန်ချန်း - မဲခေါင် သတင်းမီဒီယာအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့မှ တီယန် ကျန်းမြို့သို့ အမြန်ရထားဖြင့် ထွက် ခွာခဲ့ကြပြီး The Tianjin Sino – German University of Applied Sciences ၌ အဆိုပါ တက္ကသိုလ်၏ Vice President Ms.ZHANG Jinguo ၊ Party Secretary Prof. ZHANG Xinghui တို့က လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အစီ အစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြော ကြားသည်။

အဆိုပါ တက္ကသိုလ်တွင် ခရီးသွား ဝန်ဆောင်မှုဘာသာရပ် ပညာသင်ကြား နေသည့် မောင်သန်းတိုးအောင်က "ဒီကျောင်းကို ကျွန်တော်ရောက်တာ ကိုးလ ရှိပါပြီ၊ အဓိကကတော့ တရုတ် ဘာသာနဲ့ ခရီးသွားရေးဝန်ဆောင်မှု နဲ့ပတ်သက်တဲ့ သင်ခန်းစာတွေကို သင်ကြားပေးပါတယ်၊ တရုတ်ဘာသာ စကားအနေနဲ့က ထမင်းစားရေသောက် တော့ ပြောတတ်နေပါပြီ၊ ဒီကျောင်းမှာ ကျွန်တော်တို့ ဒီပလိုမာ သင်တန်း သုံးနှစ် သင်ကြားရမှာဖြစ်ပါတယ်၊ ကျောင်းမှာ မြန်မာ ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးရှိပါတယ်၊ ရှစ်ဦးကတော့ ခရီးသွား ဝန်ဆောင်မှုနဲ့ ပတ်သက်ပြီး သင်ကြားနေပါတယ်၊ ဒီမှာ သုံးနှစ် တက်ပြီးရင် မြန်မာနိုင်ငံအတွက် ခရီးသွား လာရေးနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးအောင် လုပ်ပေးမယ်၊ ကျွန်တော်တို့ နိုင်ငံက အခုမှ ဖွံ့ဖြိုးဆဲနိုင်ငံဆိုတော့ နိုင်ငံခြား သားတွေ အများကြီးလာမှာ ဖြစ်တဲ့ အတွက် ကိုယ့်နိုင်ငံရဲ့ ထူးခြားမှုတွေကို ရှင်းပြနိုင်ဖို့အတွက် လာရောက်လေ့လာ သင်ကြားနေခြင်းဖြစ်ပါတယ်"ဟု ဆို သည်။

**သုံးနှစ်တာ ပညာသင်ကြား**

အဆိုပါ တက္ကသိုလ်သည် စက်မှု သင်တန်း (Industrial Management)နှင့် ခရီးသွားဝန်ဆောင်မှု (Tourism Management) တို့ကို မဲခေါင်ဒေသငါးနိုင်ငံမှ လူငယ်များ သုံးနှစ်တာ တက်ရောက် ပညာသင်ကြား လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ နိုင်ငံက ဖွံ့ဖြိုးဆဲ နိုင်ငံဖြစ်တာရယ် နိုင်ငံခြားသားတွေ လည်း အများကြီးလာမှာ ဖြစ်တဲ့အတွက် ခရီးသွားလာရေးအပိုင်းကို တိုးတက် အောင် လုပ်ပေးမယ်ဆိုပြီး ဆုံးဖြတ်ပြီး လာခဲ့တာပါ၊ ဒီကျောင်းမှာ ကျွန်တော် သုံးနှစ်ပညာသင်ကြားရမှာ ဖြစ်ပါတယ်၊ တရုတ်စာကို အဓိကသင်ကြားရပြီးတော့ အဓိက ဘာသာရပ်တွေမှာ တရုတ် ဘာသာနဲ့ သင်ကြားရပါတယ်၊ ဘာသာ ရပ်တွေ အများကြီးထဲက ဒီဘာသာရပ် ကိုရွေးချယ်ဖြစ်တာကတော့ ကိုယ့်နိုင်ငံရဲ့ ထူးခြားတဲ့ အကြောင်းအရာတွေကို နိုင်ငံခြားသားတွေ သိလာအောင် ချပြ ချင်တဲ့ ရည်ရွယ်ချက်နဲ့ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်၊ ဒီသင်တန်းပြီးရင် မြန်မာ နိုင်ငံပြန်ပြီး ဧည့်လမ်းညွှန်လုပ်မှာပါ၊ ဒီကျောင်းကနေ သုံးနှစ်တက်ပြီးလို့ ထူးချွန်ရင် Ph.D ဆက်တက်ခွင့်ရမှာ ဖြစ်ပါတယ်" ဟု မောင်ထွန်းနေလင်းက ပြောကြားသည်။

လန်ချန်း - မဲခေါင် ပူးပေါင်းဆောင် ရွက်ရေး မီဒီယာထိပ်သီးအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ တရုတ်ပြည်သူ့ သတင်းဌာနမှ ကြီးမှူးကျင်းပ၍ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက် နမ်နှင့် ထိုင်းနိုင်ငံတို့မှ မီဒီယာအဖွဲ့အစည်း ၃၄ ဖွဲ့ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။



စက်မှုသင်တန်းတွင် လက်တွေ့ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

# စောင့်ကြည့်ဆုံးဖြတ်ရမည့် မြန်မာ့ကျောက်မျက်ရတနာ ဈေးကွက်အနေအထား

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပလျက်ရှိရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များဖြစ်သည့် ကုမ္ပဏီ ၁၃၃၉ ခုမှ ကုန်သည်စုစုပေါင်း လေးထောင်ကျော်ခန့် လာရောက် ရောင်းဝယ်နေကြသော်လည်း ကျောက်စိမ်းဈေးကွက်သည် မရေရာ မသေချာဖြစ်နေပြီး ဈေးကွက်ကျဆင်းမှုကြောင့် ယခုပြပွဲသည် မြန်မာနိုင်ငံ၏ ကျောက်မျက်ဈေးကွက်ကို အဆုံးအဖြတ်ပေးမည့် ပြပွဲဖြစ်ကြောင်း သိရသည်။

"အသစ်ထုတ်ပြန်လိုက်တဲ့ ကျောက်မျက် ဥပဒေအရ ကျောက်မျက်တူးဖော်မှုလုပ်ကွက်တွေကို သက်တမ်းမတိုးပေးတော့တဲ့အတွက် ကျောက်တူးဖော်ရေးလုပ်ငန်းတွေ ရပ်ဆိုင်းလိုက်ရလို့ ကျောက်ရှားပါးလာပြီ၊ အခုအချိန်မှာ လုပ်ကိုင်ခွင့်သက်တမ်း ကျန်နေသေးတဲ့ လုပ်ကွက်တွေက လေးပုံ ပုံရင် တစ်ပုံလောက်ပဲ ကျန်တော့တယ်၊ လာမယ့် ၂၀၂၀ ပြည့်နှစ်ဆိုရင် လုပ်ကွက် နှစ်ခု လောက်ပဲ ကျန်တော့မယ်လို့ ကြားတယ်၊ အရင်က လုပ်ကွက်သက်တမ်း ငါးနှစ်ရပြီး ထပ်မံသက်တမ်းတိုးရင် နှစ်နှစ်၊ ခုတော့ သက်တမ်းတိုးမရတော့လို့ လုပ်ကွက်ကုမ္ပဏီတွေ ပိတ်ကုန်ပြီး အကျိုးတူနဲ့ ကုမ္ပဏီတချို့ပဲ ကျန်တော့တယ်၊ ကျောက်ကောင်းတွေ ရှားလာပြီ၊ အရင်က တရုတ်ကုန်သည်တွေက အောက်ကျောက် ခါးကျောက်(ဒေသအခေါ်) အကုန်ဝယ်တယ်၊ အခုကျတော့ အရည်ကျောက်(ကျောက်ကောင်း)တွေကိုပဲ ရွေးချယ်ဝယ်ယူကြလို့ ရောင်းရနည်းပြီး ဈေးကွက်မကောင်းဘူးလို့ ထင်တယ်"ဟု နေပြည်တော် ကျောက်မျက် အသိုင်းအဝိုင်းမှ သိရသည်။

"ကုမ္ပဏီက ထပ်ပြီးလုပ်ကိုင်လို့ အဆင်မပြေတော့တာကြောင့် တူးဖော်ပြီးသား ကျောက်တွေနည်းလာတာကြောင့် ရှိတဲ့ကျောက်တွေရယ်၊ အရင်က ရောင်းရပြီး လာမရွေးတဲ့ကျောက်(စိုးပျက်)တွေကိုသာ ထပ်ပြီး တင်ပြရောင်းရတာကြောင့်ရယ်၊ ဒါ့အပြင် ဝယ်သူလာရောက်တာနည်းလို့ရယ် ဒီတစ်ပတ်ပြပွဲက သိပ်အဆင်မပြေဘူးနဲ့တူတယ်"ဟု ပုဂ္ဂလိက ကျောက်မျက်ကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးက ပြောသည်။

"ပြပွဲကို လာတဲ့ ကုန်သည်တွေက အရင်ထက်စာရင် နည်းပေမယ့် ကျောက်ကို အဓိကထားပြီး အမှန်တကယ်လုပ်ကိုင်နေကြတဲ့ ပြည်တွင်းက ကုန်သည်တွေရယ်၊ ကွမ်တုံ၊ ကွမ်ရှင်းပြည်နယ်တွေက တရုတ်ကုန်သည်တွေကို တွေ့နေရတဲ့အတွက် ဈေးကွက်ကျလည်း စိုးရိမ်စရာမရှိပါဘူး၊ ဒီပြပွဲမှာပဲ ကျောက်ကောင်းတွေ ရနိုင်တဲ့အတွက် ဈေးကောင်းရနိုင်ပါတယ်"ဟု မန္တလေးမြို့မှ ကျောက်ကုန်သည်တစ်ဦးက ပြောသည်။

ယခုပြပွဲတွင် ယခင်အကြိမ်များထက် ကျောက်မျက်ရတနာ ကုန်သည်များ အဝင်နည်းပြီး ကျောက်မျက်ကုမ္ပဏီများသာမက ကျောက်မျက်လက်ဝတ်ရတနာ အရောင်းဆိုင်များ၊ စားသောက်ဆိုင်များလည်း ယခင်ပြပွဲများထက် အရောင်းအဝယ်မကောင်းကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# အရက်မူးယစ်နေသူအား တာဝန်ရှိသူများက တားမြစ်သော်လည်း ပြန်လည်ရန်ပြုသဖြင့် Pump Action 12 သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီး



**ပစ်ခတ်ဖမ်းဆီးခံရသည့် အောင်ဖေအား ကိုင်ဆောင်သည့် ဓားနှင့်အတူ တွေ့ရစဉ်။**

**ရန်ကုန် ဒီဇင်ဘာ ၁၅**

သန်လျင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီက လှည့်ကင်းမော်တော်ယာဉ်ဖြင့် နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာ ချမ်းမြေ့လမ်းပေါ်၌ အမျိုးသားတစ်ဦးက အရက်သေစာသောက်စားပြီး ဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့များနှင့်အတူ သွားရောက်၍ စစ်ဆေးခဲ့ရာ သန်လျင်မြို့နယ် ညောင်သုံးပင်ရွာနေ အောင်ဖေ (၂၉ နှစ်)သည် အရိုး အသွား ၂၄ လက်မခန့်ရှိ ကော်ရိုးတပ် ဓားတစ်ချောင်းကိုင်ဆောင်ကာ ဆဲဆိုနေသည်ကို တွေ့ရှိခဲ့ရသည်။

**အရေးယူ ဆောင်ရွက်**

ရဲတပ်ဖွဲ့ဝင်များက ၎င်း၏ လက်တွင် ကိုင်ဆောင်ထားသော ဓားအား ကိုင်ဆောင်ခြင်းမပြုရန်နှင့် အဆိုပါ ဓားအား ချ၍ ရဲတပ်ဖွဲ့ဝင်များနှင့် ဆွေးနွေးရန် ပြောဆိုသော်လည်း နာခံမှုမရှိဘဲ တာဝန်ရှိသူများကို ကိုင်ဆောင်ထားသည့် ဓားဖြင့် အသက်အန္တရာယ်ထိခိုက်လောက်အောင် ဝင်ရောက်ခုတ်ရာ ရဲတပ်ဖွဲ့ဝင်များက Pump Action 12 ပြောင်းချော သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ အောင်ဖေတွင် ဝဲလက်မောင်း၊ ဝဲတင်ပါးနှင့် ဝဲနံစောင်းတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် သန်လျင် ပြည်သူ့ဆေးရုံသို့ ရဲတပ်ဖွဲ့ဝင်များက ပို့ဆောင်ကာ ဆေးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ယင်းကဲ့သို့ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား ပြန်လည်ရန်ပြုသူ အောင်ဖေအား သန်လျင်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘက်ဟိုးမြေတူးယာဉ်တစ်စီး မီးရှို့ဖျက်ဆီးခံရ



**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လမ်းဦးစီးဌာနပိုင် လုပ်ငန်းခွင်သုံး ဘက်ဟိုးမြေတူးယာဉ်တစ်စီး ဝက်ကျိန်း(မြို)ကျေးရွာအနီး ယမန်နေ့ နံနက်ပိုင်းက မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါမြေတူးယာဉ်မှာ မောင်တောမြို့နယ် ဝက်ကျိန်း(မြို) ကျေးရွာအနီး ကြိမ်ချောင်း-တောင်ပြို ကားလမ်းတွင် လမ်းပြုပြင်ပြီး ညအိပ်ရပ်နားထားစဉ် မီးရှို့ဖျက်ဆီးခံရခြင်းဖြစ်ပြီး တန်ဖိုး ငွေကျပ်သိန်း ၆၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် မီးရှို့သူအား ကြိမ်ချောင်းနယ်မြေစခန်း၌ အမှုဖွင့်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ် တာကာငွေ ၉၂၃၀ နှင့်အတူ ကျေးရွာသားတစ်ဦး တွေ့ရှိ၍ အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ ရက် ညနေ ၄ နာရီခန့်က မောင်တောမြို့နယ် မှိုဝင်ချောင်းဝနှင့် ဂေါ်ဒူသာရချောင်းဝအကြား နယ်စပ်ခြံစည်းရိုးတစ်လျှောက် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်စဉ် မှိုဝင်ကျေးရွာနေ မာဟာဘေဇူရာမန် (၂၂ နှစ်)အား မသင်္ကာဖွယ်တွေ့ရှိစစ်ဆေးခဲ့ရာ ၎င်းထံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ ဘင်္ဂလားဒေ့ရှ် တာကာငွေ ၉၂၃၀ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထုတ်ပေးသော မှတ်ပုံတင်ကတ်တစ်ခုတို့ကို တွေ့ရှိရသဖြင့် မကျီးချောင်းနယ်မြေစခန်းတွင် အမှုဖွင့်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# တရားစွဲဆိုခံရသော အင်းဝ အပ်ချုပ်ဆိုင်အမှုမှ ကျူးလွန်သူများအား အပြီးသတ်အမိန့် ချမှတ်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

တရားစွဲဆိုခံနေရသော အင်းဝအပ်ချုပ်ဆိုင် မိသားစုဝင် ခြောက်ဦးအား ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ ဥပဒေနှင့်အညီ ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က စီရင်ချက်အသီးသီး အပြီးသတ်အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

**ပြစ်ဒဏ်များချမှတ်**

အဆိုပါအမှုအား အင်းဝအပ်ချုပ်ဆိုင်ဘက်မှ လိုက်ပါဆောင်ရွက်နေသော အထက်တန်းရှေ့နေ ဒေါ်နှင်းဆုအောင်က မိသားစုဝင်ခြောက်ဦးအနက် ဒေါ်တင်သူဇာနှင့် ဒေါ်စုမွန်လတ်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အပြင်းအထန်နာကျင်စေမှု၊ ချုပ်နှောင်ထားမှု၊ လူကုန်ကူးမှုတွင် အားပေးအားမြှောက်ပြုမှု၊ ပူးပေါင်းကြံစည်မှု ပုဒ်မများနှင့် လူကုန်တား(၂၄/၂၉)အရ ၁၀ နှစ်စီ၊ (၃၂၅)အရ ငါးနှစ်စီ၊ (၃၂၃)အရ တစ်နှစ်စီ၊ (၃၄၁)အရ တစ်လစီ၊ ၎င်းတို့နှစ်ဦးအား တစ်ပေါင်းတည်းအလုပ်နှင့် ထောင်ဒဏ် ၁၆ နှစ်နှင့် တစ်လ စီရင်ချက်ချမှတ်ခဲ့ကြောင်း၊ ဦးရာဇာထွန်းကို လူကုန်တား(၃၂၅)အရ ငါးနှစ်၊ (၂၄/၃၂)အရ ခုနစ်နှစ်၊ (၃၂၃)အရ တစ်နှစ်၊ (၃၄၁)အရ တစ်လ စုစုပေါင်း အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ် တစ်လ စီရင်ချမှတ်ခဲ့ကြောင်းနှင့် ဦးတင်မင်းလတ် ကို လူကုန်တား(၂၄/၃၂)အရ ခုနစ်နှစ်၊ (၃၄၁)အရ တစ်နှစ်၊ (၃၂၃)အရ တစ်နှစ် အလုပ်နှင့်ထောင်ဒဏ်တစ်လ စုစုပေါင်း ကိုးနှစ်နှင့် တစ်လ စီရင်ချက်ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

**စစ်ဆေးပေါ်ပေါက်ချက်အရ**

ယင်းအမှုတွင် ပါဝင်စစ်ဆေးခံရသည့် ဒေါ်သီရိလတ်နှင့် ဦးကိုလတ်တို့မှာ ရာဇဝတ်ကျင့်ထုံးဆိုင်ရာဥပဒေ ၁၅၈(၁)အရ အဆိုပါပုဒ်မများနှင့် စီရင်ရန် မသင့်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ ကွင်းလုံးကျွတ် အပြီးသတ်လွှတ်ပေးလိုက်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၄၀၀ နှင့်အတူ သေနတ်တစ်လက်၊ ကျည် ၃၂ တောင့်တို့အား ဖမ်းဆီးရမိ

**မြိတ် ဒီဇင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကလွင်ကျေးရွာအုပ်စု ပုလဲဒီပါရပ်ကွက် စပါးရွှေဝါလမ်းသွယ်၌ ဒီဇင်ဘာ ၁၄ ရက် ည ၁၀ နာရီခန့်က မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၄၀၀ နှင့် ၉ မမ လူဂါ ပစ္စတိုကျည်အိမ်ခွံတပ်လျက် သေနတ် တစ်လက်၊ ယင်းကျည် ၃၂ တောင့်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြိတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ထွန်းထွန်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များနှင့် အမှတ်(၂)နယ်မြေ ရဲကင်းမှ ဒုရဲအုပ်ကျော်ဆန်းဦး ဦးစီးအဖွဲ့တို့သည် ဒီဇင်ဘာ ၁၄ ရက် ည ၁၀ နာရီခန့်က မြိတ်မြို့ ပုလဲဒီပါရပ်ကွက် စပါးရွှေဝါလမ်းနေ ကျော်ဇေယျ၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ ကျော်ဇေယျ(၄၂ နှစ်)ကို နေအိမ်တွင် တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၇၂၄၀၀ နှင့် ဆက်စပ်ပစ္စည်းများ၊ သေနတ် ၉ မမ လူဂါ ပစ္စတိုကျည်အိမ်ခွံတပ်လျက် သေနတ် တစ်လက်၊ ယင်းကျည် ၃၂ တောင့်၊ ၉ မမ လူဂါ ပစ္စတိုကျည်အိမ်အပို တစ်ခု၊ သေနတ်အိတ်ခွံ တစ်ခု၊ မူးယစ်ဆေးဝါး ရောင်းချရာမှ ရရှိသောငွေကျပ် ၃၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်ဇေယျအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ဒက္ခိဏသီရိမြို့နယ်တွင် မူးယစ်ဆေးဝါး သယ်ဆောင်သူနှင့် စေခိုင်းသူအား ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ဒီဇင်ဘာ ၁၃ ရက်က မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု ၁၀၁၊ နေပြည်တော်မှ တပ်ကြပ်ခင်မောင်ချင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒက္ခိဏသီရိမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝေယံအောင်တို့နှင့် ပူးပေါင်း၍ သတင်းအရ ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ဒက္ခိဏသီရိမြို့နယ် ပေါက်တောကျေးရွာအနီး တော်ဝင်ရတနာလမ်းသစ် လမ်းမကြီးပေါ်၌ စောင့်ဆိုင်းနေစဉ် ပေါက်တောရွာဘက်မှ အောင်ကိုချစ် မောင်းနှင်လာသည့် ၅၆ယ/---- WAVE ၁၁၀ ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူဟု ယူဆရသော ဖြူ ၊ ဝါရောင် အလေးချိန် ၀ ဒသမ ၁ ဂရမ် တွေ့ရှိပြီး စစ်ဆေးချက်အရ မူးယစ်ဆေးဝါး ပေးပို့ခိုင်းသူ ကျော်စိုးအား ရန်အောင်မြင်ဘုရားအနီးရှိ လက်ဖက်ရည်ဆိုင်အနီး လမ်းမပေါ်တွင် တွေ့ရှိဖမ်းဆီးရမိခဲ့ကာ လက်ဝယ်တွေ့ရှိသူ အောင်ကိုချစ်(၂၈ နှစ်)နှင့် ရောင်းချရန် စေခိုင်းခဲ့သူ ကျော်စိုး(ခ)ခင်မောင်တင့် (၅၂ နှစ်)တို့ကို ဒက္ခိဏသီရိမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဆိုင်ကယ်ကယ်ရီဖြင့် သယ်ဆောင်လာသည့် ကန့်သတ်ကုန်ပစ္စည်း ဘေထုပ်များ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၉၅၀ ၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး ၊ သွင်းကုန် ၁၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုနပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်က မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၁၁ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၄ ရက်တွင် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သည့် ရွှေဖြူကွင်းလမ်းတွင် ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ် ကယ်ရီများဖြင့် သယ်ဆောင်လာသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ဘေထုပ် (1 x 75kg) (10)Pkgs ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၅၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# မိုင် ၁၀၀၀ ကျော် ခရီးကို စက်ဘီးဖြင့် ခရီးသွားသူနှစ်ဦး ညောင်လေးပင်မြို့ ရောက်ရှိ

**ညောင်လေးပင် ဒီဇင်ဘာ ၁၅**

Htoo Group of Companies နှင့် Htoo Foundation တို့၏ အဓိကကူညီပံ့ပိုးမှုဖြင့် စက်ဘီးအားကစားမြှင့်မားစေရန် ရည်ရွယ်၍ ကချင်ပြည်နယ် ပူတာအိုမြို့မှ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အထိ ခရီးရှည်မိုင်ပေါင်း ၁၇၃၅ မိုင်အား ကိုမျိုးမြင့်ဘို ဦးဆောင်သော စက်ဘီးစီးဝါသနာရှင်နှစ်ဦးသည် နိုဝင်ဘာ ၂၇ ရက်က စတင်ထွက်ခွာလာရာ ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်သို့ ကောင်းမွန်စွာရောက်ရှိကြောင်း သိရသည်။

စက်ဘီးစီးခရီးကို ဦးဆောင်သူ ကိုမျိုးမြင့်ဘိုက ယခုလို စက်ဘီးမိုင်ရှည်ခရီးစီးရသည့် ရည်ရွယ်ချက်သုံးရပ် ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းရင်းသားပြည်သူတို့၏ ဘဝနေထိုင်မှုများကို ပိုမိုသိရှိလာစေရန်၊ စက်ဘီးအားကစားကို ပြည်သူတစ်ရပ်လုံး ပိုမိုသတိပြုမိလာစေရန်အပြင် မြန်မာနိုင်ငံ၌ စက်ဘီးအားကစား ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ စက်ဘီးအားကစား ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်သူတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်း ကြံ့ခိုင်မှုများ ဖွံ့ဖြိုးတိုးတက်မှုတွင် ပိုမိုအထောက်အကူပြုစေရန်နှင့် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချနိုင်စေခြင်းကြောင့် စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်အဖြစ် ပိုမိုအကျိုးပြုနိုင်စေရန်တို့အတွက် စက်ဘီးစီးရခြင်းဖြစ်ကြောင်း ပြောပြသည်။

အဆိုပါ စက်ဘီးစီးအဖွဲ့သည် ညောင်လေးပင်မြို့သို့ ရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ပဲခူးတိုင်းဒေသကြီးအလုပ်အမှုဆောင် ဦးနေလင်း၊ ရန်ကုန်မြို့ Bicycle Network Myanmar မှ ဦးစံနှင့် အဖွဲ့သားများက ကြိုဆိုကြပြီး ခေတ္တနားချိန်တွင် အစားအစာများ ကျွေးမွေးကာ အားပေးစကား ပြောကြားခဲ့သည်။ ယင်းနောက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် ဒိုက်ဦးမြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။ စက်ဘီးခရီးရှည် မောင်းနှင်သူနှစ်ဦး ဖြတ်သန်းလာရာ မြို့များကလည်း ကောင်းမွန်စွာ ကြိုဆို၍ အားပေးစကားပြောကြားခြင်းနှင့် စက်ဘီးယာဉ် ချွတ်ယွင်းမှုများအား ကူညီပေးခဲ့ကြကြောင်း သိရသည်။ စက်ဘီးစီးအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက်ခန့်တွင် ကော့သောင်းမြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၁၅**

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ၏ အိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ်ဖြင့်ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်း(၃/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံသင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဒင်က သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား၊ သင်တန်းသူ နှစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ သင်တန်းသို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ(ကာယ)များ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ အားကစားနည်းပြအရာရှိများ၊ အားကစားနှင့် ကာယပညာသိပ္ပံ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ လွိုင်ကော်မှ ဦးစီးအရာရှိ၊ ရုံးအုပ်၊ နည်းပြ၊ နည်းစနစ်မှူးများ စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## ❍ ကျောဖုံးမှ

တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် တစ်ပွဲထက်တစ်ပွဲ ကစားပုံပိုကောင်းလာပြီး ဗီယက်နမ်ကို ထပ်မံအနိုင်ရခဲ့ပါက ဗိုလ်လုပွဲတက်ရောက်နိုင်ရန် အခွင့်အရေးများသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပလျက်ရှိပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် ၃၊ ၄ နေရာရ နှစ်သင်းမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ ဗီယက်နမ် ယူ-၂၁ အသင်းသည် တစ်ပွဲသာကစားရသေးပြီး အဖွင့်ပွဲတွင် ထိုင်း ယူ-၂၁ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဗီယက်နမ် ယူ-၂၁ အသင်းသည် မြန်မာအသင်းနှင့်ပွဲတွင် အရေးပါလာခဲ့ပြီး နိုင်ပွဲရမှသာ ဗိုလ်လုပွဲတက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေပြီး နာမည်ကြီးကစားသမားများ ပါဝင်ခြင်းမရှိသော်လည်း လက်ရှိခြေစွမ်းကို ဆက်ထိန်းထားနိုင်ပါက ဗိုလ်လုပွဲတက်ရောက်နိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

## နိုင်ငံတကာ ဘောလုံးလောက သတင်းတို့များ

● မန်ချက်စတာယူနိုက်တက်အသင်းသည် အာမေနီးယားလူမျိုး ကွင်းလယ်ကစားသမား အမ်ခီတာရန်းကို နွေရာသီတွင် ရောင်းထုတ်ရန်ရှိနေပြီး ရာသီကုန်တွင် စာချုပ်သက်တမ်းကုန်တော့မည်ဖြစ်သော ဂျာမနီနှင့် အာဆင်နယ်ကွင်းလယ်ကစားသမား အိုဇေးလ်ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြထားသည်။

● အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဝီရှိုင်းယား(၂၅နှစ်)သည် အာဆင်နယ်အသင်းက ၎င်း၏ စာချုပ်နှင့်ပတ်သက်ပြီး ဆွေးနွေးမည့်ရက်ကို စောင့်ဆိုင်းလျက်ရှိနေသေးကြောင်း တယ်လီဂရပ်တွင် ဖော်ပြထားသည်။

● ဘလွန်းဒီအောဆကို ပူပူနွေးနွေးရရှိထားသော ရီးရဲမက်ဒရစ်အသင်းမှ စီရော်နယ်ဒိုသည် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားခဲ့သော ဖီဖာကမ္ဘာ့ကလပ် ဆီမီးဖိုင်နယ်တွင် ပြိုင်ဘက် အယ်လ်ဂျာဇီရာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဖီဖာကမ္ဘာ့ကလပ်ပြိုင်ပွဲတွင် မက်ဆီ၊ ဆွာရက်ဇ်နှင့် ဒယ်လ်ဂါဒိုတို့ကို ကျော်ဖြတ်ကာ သွင်းဂိုးခြောက်ဂိုးဖြင့် စံချိန်သစ် တစ်ခုကို တင်နိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ဖီဖာ ကမ္ဘာ့ကလပ် ဗိုလ်လုပွဲစဉ်အဖြစ် လာမည့်စနေနေ့တွင် ဘရာဇီးကလပ် ဂရီမီယိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ဇော်ဇော်**

asean

THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES

1. Assistant Director APSC Analysis & Monitoring Division
2. Senior Officer Finance Integration Division
3. Senior Officer Culture & Information Division
4. Senior Officer Labor & Civil Services Division
5. Senior Officer Human Rights Division
6. Senior Officer IAI & NDG Division
7. Senior Officer Stakeholder Engagement
8. Senior Officer Disaster Management & Humanitarian Assistance

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ်(၂/၂၀၁၇)
### ၁၃၇၉ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ရက်
### (၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၁၆ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရာထူး (၂၀)နေရာ အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများ လျှောက်ထားနိုင်ပါသည်။ (ဦးစွာပေးပို့လာသည့် လျှောက်လွှာ ၁၅၀ ကိုသာ လက်ခံမည်ဖြစ်ပါသည်။)

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၇-၁-၂၀၁၈ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ ကိုယ်ရေးလျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်သို့ ၁၅-၁-၂၀၁၈ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ကိုယ်စားဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်-
(က) ပညာအရည်အချင်းအထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်မိတ္တူ သို့မဟုတ် ယာယီဘွဲ့လက်မှတ်မိတ္တူ) ၊ (တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ)
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ် ကွက်နှင့်ရဲစခန်းထောက်ခံချက်
(ဃ) (၆)လအတွင်း ရိုက်ကူးထားသောပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

၄။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ကို ၂၇-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ စစ်ဆေးမည် ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ် ၁၈၊ နေပြည်တော်၌ ဖြေဆိုရမည် ဖြစ်ပါသည်။

၅။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့)တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ် ၁၈၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ထုတ်ပေး သွားမည်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမား မှတ်ပုံတင်စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေး စိတ်သိရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)နေပြည်တော်-ဖုန်း-၀၆၇-၃၄၀၉၅၈၀နှင့် ၀၆၇-၃၄၀၉၁၅၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

### အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း
### (ယခင် ရှင်မဟာဗုဒ္ဓဃောသ အမျိုးသားကျောင်း)၏

ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေသော ကျောင်းသား/ ကျောင်းသူဟောင်းများအားလုံး မိမိတို့၏ကျေးဇူးရှင် ဆရာ၊ ဆရာမများအား ဂါရဝတရားရှေ့ထားပြီး ပူဇော်ကန်တော့ရင်း သူငယ်ချင်းများအားလုံး အတူတကွ ပြန်လည် ဆုံစည်းနိုင်ကြရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၅-၁၂-၂၀၁၇ရက် (တနင်္လာနေ့၊ ခရစ်စမတ်နေ့)
**ကျင်းပမည့်အချိန်** - ညနေ ၃ နာရီ
**ကျင်းပမည့်နေရာ** - ဦးသာညွှင်း ခန်းမဆောင် (အမှတ်-၉၊ အထက)

ညစာမိတ်ဆုံစားပွဲကို ၂၅-၁၂-၂၀၁၇ရက် ည ၇ နာရီတွင် ဟုန်စံစီခန်းမ (ဈေးကြို)တွင် ပြုလုပ်ပါမည်။

**ဆက်သွယ်ရန် ။ ။ ဖုန်း-၀၉-၉၇၅၀၆၃၅၉၀၊ ၀၉-၅၀၀၅၄၆၀၊ ၀၉-၇၉၂၄၀၄၂၉၀၊ ၀၉-၇၉၃၇၃၂၆၁၉၊ ၀၉-၄၂၅၂၇၄၂၂၈**

### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများနှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၂-၁၂-၂၀၁၇ရက်မှ ၁၉-၁၂-၂၀၁၇ ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၉-၁၂-၂၀၁၇ရက် ညနေ ၄ နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈၊ ၀၆၇-၃၄၁၂၂၀၈ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/4463 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်)**

### ပျောက်ဆုံးကြောင်း

Shwe Yadanar Taw Win Construction Co., Ltd ၏ ထုတ်ကုန်သွင်းကုန် မှတ်ပုံတင်အမှတ် 38052 (27/10/15) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၁၈၁၈၅၇

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/6878 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ Lighthouse Learning Centre၏ လူမှုဝန်ထမ်း ဦးစီးဌာနမှ ထောက်ခံထားသောကျောင်းဖြစ်ကြောင်း မူရင်းနှစ်ရွက်၊ ၁၅-၁၂-၂၀၁၇ ရက်စွဲပါ မြန်မာ့စီးပွားရေးဘဏ်(၁)မှ ငွေသွင်းချလန်မိတ္တူတစ်ရွက်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေလက်ခံဖြတ်ပိုင်း မူရင်းတစ်ရွက်မှာ ၁၅-၁၂-၂၀၁၇ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

**ဖုန်း-၀၉-၇၃၁၃၉၉၄၈၊ ၀၉-၄၅၀၄၀၂၀၂၂**

# ဆူဒန်နှင့် ယူအေအီးတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှု အောင်မြင်စွာပြီးဆုံး




**ဆူဒန် ဒီဇင်ဘာ ၁၅**

ဆူဒန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) တပ်မတော်တို့သည် ဆူဒန်အရှေ့ပိုင်းတွင် ကြာသပတေးနေ့က ပူးတွဲစစ်ရေးလေ့ကျင့်မှုပြီးဆုံးခဲ့ကြောင်း သိရသည်။

တစ်ပတ်ကြာ ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုကို Coast Heroes 1 ဟု အမည်ပေးခဲ့ပြီး ယင်းစစ်ရေးလေ့ကျင့်မှုတွင် ကမ်းခြေလုံခြုံရေး လေ့ကျင့်မှုအစီအစဉ်များ၊ လေ့ကျင့်ရေးစနစ်များ အကောင်အထည်ဖော်ခြင်းနှင့် တိုက်ခိုက်ရေးသီအိုရီများ၊ ခေတ်မီပြီးရှုပ်ထွေးသော လက်နက်များသာမက စစ်ချီစစ်တက်နည်းဗျူဟာဆိုင်ရာ လေ့ကျင့်မှုများပါဝင်သည်။ နှစ်နိုင်ငံလုံးမှ လေကြောင်းအင်အားစု၊ ရေတပ်အင်အားစုနှင့် အမြောက်တပ်များသာမက မြေပြင်ခြေလျင်တပ်ဖွဲ့ဝင်များလည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့ကြသည်။ ဆူဒန်တပ်မတော် ပူးတွဲစစ်ရေးလေ့ကျင့်မှု ညွှန်ကြားမှုအဖွဲ့ အကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီး ဆာအက်မို ဟမ်အယ်လ်အမင်က ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်လုံးကို တိုက်ရေးခိုက်ရေးတွင် အဆင်သင့်ဖြစ်အောင် ကူညီပေးနိုင်သည့်အတွက် လွန်စွာအရေးကြီးကြောင်း ထပ်တလဲလဲပြောကြားခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှု၊ ခွန်အားနှင့် ငြိမ်းချမ်းရေးဟူသောဆောင်ပုဒ်အောက်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အကောင်အထည်ဖော်ခဲ့ကြောင်း အမင်က စစ်ရေးလေ့ကျင့်မှု ပိတ်ပွဲအခမ်းအနားတွင်ပြောကြားသည့်မိန့်ခွန်း၌ ထည့်သွင်းပြောဆိုခဲ့သည်။ အာရပ်စော်ဘွားများပြည်ထောင်စုတပ်မတော် စစ်ရေးလေ့ကျင့်မှုအဖွဲ့ အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး အာကွက်ရာဟင်အယ်လ်အလီက ပူးတွဲစစ်ရေးလေ့ကျင့်မှု အောင်မြင်အောင် ညွှန်ကြားခဲ့သည့် တပ်မတော်နှစ်ရပ်လုံး၏အင်အားစိုက်ထုတ်မှုကို ချီးမွမ်းခဲ့သည်။ စစ်ရေးလေ့ကျင့်မှုသည်ဒေသတွင်းစိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် တိုက်ခိုက်ရေး စွမ်းရည်ကို မြှင့်တင်ရန်နှင့် အသင့်ဖြစ်စေရန်၊ အတွေ့အကြုံများကိုဖလှယ်ရန်နှင့်ဆူဒန်နှင့် ယူအေအီးတပ်မတော်အင်အားစုတို့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ရည်မှန်းချက်များ အောင်မြင်ပြည့်ဝခဲ့ကြောင်း အကြီးအကဲများက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန်နှင့် မက္ကဆီကိုတို့ နယ်စပ်မူးယစ်ဆေးဝါးတိုက်ဖျက်မှုကို ဖြေရှင်းရန်သဘောတူ

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

အမေရိကန်နှင့် မက္ကဆီကို အဆင့်မြင့်အရာရှိကြီးများသည် ကြာသပတေးနေ့က နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုကျူးလွန်သူများအဖွဲ့နှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်လာသည့် မူးယစ်ဆေးဝါးများကို တိုက်ဖျက်ရန်အတွက် အတူပူးပေါင်းဆွေးနွေးခဲ့ကြသည်။ လက်ရှိခြိမ်းခြောက်နေသော ရာဇဝတ်မှုများနှင့် မူးယစ်ဆေးခြိမ်းခြောက်မှုအန္တရာယ်များအတွက် နှစ်နိုင်ငံအတူတကွ ဖြေရှင်းမှုကိုသာလျှင် လက်တွေ့လုပ်ဆောင်ရမည်ဖြစ်ကြောင်း အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

၂၀၁၆ ခုနှစ်အတွင်းအမေရိကန်နိုင်ငံသား ၆၄၀၀၀ မှာ ဆေးလွန်၍သေဆုံးခဲ့ကြောင်း အမေရိကန်အစိုးရ၏ ကြိုတင်ကောက်ယူထားသည့် စာရင်းဇယားများအရ သိရသည်။

တစ်ချိန်တည်းမှာပင် မက္ကဆီကိုနိုင်ငံသားများလည်း မူးယစ်ဆေး၏သားကောင်များ ဖြစ်ခဲ့ကြရပြီး မူးယစ်မှုနှင့်ဆက်နွှယ်သည့် ရာဇဝတ်မှုများကြောင့် အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများနှင့် မူးယစ်မှောင်ခိုမှုများမှာ အိမ်နီးချင်းနှစ်နိုင်ငံအတွက်ခြိမ်းခြောက်မှုသဖွယ် ဖြစ်နေပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အပြစ်တင်ခဲ့ကြသည်။

အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက အခုအခါ နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုတော့မည်ဖြစ်ရာ အမေရိကန်ဘက်မှလည်း သူတို့၏ ဆေးဝါးလိုအပ်ချက်ကို လျှော့ချရန်လိုအပ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**






## ကယ်လီဖိုးနီးယားတောင်ပိုင်း တောမီးလောင်ကျွမ်းမှုတွင် မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးသေဆုံး

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၅**

Thomas Fire ဟုအမည်ပေးခဲ့သည့် ကယ်လီဖိုးနီးယားတောင်ပိုင်း တောမီးလောင်ကျွမ်းမှုတွင် ကြာသပတေးနေ့ နံနက်ခင်းက မီးတောက်များကို ငြိမ်းသတ်ရန်ကြိုးစားရင်း မီးသတ်ကယ်ဆယ်ရေးသမားတစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ ယင်းတောမီးလောင်ကျွမ်းမှုသည် ခေတ်သစ်ကယ်လီဖိုးနီးယားသမိုင်းတွင် အကြီးမားဆုံး တောမီးလောင်ကျွမ်းမှုတစ်ခုဖြစ်သည်။

အဆိုပါဒေသ၌ စနေနေ့တစ်လျှောက်လုံးတိုက်ခတ်ခဲ့သည့် အင်အားပြင်းသောလေကြောင့် လူမှုအဖွဲ့အစည်းများကို အသက်အန္တရာယ်ခြိမ်းခြောက်လာနိုင်ကြောင်း အာဏာပိုင်များက သတိပေးခဲ့သည့်ကြားမှပင် မီးသတ်ကယ်ဆယ်ရေးသမားတစ်ဦးသေဆုံးခဲ့ရခြင်းဖြစ်သည်။

သေဆုံးသူအမျိုးသားမှာ အသက် ၃၂ နှစ်ရှိပြီဖြစ်သည့် မီးသတ်အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ၎င်း၏အမည်မှာ ကော်ရီအီဗာဆန်ဟု သိရသည်။ ၂၀၀၉ခုနှစ်တွင် ကယ်လီဖိုးနီးယားသစ်တောလုပ်ငန်းနှင့် မီးဘေးအန္တရာယ်ကယ်ဆယ်ရေးဌာနသို့ ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ကြေကွဲဝမ်းနည်းဖွယ် လူ့အသက်ဆုံးရှုံးရမှုကြောင့် တောမီးလောင်ကျွမ်းမှုအပေါ် ကျွန်ုပ်တို့အနေဖြင့် ပိုမိုအာရုံစိုက် သတိထားသင့်ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ကျွန်ုပ်တို့မျက်စိရှေ့၌ပင် ဆက်လက်တိုက်ခိုက်နေကြောင်း မီးသတ်အဖွဲ့ဒါရိုက်တာ ကင်ပင်လော့က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုသည် ၁၀ ရက်ခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။

**ဆင်ဟွာ**

## ရုရှားနှင့် အမေရိကန်သမ္မတတို့ နှစ်နိုင်ငံကိစ္စရပ်များနှင့် ကိုရီးယားကျွန်းဆွယ်အရေး ဖုန်းဖြင့် ဆွေးနွေး

**မော်စကို ဒီဇင်ဘာ ၁၅**

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် နှစ်နိုင်ငံအရေးပေါ် သံတမန်ကိစ္စရပ်များကို ဆွေးနွေးရန်နှင့် ကိုရီးယားကျွန်းဆွယ်အရေးကိစ္စတို့ကို ကြာသပတေးနေ့က တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော်မှ ထုတ်ပြန်ကြေညာသည်။ အမေရိကန်နှင့် နှစ်နိုင်ငံဆွေးနွေးတိုင်ပင်ရမည့်ကိစ္စရပ်များကို တိုင်ပင်ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ကိုရီးယားနျူကလီးယားအရေးနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းနေ့အစောပိုင်းက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သမ္မတပူတင်က သူ့အနေဖြင့် သမ္မတထရန့်မှာ ရွေးကောက်ပွဲနှောင်းပိုင်းကာလက ပြောဆိုခဲ့သော အမေရိကန်နှင့် ရုရှားတို့ ဆက်ဆံရေးလမ်းကြောင်းပေါ်သို့ ပြန်သွားမည်ဟူသောကတိများကို ထရန့်အနေဖြင့် ထိန်းသိမ်းနိုင်စွမ်းရှိသည်ဟု ယုံကြည်ကြောင်း ပြောဆိုခဲ့သည်။

သမ္မတပူတင်၏ သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်၏စီးပွားရေးခိုင်မာမှုကို အသိအမှတ်ပြုခဲ့သည့်အတွက် သမ္မတထရန့်က ကျေးဇူးတင်ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ခဲ့သည်။ ကိုရီးယားကျွန်းဆွယ်နှင့်ပတ်သက်၍ အလွန်အန္တရာယ်များသော အခြေအနေများကို အတူတကွ ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က ပြောသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကလည်း ပြုံယမ်းကိုနျူကလီးယားလက်နက်စွန့်လွှတ်ရေးအတွက် ဖိအားပေးသွားရန် စဉ်းစားဆဲဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်များနှင့် ပထမဦးဆုံးအကြိမ် အလွတ်သဘော ဆွေးနွေးပွဲပြုလုပ်ရန် အမေရိကန်က ဆန္ဒရှိကြောင်း ပြောသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားနှင့် ပတ်သက်သည့် အမေရိကန်၏ မူဝါဒ ပြောင်းလဲခြင်းမရှိကြောင်း အိမ်ဖြူတော်အာဏာပိုင်များပြော

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်က အမေရိကန်သည် မြောက်ကိုရီးယားနှင့် ဆွေးနွေးရန် အသင့်ဖြစ်နေကြောင်း ဖော်ပြခဲ့ပြီးနောက်တွင် အိမ်ဖြူတော် အမျိုးသားလုံခြုံရေး အကြံပေးက မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်သည့် အမေရိကန်၏ မူဝါဒ ပြောင်းလဲခြင်းမရှိဟု ပြောကြားခဲ့ကြောင်း သိရသည်။

တေလာဆန်သည် အင်္ဂါနေ့တွင် ဝါရှင်တန်၌ ကျင်းပသည့် နိုင်ငံခြားရေး မူဝါဒဆိုင်ရာ ဖိုရမ်၌ ထိုသို့ ပြောခဲ့ကြောင်း သိရသည်။ တေလာဆန်၏ ထိုသို့ ဖော်ပြခဲ့မှုသည် နျူကလီးယားအစီအစဉ်များကို လက်လျှော့သွားစေရန်အတွက် မြောက်ကိုရီးယားနိုင်ငံအပေါ် အကြီးအကျယ် ဖိအားပေးမှုမှ အမေရိကန်၏ မူဝါဒပိုင်းတွင် ဖြစ်လာနိုင်ဖွယ်ရှိသည့် အပြောင်းအလဲအဖြစ် တွေ့မြင်ရသည်။

အိမ်ဖြူတော်အမျိုးသားလုံခြုံရေး အကြံပေး အိတ်ချ်အာ မက်မာစတာက ဗုဒ္ဓဟူးနေ့က ဝါရှင်တန်၌ တေလာဆန်၏ မှတ်ချက်ချမှုကို ရည်ညွှန်းပြောဆိုခဲ့ပြီး အမေရိကန်၏ မူဝါဒပိုင်းဆိုင်ရာ အပြောင်းအလဲမရှိကြောင်း အလေးအနက် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ဒီဂျစ်တယ်နည်းပညာဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းကြရန် ယူနီဆက်ဖ် တိုက်တွန်း

**ဂျီနီဗာ ဒီဇင်ဘာ ၁၅**

ကုလသမဂ္ဂ ကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) သည် ဒီဂျစ်တယ်နည်းပညာဆိုင်ရာ အခက်အခဲပြဿနာများကို ကိုင်တွယ်ဖြေရှင်းကြရန် နိုင်ငံများနှင့် အိုင်တီကုမ္ပဏီများအား တိုက်တွန်းခဲ့ကြောင်း သိရသည်။


ယူနီဆက်ဖ် အမှုဆောင်ဒါရိုက်တာ အန်တိုနီလိတ်ခ်သည် ဗုဒ္ဓဟူးနေ့တွင် တိုကျို၌ ပြုလုပ်သည့် ၂၀၁၇ ကမ္ဘာ့ကလေးငယ်များနိုင်ငံတော် အထိမ်းအမှတ်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယခုနှစ် အစီရင်ခံစာမှာ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန်အတွက် ဒီဂျစ်တယ်နည်းပညာက လူငယ်များ၏ အခွင့်အလမ်းကို ယူဆောင်လာပေးမည်ဖြစ်ကြောင်း၊ ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ပညာရေးစနစ်နှင့် အလုပ်အကိုင်ရှာဖွေရာတွင် အခွင့်အလမ်း ပိုမိုရရှိလာအောင် ကူညီပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

သို့သော် အစီရင်ခံစာတွင် အွန်လိုင်းမှတစ်ဆင့် လိမ်လည်မှုများ၏ သားကောင်များ ဖြစ်လာမှုများသာမက လူကုန်ကူးမှုများနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများ ပေါ်ပေါက်လျက်ရှိပြီး နည်းပညာများ လျင်မြန်စွာ တိုးတက်လာမှုနှင့်အတူ လုံခြုံစိတ်ချရသည့် အရေးယူဆောင်ရွက်မှုများ လိုအပ်နေသေးကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပြည်သူတွေကို အာမခံချက်ပေးမည့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်

**ကလျာမိုးမြင့်**




အမေရိကန်မှာ ဘိန်းဖြူသုံးစွဲမှုကြောင့် ကူးစက်ရောဂါတွေ ဖြစ်ပွားရမှုဟာ နောက်ဆုံးမှာတော့ စိုးရိမ်ဖွယ် အာရုံစိုက်ရမယ့် ခိုင်လုံတဲ့ အခြေအနေတစ်ခုကို ရောက်ရှိလာခဲ့ပါပြီ။ မူဝါဒဆိုင်ရာ ဖြေရှင်းမှုတွေနဲ့ မလုံလောက်တော့တဲ့ အချိန်မှာ တစ်မျိုးသားလုံး ဘိန်းဖြူသုံးစွဲမှု အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာဖို့ သမ္မတထရမ့်ရဲ့ ဆုံးဖြတ်လိုက်မှုက ဒီပြဿနာနဲ့ ပတ်သက်ပြီး ပိုမိုဆွေးနွေးလာဖို့နဲ့ ဒါကို နိုင်ငံက ဘယ်လိုဖြေရှင်းမလဲ ဆိုတာကို အဖြေရှာဖို့ အကူအညီဖြစ်စေခဲ့ပါတယ်။

ဒါပေမယ့် အပြန်အလှန် စကားပြောဆို ဆွေးနွေးမှုတွေဟာ အမေရိကန်လူငယ်တွေအတွင်းမှာ တော်တော်လေး အန္တရာယ်ကြီးမားပြီး မသိကျိုးကျွန်ပြုခြင်းခံနေရတဲ့ အကြီးအကျယ် ပျက်စီးလိုက်စားခြင်းကို ဖြစ်စေခဲ့တဲ့ အပြန်အလှန် ဆက်နွယ်နေသော အများပြည်သူကျန်းမာရေး အကျပ်အတည်းနဲ့ ပတ်သက်ပြီးတော့ ဦးတည်ဆွေးနွေးသွားဖို့လည်း လိုအပ်ပါလိမ့်မယ်။

ပြဿနာကတော့ သာမန်ထက်ပိုတဲ့ အမေရိကန်နိုင်ငံသား အရေအတွက် တော်တော်များများဟာ ဘိန်းဖြူထိုးသွင်းမှုတွေ ပြုလုပ်နေကြပြီး အမှုမဲ့ အမှတ်မဲ့နဲ့ အသည်းရောင်ရောဂါစီပိုးကို ၎င်းတို့ရဲ့ခန္ဓာကိုယ်ထဲကို ကူးစက်ဝင်ရောက်အောင် လုပ်ဆောင်နေကြတယ်ဆိုတာပါပဲ။ ဆေးထိုးအပ်တွေကို မျှဝေသုံးစွဲတာဟာ သွေးကနေပေါက်ဖွားတဲ့ ကူးစက်ရောဂါပိုးတွေကို မျှဝေယူနေကြတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဘိန်းဖြူသုံးစွဲတဲ့ပြဿနာဟာ အသည်းရောင်ရောဂါ စီပိုးကူးစက်ခံရတဲ့ လူနာမျိုးဆက်သစ်တွေကို ဘယ်လို ဖန်တီးနေတယ်ဆိုတာကို သိနိုင်ပြီပဲ ဖြစ်ပါတယ်။

အသည်းရောင်ရောဂါ စီပိုး ကူးစက်ခံရမှုဟာ ၂၀၁၀ ကနေ ၂၀၁၅ ခုနှစ်အထိ သုံးဆနီးပါးလောက်ကို မြင့်တက်လာခဲ့ပါတယ်။ အသက် ၃၀ အောက်လူငယ်တွေထဲမှာဆိုရင် ဗိုင်းရပ်စ်ဟာ မကြုံစဖူးတဲ့နှုန်းနဲ့ကို မြန်မြန်ဆန်ဆန် ကူးစက် ပျံ့နှံ့နေပါတယ်။ ဒီလူငယ်တွေဟာ ခုချိန်မှာ အသည်းရောင်ရောဂါ စီပိုး ကူးစက်ခံရဖို့ ပထမဆုံးနဲ့ အန္တရာယ်အရှိဆုံး လူသားမျိုးနွယ်တွေ ဖြစ်လာခဲ့ပါပြီ။ အမေရိကန်ပြည်ထောင်စုမှာ ခန့်မှန်းခြေ လူ ၃ ဒသမ ၅ သန်းလောက်နဲ့ ဒီထက်ပိုများတဲ့ အရေအတွက်ဟာ လက်ရှိမှာ အသည်းရောင်ရောဂါ စီပိုး ကူးစက်ခံထားရပြီး အသက်ရှင်နေထိုင်ကြရသူတွေ ဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်က နှစ်စဉ်နှစ်တိုင်း HIV ပိုးနဲ့ အခြားကူးစက်ရောဂါပေါင်းစုံတွေထက်ပိုပြီး အမေရိကန်နိုင်ငံသား နှစ်သောင်းနီးပါးလောက်ကို အသက်ဆုံးရှုံးအောင် လုပ်နေပါတယ်။

**အသည်းရောင်ရောဂါ စီပိုးဝင်ရောက်တော့ ဘာတွေဖြစ်မလဲ**

အသည်းရောင်ရောဂါ စီပိုးဟာ အသည်းကို တိုက်ခိုက်ပါတယ်။ အသည်းကြွပ်ရောဂါ၊ အသည်းအမာရွတ်စွဲခြင်းတွေ ဖြစ်လာစေပြီး အဲဒီကနေ ပြင်းထန်တဲ့ အသည်းထိခိုက်ပျက်စီးမှု၊ အသည်းကင်ဆာနဲ့ အသည်းအလုပ်မလုပ်တော့တဲ့ အထိ ဒုက္ခပေးပါတယ်။ ဒီဗိုင်းရပ်စ်က အသည်းကင်ဆာဖြစ်ပွားစေတဲ့ အကြောင်းရင်းပါပဲ။

အမေရိကန်ပြည်ထောင်စုမှာ ကင်ဆာအမြန်ဆုံး ပျံ့နှံ့ကြီးထွားစေတဲ့ အကြောင်းရင်းတစ်ခုဖြစ်တဲ့အပြင် ၁၉၈၀ ပြည့်နှစ်များအတွင်းမှာ အမေရိကန်နိုင်ငံသားတွေကို သေစေခဲ့တာထက် ခုချိန်မှာ နှစ်ဆလောက် ပိုပြီးသေစေနိုင်တဲ့ ဗိုင်းရပ်စ်ဖြစ်လာခဲ့ပါပြီ။ မူးယစ်ဆေးဝါးတွေကို သွေးကြောထဲ ထိုးသွင်းလာကြတဲ့ လူငယ်တွေကြောင့် အသည်းရောဂါ ဖြစ်ပွားလာမှုအသစ်တွေဟာ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာတင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် သုံးဆလောက် ဖြစ်လာခဲ့ပါတယ်။

ကံကောင်းစွာနဲ့ပဲ ယနေ့အခါမှာ ကျွန်ုပ်တို့အနေနဲ့ ဒီဗိုင်းရပ်စ်ကို နှိမ်နင်းနိုင်မယ့် မကြုံစဖူးသော အခွင့်အရေးတစ်ခုကို ရရှိလာခဲ့ပါပြီ။ ထိရောက်တဲ့ အသည်းရောင်ရောဂါ စီပိုးကုထုံးတွေနဲ့ အသက်ကြီးသူတွေကို အားအင်ကုန်ခန်းစေတဲ့ ဘေးထွက်ဆိုးကျိုးတွေမရှိဘဲ ၉၅ ရာခိုင်နှုန်း ကုသပေးနိုင်တဲ့ ကုသမှုတွေ ပိုပိုပြီး ရရှိလာပါပြီ။ Direct-acting antivirals လို့ အမည်ပေးထားတဲ့ ဗိုင်းရပ်စ်ပိုးများကို ချေဖျက် သုတ်သင်နိုင်စွမ်းရှိတဲ့ ကုသမှုဟာ ခန္ဓာကိုယ်ကနေ အသည်းရောင်ရောဂါစီပိုးကို ဖယ်ထုတ်ပစ်ပြီး အသည်းကို တိုက်ခိုက်နေတာတွေကို ရပ်သွားစေတဲ့အပြင် အသည်းရောင်စီပိုးရှိတဲ့လူနာကနေ တခြားသူတွေကို ကူးစက်ခြင်းမရှိအောင် ကာကွယ်ပေးပါတယ်။

ဒီကုထုံးတွေထဲက တချို့ဟာ အစပိုင်းမှာ ဆေးတစ်ပြားကို အမေရိကန်ဒေါ်လာ တစ်ထောင်လောက် ကုန်ကျခဲ့တဲ့အတွက် တစ်နိုင်ငံလုံးရဲ့ ခေါင်းကြီးပိုင်းလိုမျိုး နေရာယူခဲ့ပေမယ့် ခုတော့ အဲဒီလိုအချိန်တွေ ကုန်လွန်ခဲ့ပါပြီ။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်အချိန်လောက်မှာ ကုထုံးသစ်တွေ အမျိုးမျိုးဟာ ဈေးကွက်ထဲကို သူ့ထက်ငါ အပြိုင်အဆိုင် ဝင်ရောက်လာခဲ့ပါတယ်။ အမျိုးမျိုးအဖုံဖုံသော ကုသမှုနည်းတွေကို အတည်ပြုထောက်ခံချက်ပေးထားပြီဖြစ်လို့ ဈေးနှုန်းတွေကလည်း လျော့ကျလာတော့မှာဖြစ်ပါတယ်။

သို့သော်လည်း အမေရိကန်နိုင်ငံသား တော်တော်များများ အတွက်ကတော့ ကုသမှုခံယူဖို့အတွက် အခက်အခဲ အတားအဆီးတွေက ရှိနေတုန်းပါပဲ။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုတွေကို အမေရိကန်နိုင်ငံသား ၂၁၆ သန်းကျော်အတွက် သိသိသာသာ တိုးမြှင့်ပေးလိုက်ပြီး သက်ကြီးရွယ်အိုတွေအတွက် ဆေးဝါးအကူအညီပေးအပ်မှုစီမံကိန်းအရ ဝန်ဆောင်မှုရထားတဲ့သူ ၅၃ သန်းနဲ့ ပုဂ္ဂလိက အာမခံဝန်ဆောင်မှုတွေ ရှိနေသော်လည်း နိုင်ငံတော်က ဆင်းရဲနွမ်းပါးသူများအတွက် ဆေးဝါးအကူအညီပေးအပ်မှု စီမံကိန်းတွေမှာတော့ လုံးဝကွဲပြားခြားနားတဲ့ ပုံပြင်တစ်ပုဒ်လို ကျန်ရှိနေပါတယ်။

ဆင်းရဲနွမ်းပါးသူများအတွက် ဆေးဝါးအကူအညီပေးအပ်မှုစီမံကိန်းအားဖြင့် အထောက်အပံ့ပေးထားသူတွေဖြစ်တဲ့ ဝင်ငွေနိမ့်ပါးတဲ့ ဆယ်ကျော်သက်တွေ၊ ကလေးသူငယ်တွေ၊ ကိုယ်ဝန်ဆောင်တွေ၊ ဒုက္ခိတတွေ အပါအဝင် အမေရိကန်ပြည်သူပေါင်း သန်း ၇၀ ကျော်ဟာ အသည်းရောင်ရောဂါစီပိုးကို ကုသဖို့အတွက် အထောက်အပံ့ပေးအပ်ရာမှာ အလွန်အမင်း ကန့်သတ်ထားတာတွေကို ရင်ဆိုင်နေရပါတယ်။

ဆေးဝါးအကူအညီ အထောက်အပံ့ပေးအပ်မှုအတွက် ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ထားတဲ့ လျှော့ဈေးသတ်မှတ်မှုတွေဟာ လျှို့ဝှက်ကိစ္စတွေဖြစ်ပေမယ့် ဆင်းရဲနွမ်းပါးသူများအတွက် ဆေးဝါးအကူအညီပေးအပ်မှုစီမံကိန်းအရ အသည်းရောင်ရောဂါစီပိုးကုသမှုအတွက် စရိတ်ကို ခုချိန်မှာ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကနေ ၃၀၀၀၀ အထိ သတ်မှတ်ထားတယ်လို့ ကျွန်ုပ်တို့ သိရှိထားပြီး ဖြစ်ပါတယ်။ ဒီကုန်ကျစရိတ်ဟာ အသည်းရောင်ရောဂါစီပိုးကြောင့် ဖြစ်ပွားရတဲ့ ကင်ဆာရောဂါနဲ့ အသည်းပျက်စီးမှုကို ကုသတဲ့ ကုန်ကျစရိတ်ထက် လျော့နည်းပါတယ်။

နှစ်စဉ်နှစ်တိုင်း အသည်းရောင်ရောဂါစီပိုး ပေါ့စတစ်ရှိတဲ့ လူနာတွေဟာ တစ်နှစ်မှာ ငါးကြိမ်ထက်မနည်း ဆေးရုံတက်ကုသမှုခံယူနေရပြီး အသည်းရောင်ရောဂါပိုးမရှိတဲ့ လူနာတွေ အရေးပေါ်ခန်းတွေကို သွားရောက်ရတဲ့ အရေအတွက်ထက် သုံးဆလောက် ပိုများပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ အသည်းအစားထိုး ကုသမှုတွေ အားလုံးရဲ့ ၃၀ ရာခိုင်နှုန်းလောက်နီးနီးဟာ အသည်းရောင်ရောဂါစီပိုးကြောင့်ဖြစ်ပြီး ဒီလိုခွဲစိတ်ကုသမှုမျိုး တစ်ခါလုပ်ဖို့ဆိုရင် ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ၅၇၇၀၀၀ လောက်ကုန်ကျတဲ့ ခွဲစိတ်ကုသမှုပါ။

ဒါပေမယ့် ခုပြောနေတဲ့ အကြောင်းအရာဟာ ကုသမှုအတွက် ထိရောက်တဲ့ ကုန်ကျစရိတ်အကြောင်း တစ်ခုတည်း မဟုတ်ပါဘူး။ Medicaid ဆိုတာဟာ အမေရိကရဲ့ဝင်ငွေနိမ့်ပါးတဲ့ ပြည်သူတစ်ဦးချင်းစီအတွက် သက်သာချောင်ချိစေမယ့် ကွန်ရက်တစ်ခုဖြစ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ပါ။ ဆေးဝါးကုသမှုခံယူဖို့ လိုအပ်သူတွေအတွက် ဝန်ဆောင်မှုပေးဖို့ ဥပဒေက ခွင့်ပြုထားတဲ့ အစီအစဉ်ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူလူထုရဲ့ကျန်းမာရေးလိုအပ်ချက်တွေ၊ ရောဂါဖြစ်ပွားမှုတွေနဲ့ ကုသမှုပိုင်းဆိုင်ရာ မြှင့်တင်နိုင်ရေးအတွက် တုံ့ပြန်ဆောင်ရွက်ဖို့နဲ့ အခက်အခဲတွေကို လျော့နည်းစေဖို့ ရေးဆွဲထားတဲ့ အစီအစဉ်တစ်ခုပါ။



ခုချိန်မှာ နိုင်ငံတော်ပိုင် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တွေတိုင်းက အသည်းရောင်ရောဂါစီပိုးကို အများပြည်သူလူထုရဲ့ကျန်းမာရေးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်တစ်ခုအနေနဲ့ ဝိုင်းဝန်းတိုက်ဖျက်ဖို့၊ ကုသမှုတွေ စတင်ပေးအပ်ကြဖို့ အချိန်အခါဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံအများစုမှာ ဒီလိုလုပ်ဆောင်တဲ့ အတိုင်းအတာကို မရောက်ရှိသေးပါဘူး။ ။

**ကိုးကား - ရိုက်တာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) ထိုသို့လွှဲပြောင်းခြင်းကြောင့် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီတစ်ခုအဖြစ်သို့ ရောက်ရှိသည် သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုအဖြစ်မှ ရပ်စဲသည်ဆိုသည်ကို အကြောင်းကြားစာတွင် ဖော်ပြရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း၏ တရားဝင်မှုကို ထိခိုက်ခြင်းမရှိစေရ။

၈၇။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်များကိုလိုက်နာရန် ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ဆောင်ရွက်ခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် ခုနစ်သိန်း ငါးသောင်းကို ပေးဆောင်ရမည်။

**တရားဝင်ကိုယ်စားလှယ်ဖြင့်လွှဲပြောင်းခြင်း**

၈၈။ ကုမ္ပဏီရှိ ကွယ်လွန်ခဲ့သော ပါဝင်သူတစ်ဦးဦး သို့မဟုတ် အခြားအကျိုးခံစားခွင့်ကို လက်ဝယ်ထားရှိသော ကွယ်လွန်သူတစ်ဦးဦး၏ အစုရှယ်ယာ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်အား ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်ဖြင့် လွှဲပြောင်းခြင်းသည် ယင်းတရားဝင်ကိုယ်စားလှယ်မှာ အကျိုးခံစားခွင့်နှင့်သက်ဆိုင်သည့် ကုမ္ပဏီပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူ မဟုတ်စေကာမူ အဆိုပါ လွှဲပြောင်းမှုစာချုပ်အား ချုပ်ဆိုဆောင်ရွက်သည့်အချိန်၌ အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့်ကုမ္ပဏီ ပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူ ဖြစ်သကဲ့သို့ တရားဝင်စေရမည်။

## အခန်း(၁၃)
## မှတ်ပုံတင်စာရင်းများနှင့် ကုမ္ပဏီရှိ အကျိုးခံစားခွင့်များအား မှန်ကန်ကြောင်း ထောက်ခံခြင်း

**ပိုင်ဆိုင်ခွင့်အထောက်အထားဖြစ်စေမည့် အစုရှယ်ယာများ၏သက်သေခံလက်မှတ်**

၈၉။ (က) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက ပိုင်ဆိုင်သည့်အစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြချက်ပါရှိပြီး ပုဒ်မ ၂၉ နှင့်အညီ ကုမ္ပဏီ၏ရုံးတံဆိပ်ခတ်နှိပ်ထားသော သို့မဟုတ် အခြားနည်းဖြင့် လက်မှတ်ရေးထိုးထားသော သက်သေခံလက်မှတ်တစ်ခုသည် အဆိုပါအစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီတွင် ပါဝင်သူ၏ မှန်ကန်ကြောင်း ထင်ရှားသော ပိုင်ဆိုင်ခွင့်အထောက်အထား ဖြစ်စေရမည်။

(ခ) ကုမ္ပဏီ၏အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့ရှယ်ယာများ သို့မဟုတ် အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို ထုတ်ဝေသတ်မှတ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းအား မှတ်ပုံတင်ပြီးနောက် ၂၈ ရက်အတွင်း အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ထုတ်ဝေသတ်မှတ်ထားသော သို့မဟုတ် လွှဲပြောင်းထားသော အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့ရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များအားလုံး၏ သက်သေခံလက်မှတ်ကို ထုတ်ဝေခြင်းနှင့်သက်ဆိုင်သော စည်းကမ်းချက်များအား အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိလျှင် ပြီးစီးအောင်ဆောင်ရွက်၍ ပေးအပ်ရန်အတွက် အသင့် ပြုလုပ်ထားရှိရမည်။

(ဂ) ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပေးသော သက်သေခံလက်မှတ် အားလုံးတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီ၏အမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊

(၃) အစုရှယ်ယာသက်သေခံလက်မှတ်နှင့်သက်ဆိုင်လျှင် အစုရှယ်ယာအရေအတွက်၊ အစုရှယ်ယာများ၏ အမျိုးအစား၊ အစုရှယ်ယာများအတွက် ပေးချေထားသည့် ငွေပမာဏ၊ အစုရှယ်ယာများအတွက် ပေးချေရခြင်းမရှိသေးသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏနှင့် အစုရှယ်ယာများအတွက် ငွေပေးချေပြီးဖြစ်သည့် ရာခိုင်နှုန်းနှင့်

(၄) မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များဖြစ်လျှင် အဆိုပါ ငွေချေးသက်သေခံ လက်မှတ်အရေအတွက်၊ အမျိုးအစားနှင့် ပေးချေထားသော ငွေပမာဏ၊ အစုရှယ်ယာအဖြစ် လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များဖြစ်လျှင် ထိုသို့လဲလှယ်နိုင်မည့်အစုရှယ်ယာ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်များ၏ အရေအတွက်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် အစုရှယ်ယာ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လက်ဝယ်ထားရှိသူ တစ်ဦးဦး၏ အခွင့်အရေးများကို အကျိုးသက်ရောက်စေခြင်းမရှိစေရ။

**ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း**

၉၀။ (က) ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်ရန်အတွက် လျှောက်လွှာတွင် ဖော်ပြပါရှိသော ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် အမည်ဖော်ပြထားသူများကို ကုမ္ပဏီတွင် ပါဝင်သူများဖြစ်သည်ဟု သဘောတူလက်ခံထားကြောင်း မှတ်ယူရမည်ဖြစ်ပြီး ယင်းကုမ္ပဏီအား မှတ်ပုံတင်သည့်အခါ ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ ၎င်းတို့အား ကုမ္ပဏီတွင် ပါဝင်သူအဖြစ် ရေးသားဖော်ပြရမည်။

(ခ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် သဘောတူလက်ခံထား၍ ၎င်း၏အမည်ကို ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ရေးသားဖော်ပြထားသူများသည် ကုမ္ပဏီတွင် ပါဝင်သူများဖြစ်သည်။

(ဂ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည်၎င်းတို့ကုမ္ပဏီတွင် ပါဝင်သူများ၏ နောက်ဆုံးအချက်အလက်များအထိ ပါရှိသော မှတ်ပုံတင်စာရင်းကို ထားရှိရမည်ဖြစ်ပြီး အောက်ပါအချက်အလက်များကိုလည်း ယင်းမှတ်ပုံတင်စာရင်းတွင် ရေးသားဖော်ပြရမည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသား ဖြစ်သည်ဟူသော အချက်များ၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအား ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြသည့်ရက်စွဲနှင့်

(၃) ပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့်ရက်စွဲ။

(ဃ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်းရှိခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါတို့ကိုလည်း ဖော်ပြရမည် -

(၁) အစုရှယ်ယာများကို ထုတ်ဝေမှု ပြုလုပ်သည့်ရက်စွဲ၊

(၂) ထုတ်ဝေမှုတစ်ရပ်စီတွင်ပါရှိသည့် အစုရှယ်ယာအရေအတွက်၊

(၃) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပိုင်ဆိုင်သည့် အစုရှယ်ယာများ၊

(၄) အစုရှယ်ယာများ၏ အမျိုးအစား၊

(၅) အစုရှယ်ယာအမှတ်စဉ်များနှင့် အစုရှယ်ယာသက်သေခံလက်မှတ်များ၏ အမှတ်စဉ်များ၊

(၆) အစုရှယ်ယာများအတွက် ပေးချေထားသည့်ငွေပမာဏ၊

(၇) အစုရှယ်ယာများအတွက် အပြည့်အဝငွေပေးချေထားခြင်း ရှိ မရှိနှင့်

(၈) အစုရှယ်ယာများအတွက်ပေးချေရန် ကျန်ရှိသည့်ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏ။

**ကုမ္ပဏီတွင် ပါဝင်သူများနှင့် စပ်လျဉ်းသည့်အညွှန်းစာရင်း**

၉၁။ (က) ပါဝင်သူဦးရေ၅၀ အထက်ရှိသော ကုမ္ပဏီအားလုံးသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အညွှန်းစာရင်းတစ်ရပ်အဖြစ် ပြုစုထားရှိခြင်းမဟုတ်လျှင် ကုမ္ပဏီတွင် ပါဝင်သူများ၏ အမည်များအတွက် နောက်ဆုံးအချက်အလက်များပါရှိသော အညွှန်းစာရင်းတစ်ရပ်ကို ပြုစုထားရှိရမည်ဖြစ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲပြင်ဆင်မှုတစ်ရပ်ရပ် ပြုလုပ်သည့်နေ့မှ ၁၄ ရက်အတွင်း အညွှန်းစာရင်းတွင် လိုအပ်သောပြောင်းလဲပြင်ဆင်မှုကို ပြုလုပ်ရမည်။

(ခ) ကုမ္ပဏီတွင် ပါဝင်သူများအတွက် အညွှန်းစာရင်းတွင် ၎င်းနှင့်သက်ဆိုင်သည့် အချက်အလက်များအား မှတ်ပုံတင်စာရင်း၌ လွယ်ကူစွာရှာဖွေသိရှိနိုင်ရန် အတွက် လုံလောက်သည့် အညွှန်းသင်္ကေတများကို ထည့်သွင်းဖော်ပြရမည်။

**အော့ပ်ရှင်(option) ရှိသူများ၏ မှတ်ပုံတင်စာရင်း**

၉၂။ (က) ထုတ်ဝေခြင်းမပြုရသေးသော အစုရှယ်ယာများ သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို အော့ပ်ရှင် (option) ပြုထားသော ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော အော့ပ်ရှင် (option) ရှိသူများ၏ မှတ်ပုံတင်စာရင်းတစ်ခုကို ပြုလုပ်ထားရှိရမည် -

(၁) ကုမ္ပဏီတွင်အော့ပ်ရှင် (option) ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသားဖြစ်သည်ဟူသော အချက်များအပြင် အော့ပ်ရှင် (option) ပြုထားသည့် အစုရှယ်ယာများ သို့မဟုတ် အခြားအကျိုးခံစားခွင့်များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအား အော့ပ်ရှင် (option) ပြုထားသည့် အစုရှယ်ယာများအတွက် အော့ပ်ရှင်(option) ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့် ရက်စွဲ၊

(၃) အော့ပ်ရှင် (option) ကို ကျင့်သုံးဆောင်ရွက်နိုင်သည့် ကာလ သို့မဟုတ် အချိန်၊

(၄) အော့ပ်ရှင် (option) ကို ကျင့်သုံးဆောင်ရွက်ခြင်း မပြုမီက ပေါ်ပေါက်ရမည့် အဖြစ်အပျက် တစ်ရပ်ရပ်၊

(၅) အော့ပ်ရှင် (option) ပေးခြင်းအတွက် ပေးချေရသည့် ငွေပမာဏ တစ်ရပ်ရပ်၊

(၆) အော့ပ်ရှင် (option) ကျင့်သုံးဆောင်ရွက်မှုအတွက် ပေးချေရမည့် ငွေပမာဏ တစ်ရပ်ရပ် သို့မဟုတ် အဆိုပါ ငွေပမာဏအား သတ်မှတ်သည့် နည်းလမ်းနှင့်

(၇) ပုဂ္ဂိုလ်တစ်ဦးအား အော့ပ်ရှင်(option) ရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

(ခ) အော့ပ်ရှင်(option) ရှိသူများ၏ မှတ်ပုံတင်စာရင်းသည် အော့ပ်ရှင် (option) များအားကျင့်သုံးဆောင်ရွက်သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့် အခါများတွင် အဆိုပါမှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက် ပြုစုထားရှိရမည်။

(ဂ) အော့ပ်ရှင် (option) များအား လွှဲပြောင်းသည့် ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့် အကြောင်းကြားစာအား ကုမ္ပဏီသို့ပေးပို့သည့်အခါမှသာလျှင် ကုမ္ပဏီသည် အော့ပ်ရှင် (option) တစ်ရပ်အား လွှဲပြောင်းခြင်းအတွက် အော့ပ်ရှင် (option)ရှိသူများ၏ မှတ်ပုံတင်စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ရန်လိုအပ်မည်ဖြစ်သည်။ ကုမ္ပဏီမှ အော့ပ်ရှင် (option) အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန် ပျက်ကွက်ခြင်းသည် အော့ပ်ရှင် (option) လွှဲပြောင်းမှုကို ထိခိုက်စေခြင်း မရှိစေရ။

**ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်း**

၉၃။ ဒီဘင်ချာများထုတ်ဝေသည့် ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်းတစ်ခုကို ပြုလုပ်ထားရှိရမည် -

(က) ဒီဘင်ချာရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသားဖြစ်သည်ဟူသော အချက်များအပြင် ၎င်းတို့ထံထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့လက်ဝယ်ရှိသည့် ဒီဘင်ချာများ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(ခ) ပုဂ္ဂိုလ်တစ်ဦးစီအား ဒီဘင်ချာရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့် ရက်စွဲနှင့်

(ဂ) ပုဂ္ဂိုလ်တစ်ဦးအား ဒီဘင်ချာရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

**အခြားအကျိုးခံစားခွင့်များ၏ မှတ်ပုံတင်စာရင်း**

၉၄။ (က) ကုမ္ပဏီတစ်ခုသည် ယင်း၏ အစုရှယ်ယာမတည်ငွေရင်းရှိ အခြားအကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထုတ်ဝေထားသည့် အကျိုးခံစားခွင့်တစ်ရပ်အား ရယူရန် အခွင့်အရေးပေးအပ်ထားသော ငွေချေးသက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ဖြစ်စေ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါ အချက်အလက်များကို မှတ်တမ်းတင်ထားသော မှတ်ပုံတင်စာရင်းတစ်ခုကို ပြုလုပ်ထားရှိရမည် -

(၁) အကျိုးခံစားခွင့်လက်ဝယ်ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့် နိုင်ငံသားဖြစ်သည်ဟူသော အချက်များအပြင် ၎င်းတို့ထံ ထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့လက်ဝယ်ရှိသည့် အကျိုးခံစားခွင့်များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအား အကျိုးခံစားခွင့် လက်ဝယ်ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့်ရက်စွဲ၊

(၃) ပုဂ္ဂိုလ်တစ်ဦးအား အကျိုးခံစားခွင့်လက်ဝယ်ရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲနှင့်

(၄) အကျိုးခံစားခွင့် သက်တမ်းကုန်ဆုံးခြင်း၊ ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် လဲလှယ်ခြင်းများနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ။

(ခ) ဤပုဒ်မအရ အကျိုးခံစားခွင့်တစ်ရပ်ရပ်၏ မှတ်ပုံတင်စာရင်းသည် ကုမ္ပဏီရှိ အစုရှယ်ယာများအဖြစ်သို့ လဲလှယ်နိုင်သည့် ငွေချေးသက်သေခံလက်မှတ်များကို လက်ဝယ်ပိုင်ဆိုင်ထားသူများ၏ မှတ်ပုံတင်စာရင်းတစ်ရပ်ဖြစ်ခဲ့လျှင် အကျိုးခံစားခွင့်များအား လဲလှယ်ဆောင်ရွက်သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့် အခါများတွင် အဆိုပါ မှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ပြုစုထားရှိရမည်။

(ဂ) အကျိုးခံစားခွင့်အား လွှဲပြောင်းသည့်ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့် အကြောင်းကြားစာအား ကုမ္ပဏီသို့ပေးပို့သည့်အခါမှသာလျှင် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းရေးသွင်းထားသည့် အကျိုးခံစားခွင့်အား လွှဲပြောင်းခြင်း တစ်ရပ်ရပ်နှင့် ပတ်သက်၍ ပုဒ်မခွဲ (ခ)တွင် ဖော်ပြပါရှိသည့် အမျိုးအစားနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့်အချက်အလက်များဖြင့် ဖြည့်စွက်ရန်လိုအပ်မည်ဖြစ်သည်။ ကုမ္ပဏီက အကျိုးခံစားခွင့်အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန်ပျက်ကွက်ခြင်းသည် အကျိုးခံစားခွင့်လွှဲပြောင်းမှု တရားဝင်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

**ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်း၌ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများ**

၉၅။ (က) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤအခန်းအရ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် အညွှန်းစာရင်းများကို ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိကဆောင်ရွက်ရာနေရာ၌ ထိန်းသိမ်းထားရှိရမည်။

(ခ) ကုမ္ပဏီသည် ၎င်း၏မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိရန်အတွက် နိုင်ငံတော်အတွင်း မည်သူ့ကိုမဆို ခန့်အပ်နိုင်သည်။ ထိုသို့ဆောင်ရွက်သည့်အခါ ကုမ္ပဏီ၏မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ဖော်ပြပါ ခန့်အပ်ခံရသူ ပုဂ္ဂိုလ်၏ရုံးခန်း၌ ကုမ္ပဏီကိုယ်စား ထိန်းသိမ်းထားရှိနိုင်သည်။

(ဂ) ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိကဆောင်ရွက်သောနေရာမဖြစ်သည့် အခြားနေရာတစ်ခုခု၌ ကုမ္ပဏီ၏မှတ်ပုံတင်စာရင်းများနှင့်အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်အခါ ထိုသို့ထားရှိသည့်နေ့မှ ၂၁ ရက်အတွင်းကုမ္ပဏီသည် အဆိုပါမှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်နေရာအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာပေးပို့တင်ပြရမည်ဖြစ်သည့်အပြင် ကုမ္ပဏီ၏မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်နေရာ ပြောင်းလဲမှုရှိခဲ့ပါကလည်း ထိုသို့ပြောင်းလဲသည့်နေ့မှ ၂၁ ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

**မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲပြင်ဆင်မှုများအား အကြောင်းကြားရခြင်း**

၉၆။ (က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၉၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတွင်ပါဝင်သူများ၏မှတ်ပုံတင်စာရင်းပြုလုပ်သည့် ပြောင်းလဲပြင်ဆင်မှုအသေးစိတ်ကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

(ခ) သက်ဆိုင်ရာပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်သည့်နေ့မှ ၂၁ ရက်အတွင်း အကြောင်းကြား တင်ပြခြင်းကို ပြုလုပ်ရမည်။

**နှစ်စဉ်အစီရင်ခံစာ၊ ကုမ္ပဏီတွင် ပါဝင်သူများစာရင်းနှင့် အကျဉ်းချုပ်ဖော်ပြချက်**

၉၇။ (က) ကုမ္ပဏီအားလုံးသည် ယင်းအား ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်းနှင့် ၎င်းနောက်ပိုင်းကာလအတွက် နှစ်စဉ်အနည်းဆုံးတစ်ကြိမ် သို့ရာတွင် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့် နှစ်ပတ်လည်ကာလ ကုန်ဆုံးပြီးနောက် တစ်လထက် နောက်မကျစေဘဲ ကုမ္ပဏီ၏အသေးစိတ်ဖော်ပြချက်များပါရှိသော နှစ်စဉ်အစီရင်ခံစာတစ်ခုကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(ခ) သို့ရာတွင် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်မှ တစ်ပါး နှစ်စဉ်အစီရင်ခံစာ၌ အောက်ပါအချက်အလက်များ ပါရှိစေရမည်-

(၁) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောအမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်အမှတ်စဉ်၊

(၃) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အခြားနေရာတစ်ခုခုတွင် ထိန်းသိမ်းထားရှိခဲ့ပါက ထိုသို့ ထိန်းသိမ်းထားရှိသည့်နေရာ၏ လိပ်စာ(ကွဲလွဲလျှင်)၊

*(ဆက်လက်ဖော်ပြပါမည်)*

# အရှေ့မြင်အနောက်မြင်တောင်ပေါ်သို့ မိတ္ထီလာခြေလျင်တောင်တက်အဖွဲ့ တက်ရောက်မည်

**မိတ္ထီလာ ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်း တည်ရှိပြီး ရှမ်းပြည်နယ်၏ အမြင့်ဆုံးတောင်ထိပ်တစ်ခုဖြစ်ကာ ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၉၃ ပေမြင့်သည့် အရှေ့မြင် အနောက်မြင်တောင်ပေါ်သို့ မိတ္ထီလာခြေလျင်နှင့်တောင်တက် အဖွဲ့ဝင်များက ဒီဇင်ဘာ ၁၇ ရက်တွင် တက်ရောက်သွားမည် ဖြစ်ကြောင်း ယင်းအဖွဲ့၏ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံထံမှ သိရသည်။

"ရှမ်းပြည်နယ်အတွင်းမှာ အမြင့်ဆုံးတောင်ထိပ်တစ်ခုဖြစ်တဲ့ ရွာငံမြို့နယ်အတွင်းက အရှေ့မြင်အနောက်မြင်တောင်ကို ဒီဇင်ဘာလ ၁၇ ရက်မှာ တက်ရောက်သွားမှာ ဖြစ်ပါတယ်၊ မိတ္ထီလာကနေ ဒီဇင်ဘာ ၁၆ ရက်မှာ စတင်ထွက်ခွာမှာဖြစ်ပြီး တောင်ခြေက ရွာတစ်ရွာမှာ ညအိပ်ရပ်နားပြီး နောက်တစ်နေ့ ဒီဇင်ဘာ ၁၇ ရက်မှာ တောင်ကို စတင်တက်ရောက်မှာဖြစ်ပါတယ်၊ မိတ္ထီလာခြေလျင်တောင်တက်အဖွဲ့ကို လွန်ခဲ့တဲ့ ငါးနှစ်ခန့်က စတင်ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းစက အဖွဲ့ဝင် ၂၀၊ ၂၅ ဦးခန့်နဲ့ စတင်ခဲ့ပြီး အခုတော့ အဖွဲ့ဝင် ၁၀၀ ကျော် ရှိပါပြီ၊ မိတ္ထီလာ ခြေလျင်တောင်တက်အဖွဲ့ဝင်များအပြင် တောင်တက်တာကို စိတ်ဝင်စားတဲ့လူငယ်တွေကိုလည်း တောင်တက်ခရီးစဉ်တိုင်းမှာ ဖိတ်ခေါ်ပါတယ်"ဟု မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်းမှ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ကိုထွန်းလွင်က ပြောသည်။



မိတ္ထီလာ ခြေလျင်တောင်တက်အဖွဲ့အနေဖြင့် လူငယ်များ တောင်တက်အားကစားနည်းကို စိတ်ဝင်စားလာပြီး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေး၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးတို့အတွက် တောင်တက်ခရီးစဉ်များကို တစ်နှစ်လျှင် ငါးကြိမ်စီစဉ်ကာ ထိုခရီးစဉ်များ၌ အမြင့်ပေ ၃၀၀၀ ကျော်မှ ပေ ၇၀၀၀ ကျော် တောင်များကို တက်ရောက်ခဲ့သည်။ ယခုနှစ်တွင် ကျောက်ပန်းတောင်းမြို့နယ်မှ ပုပ္ပားတောင်မကြီး၊ ကလောမြို့နယ်မှ ဆင်တောင်နှင့် မြင်းမထိတောင်၊ မြစ်သားမြို့နယ်မှ ပြက္ခဒ္ဒေတောင်တို့ကို တက်ရောက်ခဲ့ပြီးဖြစ်ကာ ယခု ရှမ်းပြည်နယ်တွင် အမြင့်ဆုံးတောင်ထိပ်တစ်ခုဖြစ်သည့် အရှေ့မြင်အနောက်မြင်တောင်ကို ယခုနှစ်၏ နောက်ဆုံးတောင်တက်ခရီးစဉ်အဖြစ် တက်ရောက်ခြင်းဖြစ်သည်။

"တောင်တက်ခရီးစဉ်ကို လိုက်ပါမယ့်သူတိုင်းကို ခရီးစဉ်မစတင်မီမှာ ကြိုတင်ခရီးရှည်လမ်းလျှောက်ခြင်းကို တစ်လခန့် ကြိုတင်ပြီး အပတ်စဉ် တစ်ရက်တာ လေ့ကျင့်ပါဝင်စေပါတယ်၊ အဲဒီလို ကြိုတင်ပြင်ဆင်လေ့ကျင့်မှုမှာပါဝင်တဲ့ ခြေလျင်တောင်တက်အဖွဲ့ဝင်တွေနဲ့ လူငယ်တွေကိုပဲ တောင်တက်ခရီးတွေမှာ ပါဝင်ဆင်နွှဲဖို့ လက်ခံတာဖြစ်ပါတယ်" ဟု ပြန်ကြားရေး တာဝန်ခံက ဆက်လက် ပြောကြားသည်။

မိတ္ထီလာ ခြေလျင်တောင်တက်အဖွဲ့အနေဖြင့် အရှေ့မြင်အနောက်မြင်တောင်ကို တက်ရောက်ပြီးစီးပါက လာမည့်နှစ် ဇန်နဝါရီလထဲတွင် ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းမှ အမြင့် ၁၁၉၂၀ ပေရှိသည့် ဖုန်ကန်ရာဇီတောင် (ရေခဲတောင်ခရီးစဉ်)ကို တက်ရောက်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## တောင်သူများထံ နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိ အသုံးချနိုင်စေရေး သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ခရိုင်တာဝန်ခံများအနေဖြင့် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ပွားများထုတ်လုပ်ပေးခြင်းလုပ်ငန်း အပါအဝင် ပညာရှင်များ၏ သုတေသနတွေ့ရှိချက်များနှင့် စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီနည်းပညာများကို မိမိတို့ကိုယ်တိုင် မျက်ခြည်မပြတ်လေ့လာကြရန်လိုကြောင်း၊ တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေကြသော တောင်သူများထံ နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိ အသုံးချနိုင်စေရေးကိုပါ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၁ ရက်က ပြုလုပ်သည့် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးများ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆွေးနွေးပြောကြားသည်။



အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနများမှ ခရိုင်ဦးစီးမှူး သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်ပြီး ဒီဇင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**

## အမေရိကန်နိုင်ငံရှိ ဆေးရုံမှ ဖလမ်းခရိုင်ပြည်သူ့ဆေးရုံကြီးအတွက် လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများရောက်ရှိ

**ဖလမ်း ဒီဇင်ဘာ ၁၅**

အမေရိကန်နိုင်ငံ ဆေးရုံမှ ဖလမ်းခရိုင်ပြည်သူ့ဆေးရုံကြီး အတွက် လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများ ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ဖလမ်းမြို့သို့ရောက်ရှိရာ မြို့မိမြို့ဖများ၊ ဖလမ်းလူငယ်အဖွဲ့များနှင့် ဆေးရုံတာဝန်ရှိသူများ ဝိုင်းဝန်းပြီး အဆိုပါ ဆေးရုံသုံးစက်ပစ္စည်းများကို ဆေးဂိုထောင်တွင် ယာယီပို့ဆောင် သိမ်းဆည်းထားကြောင်း သိရသည်။

"ဒီနေ့ အမေရိကန်နိုင်ငံကနေပြီးတော့ ဆေးဝါးဆိုင်ရာအတွက် အထောက်အကူဖြစ်မယ့် ပစ္စည်းတွေ ရောက်နေပါတယ်၊ အဲဒီပစ္စည်းတွေက အဓိကအားဖြင့် စက်ပစ္စည်းတွေပေါ့၊ မနှစ်တုန်းကတစ်ခါ ဒီလိုမျိုးစီစဉ်ဖူးတယ်၊ အဲဒီကနေစပြီးတော့ Lailun Project-Falam အဖွဲ့ကို ဖွဲ့ပြီးတော့ အဲဒီအဖွဲ့ကို ဦးဆောင်သူ အမေရိကန်ရောက် သိက္ခာတော်ရဆရာတော် ထန်းမွေးက ဖလမ်းပြည်သူ့ဆေးရုံအတွက် လိုအပ်မယ့်စက်ပစ္စည်းများကို အမေရိကန်ဆေးရုံတစ်ခုမှာ အလှူခံလိုက်တယ်၊ အဲဒီကနေရတဲ့ ပစ္စည်းတွေကို Lailun Project-Falam က တာဝန်ယူပြီး ဖလမ်းမြို့အထိ ငွေကုန်ကြေးကျခံပြီး ပို့ပေးတာဖြစ်ပါတယ်၊ လူတိုင်းဟာ ဆေးရုံနဲ့မကင်းကြပါဘူး၊ ဒီမှာက ဆေးရုံသုံးပစ္စည်းတွေ စုံစုံလင်လင်မရှိတော့ ဆေးရုံအတွက် အရမ်းအထောက်အကူပြုမှာဖြစ်ပါတယ်၊ ဖလမ်းဆေးရုံမှာဆိုရင် ဟားခါးဘက်ကရော၊ ထန်တလန်ဘက်ကရော လိုအပ်ရင် လိုအပ်သလို လူနာတွေလာကြတယ်ဆိုတော့ သူတို့အတွက်ပါ အထောက်အကူပြုမှာဖြစ်ပါတယ်"ဟု ဖလမ်းလူငယ်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။



အဆိုပါ ဆေးရုံသုံးစက်ပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ငါးသိန်းဝန်းကျင်ခန့်ဖြစ်ပြီး ထိုပစ္စည်းများကို ယခုအပတ်အတွင်း ဖလမ်းခရိုင် ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## သက်ကြီးသတင်းစာဆရာကြီးအား ပူဇော်ကန်တော့

**အင်းတော် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)က ရန်ကုန်မြို့၌ နိုဝင်ဘာလအတွင်း ကျင်းပခဲ့သော သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲသို့ ကျန်းမာရေးအရ မတက်ရောက်နိုင်သည့် ကန်တော့ခံ သက်ကြီးသတင်းစာဆရာကြီးတစ်ဦးဖြစ်သော ဦးခင်မောင်(အင်းတော်) အသက် ၈၈ နှစ်အား စစ်ကိုင်းတိုင်းဒေသကြီး သတင်းစာ ဆရာအသင်းနာယက ဦးကိုမင်း၊ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်သိန်း၊ အင်းတော်မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးသက်နိုင်ထွန်းနှင့် အဖွဲ့ဝင်များက ဒီဇင်ဘာ ၁၃ ရက်တွင် ဆရာကြီးဦးခင်မောင်ထံ အိမ်တိုင်ရာရောက်သွားရောက်၍ ကန်တော့ငွေ ကျပ်တစ်သိန်းနှင့် ကန်တော့ပစ္စည်းများကို လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**၁၅၆**

## မိုဘိုင်းစာကြည့်တိုက်ကားဖြင့် စာအုပ်များ နယ်လှည့်ငှားရမ်းပေးလျက်ရှိ



**နတ်မောက် ဒီဇင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ကျေးရွာများအထိ ကွင်းဆင်းပြီး စာအုပ်များ ငှားရမ်းပေးလျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က ပိတောက်ငုတ်ကျေးရွာ မူလတန်းလွန်ကျောင်း၊ အင်းကုန်းကျေးရွာ မူလတန်းလွန်ကျောင်းနှင့် တံခွန်တိုင်ကျေးရွာ အလယ်တန်းကျောင်းများသို့ မိုဘိုင်းစာကြည့်တိုက်ကားဖြင့် သွားရောက်၍ စာအုပ်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

စာအုပ်များ ငှားရမ်းပေးရာတွင် တစ်ဦးလျှင် နှစ်အုပ်နှုန်းဖြင့် တစ်ကြိမ်ငှားရမ်းခြင်းကို ၁၄ ရက် သတ်မှတ်ထားပြီး ၁၄ ရက် ပြည့်ပါက နောက်တစ်ကြိမ်လာရောက်ငှားရမ်းပေးကာ နေ့စဉ်နေ့တိုင်းကျေးရွာများသို့ အလှည့်ကျစနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## ဂျပန်နိုင်ငံ MAFF နှင့် JIID မှ ပညာရှင်များ အဆင့်မြင့်လယ်ယာမြေ ၁၀၃ ဧက စိုက်ကွင်းသို့လေ့လာ

**တောင်ငူ ဒီဇင်ဘာ ၁၅**

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရေလျှံကျေးရွာအနီးရှိ အဆင့်မြင့် လယ်ယာမြေ ၁၀၃ ဧက စိုက်ကွင်းကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ဂျပန်နိုင်ငံ MAFF နှင့် JIID မှ ပညာရှင်များ လာရောက်ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ကျင်းပသည့် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံတက်ရောက်ခဲ့သော MAFF နှင့် JIID အဖွဲ့မှ မစ္စတာ ကီဒါးတားနှင့်အဖွဲ့ဝင် ခုနစ်ဦးသည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သီဟနှင့် ဦးအောင်ကိုကိုထွန်း၊ သက်ဆိုင်ရာဆည်မြောင်းဦးစီးအရာရှိများ၊ စက်မှုလယ်ယာမှ တာဝန်ရှိသူများ၊ ဒေသခံစိုက်ပျိုးရေးတောင် သူများနှင့်တွေ့ဆုံခဲ့ကာ လယ်ယာမြေ အဆင့်မြှင့်တင် ဖော်ထုတ်ခြင်းလုပ်ငန်းစဉ်များ၊ စက်မှုလယ်ယာစနစ်တကျဖော်ဆောင်ခြင်း၊ ဆည်ရေပေးဝေမှုအခြေအနေများကို အပြန်အလှန်ဆွေးနွေးကြပြီး ကွင်းဆင်းကြည့်ရှုခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနသည် ဂျပန်နိုင်ငံ JIID အဖွဲ့၏ အထောက်အပံ့ဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၁၄၁ မိုင် ၃ ဖာလုံ အုတ်တွင်းမြို့နယ် ရေလျှံကျေးရွာအနီးရှိ လယ်မြေ ၁၀၃ ဧကကို စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှ အဆင့်မြှင့်စတင်ဖော်ဆောင်ခဲ့ကာ ယင်းစိုက်ကွင်း၌ တောင်သူ ၂၇ ဦးသည် ဆည်ရေအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းကာ ဆည်ရေစီမံခန့်ခွဲမှုဆိုင်ရာ နည်းစနစ်များဖြင့် မိုးစပါး၊ နွေစပါးတို့ကို စိုက်ပျိုးလျက်ရှိပြီး အထွက်နှုန်းတိုးအကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ဂီတဖန်တီးမှု နည်းပညာကြောင့် ကြောင့်ကြမိသည့် ပိုးအိစံ

ကိုလင်း



အဆိုတော်သန်းထွန်းလေး၏ သမီးဖြစ်သူ အဆိုတော် ပိုးအိစံတစ်ယောက် မြန်မာ သံစဉ်တေးသီချင်းများကို တစိုက်မတ်မတ်ဖြင့် သီဆိုခဲ့ပြီးနောက် သူ၏ ဂီတဘဝ ခရီးမှတ်တိုင်အဖြစ် ၂၀၁၆ ခုနှစ်တွင် ပိုးအိစံကို မွေးဖွားခြင်း နှစ် ၂၀ ပြည့် Live Show ဖျော်ဖြေပွဲ ကျင်းပနိုင်ခဲ့သည်။ ပထမပိုင်း အမ်တီဗီ Live Show သာ ထွက်ရှိထားပြီး နည်းပညာများနှင့် ဂီတဖန်တီးမှုပိုင်း အခက်အခဲ တို့ကြောင့် သည်းခံစိတ်မွေး၍သာနေရကြောင်း ပိုးအိစံက ပြောကြားသည်။

"ကျွန်မရဲ့မွေးဖွားခြင်း နှစ် ၂၀ ပြည့် Live Show ကို အပိုင်း တစ်ပိုင်းပဲ ထွက်ရသေးတယ်၊ နောက်ပိုင်း ကျန်ပါသေးတယ်၊ ဒီဖျော်ဖြေပွဲမှာ ဖက်ရှင်ဝတ်စုံပိုင်းတွေမှာလည်း အစ်မ အကောင်း ဆုံး စီစဉ်ထုတ်လုပ် ထားတာပါ၊ အစ်မက အရောင်တောက်တောက် လေး အရမ်းကြိုက်ပါတယ်၊ ဖက်ရှင်ရှိုးတွေ သေချာကြည့်ပြီး ကိုယ့်ကြိုက်တာနဲ့ ပေါင်းစပ်ပြီးတော့ ဖန်တီးဝတ်ဆင်ဖြစ်ပါတယ်၊ ပရိသတ်အတွက် ကျန်နေတဲ့အပိုင်းကို လာမယ့်နှစ်ဆန်းပိုင်းလောက် ထွက်နိုင်အောင် ကြိုးစား ထားပါတယ်"ဟု အဆိုတော် ပိုးအိစံက ပြောသည်။

အဆိုတော် ပိုးအိစံသည် လတ်တလောတွင် ပွဲ့လင်းရာသီ ဖြစ်သည့်အတွက် ဖျော်ဖြေပွဲများ သီဆိုလျက်ရှိပြီး ဂီတသက်တမ်း နှစ် ၂၀ ကျော် ရှိလာချိန်တွင် တစ်ကိုယ်တော် အခွေပေါင်း ၃၀၀ ကျော် ထွက်ရှိထားကာ ဒုတိယပိုင်းကို နှစ်ဆန်းပိုင်း ထွက်ရှိရန် စီစဉ်နေသည်။ လာမည့် ၂၀၁၈ ခုနှစ်တွင် တစ်ကိုယ်တော် ဖျော်ဖြေပွဲ ကျင်းပနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

"နည်းပညာကြောင့် ဂီတလောက ပျက်နေတာပါ၊ အခုဆိုလည်း သီချင်း ခွေတွေက အမြဲတမ်းထွက်နေကြတာပါပဲ၊ နည်းပညာကို တချို့လူတွေက တလွဲအသုံးပြုလိုက်တာကြောင့် ကျွန်မထိသွားတာပေါ့၊ နိုင်ငံခြားမှာဆိုရင် တစ်ပုဒ်အွန်လိုင်းပေါ်တင်လိုက်တာ ဒေါ်လာသန်းနဲ့ချီရတယ်၊ အခုမြန်မာပြည်မှာလည်း စတင်သုံးစွဲလာကြတယ်၊ ဒါပေမယ့် ကိုယ့်အတွက် နစ်နာမှုတွေများတာကြောင့် တစ်လတစ်ခွေလောက် ထုတ်ချင်တာ မထုတ်နိုင်တာတွေ ဖြစ်သွားတယ်၊ ကိုယ်ဖန်တီးချင်တဲ့ အနုပညာကို ငွေကြေးကြောင့် သည်းခံပြီး ဖန်တီးနေရပါတယ်"ဟု ပြောသည်။

# Birthday Show ကို မည်သည့်ရုပ်သံလိုင်းကမှ ထုတ်လွှင့်ပြသမှု မရှိဘူးဆိုသည့် ဝိုင်းစုခိုင်သိန်း



ယခုလ ၂၄ ရက်တွင် ကျရောက်မည့် မွေးနေ့အတွက် အမှတ်တရအဖြစ် တစ်ကိုယ်တော် ဖျော်ဖြေပွဲပြုလုပ်မည့် အဆိုတော် ဝိုင်းစုခိုင်သိန်းက သူ၏ပွဲကို မည့်သည့်ရုပ်သံလိုင်းကနေမှ ထုတ်လွှင့်ပြသသွားမည် မဟုတ်ကြောင်း ယခုလ ၁၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel တွင်ပြုလုပ်သော "ဂါ" တေးစီးရီး MTVခွေ ထွက်ရှိခြင်းနှင့်ပတ်သက်သည့် စာနယ်ဇင်း အသိပေးပွဲတွင် ဖြေကြားခဲ့သည်။ အဆိုပါ တေးစီးရီးကို BoBo Music တေးထုတ်လုပ်ရေးမှ ယခုလ ၁၆ ရက်တွင် မြန်မာ တစ်ပြည်လုံးကိုဖြန့်ချိသွားမည်ဖြစ်သည်။

"ရုပ်သံမှာ မလွှင့်ဘူးဆိုတာ ဝိုင်းစု ပွဲကိုလာစေချင်လို့ပါ၊ အခြားရည်ရွယ်ချက်မရှိပါဘူး၊ ပရိသတ်နဲ့ မတွေ့ရတာလည်း နည်းနည်း ကြာပြီလေ အဲဒါကြောင့်ပါ၊ အခွေကို MTV ထုတ်လိုက်တာကလည်း နှစ်ကုန်တော့မယ်၊ ပြီးတော့ ဝိုင်းစုရဲ့ ငါးခွေမြောက်ကလည်း ဒီနှစ်ကုန်မှာထွက်ဖို့ ပြင်ဆင်နေတာကြောင့်ပါ၊ ဝိုင်းစုရဲ့ တစ်ကိုယ်တော် MTV ကို မနှစ်က ၁၀ ပိုင်းကတည်းက စီစဉ်ခဲ့တာ ဖြစ်ပါတယ်၊ ဒါရိုက်တာတွေရဲ့အခက်အခဲလေးတွေ ရှိတာကြောင့် နည်းနည်းကြာသွားတာပါ၊ 'ဂါ'အရင် ၁၃ ပုဒ်မှာ MTV ကို သီချင်းရှစ်ပုဒ်ပဲရိုက် ဖြစ်ပါတယ်၊ အဓိက ဘတ်ဂျက်ကြောင့်ပါ၊ သီချင်းအပုဒ်တိုင်းမှာ ကုန်ကျစရိတ်တွေလည်းအများကြီးတက်လာတယ်၊ ဝိုင်းစုမရိုက်နိုင်တဲ့အတွက်ပါ၊ ဖြစ်နိုင်ရင်တော့ အနုပညာသမားတွေ တိုင်ပင်ချိန်မှာ ဝိုင်းစုက မနေနိုင်မထိုင်နိုင်ဘဲ ရှစ်ပုဒ်လောက်ရိုက်လိုက်တယ်၊ ကုန်ကျစရိတ်များတဲ့ကြားက ဝိုင်းစု ပရိသတ်အတွက် အကောင်းဆုံးချပြချင်လို့ ရိုက်ဖြစ်လိုက်တယ်၊ ကျန်တဲ့သီချင်းလေးတွေကို ဆက်ရိုက်ဖို့ တစ်နည်းနည်းနဲ့ ကြိုးစားထား ပါတယ်" ဟုအဆိုတော် ဝိုင်းစုခိုင်သိန်းက ပြောသည်။

အဆိုပါ သီချင်းခွေတွင် သီချင်း ရှစ်ပုဒ်ပါဝင်ပြီး တေးရေးဆရာဖိုးကာ၊ ရွှေဂျော်ဂျော်၊ ညီမင်းခိုင်၊ ဝေလ၊ Snare အောင်သူ၊ ဆောင်းဦးလှိုင်၊ X Box၊ Moe Z Lay၊ ရွှေထူးတို့ကရေးသားပေးထားကာ Featuring အနေဖြင့် ဖြိုးပြည့်စုံ၊ Snareတို့က ပါဝင်သီဆိုထားကြသည်။ ယင်းသီချင်းခွေတွင် သရုပ်ဆောင်များအဖြစ် Snare၊ ဇေယျ၊ ထူး၊ အလင်းရောင်၊ ခါရာ၊ ချမ်းမင်းရဲထွဋ်၊ Russell၊ ငြိမ်းသော်၊ အောင်ဆန်းထွဋ်၊ ဝိုင်းစုခိုင်သိန်း၊ အောန်ဆိုင်း၊ Mဆိုင်းလု၊ မေ၊ မေဆူးမောင်၊ မေမြင့်မိုရ်၊ ရတနာဗိုလ်နှင့် RVC Dancer group တို့ပါဝင်ပြီး ဒါရိုက်တာအနေဖြင့် ဝင်းလွင်ထက်၊ မေဘရဏီ၊ ထူးပိုင်ဇော်ဦး၊ Milos နှင့် Shutter တို့က Story ပုံစံနှင့် MTV ပုံစံ အကောင်းဆုံးရိုက်ကူးထားကြောင်း သိရသည်။ "ဂါ"သီချင်းခွေကို ဒီဇင်ဘာ၁၆ရက်တွင် BoBo Music မှ ဖြန့်ချိမည်ဖြစ်ကာ ယင်းနေ့တွင် ပရိုမိုးရှင်းပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့လှည်းတန်းစင်တာ၌ Special LUCKY DRAWAlbum Promotion တွင် ခွေဝယ်ယူအားပေးသော ပရိသတ်များကို ဒီဇင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် တစ်ကိုယ်တော်ရှိုးပွဲလက်မှတ်များကို မဲဖောက်ပေးမည်ဖြစ်ပြီး လာရောက်ဝယ်သူများကို ငါးရာခိုင်နှုန်း လျှော့ပေးမည်ဟု သိရှိရသည်။ **ကိုလင်း**

# မြန်မာသံဂီတပညာရှင်များ၏လက်ရာဖြင့် နှလုံးသားတွင် ကမ္ဘည်းထိုးမယ်

လူငယ်တေးသံရှင် ဟံသာစိုးမင်း၏ တစ်ကိုယ်တော်စီးရီးဖြစ်သည့် နှလုံးသားမှာ ကမ္ပည်းထိုးမယ် စီးရီးကို ခိုင်ကမ္ဘာကျော် တေးထုတ်လုပ်ရေးမှ ယခုလ ၁၅ ရက်တွင် စတင်ကာ ဖြန့်ချိခဲ့ကြောင်းသိရသည်။

"ကျွန်တော် ဒီခွေလေးကို လုပ်ခဲ့တာကတော့ ကျွန်တော့်ဝါသနာထက် ဂီတကို တကယ်မြတ်နိုးလို့ လုပ်ဖြစ်တာပါ။ ဒီအခွေ လုပ်နေတုန်းမှာပဲ ကျွန်တော်မျက်ရည်တွေနဲ့ ရုန်းကန်ပြီး ကြိုးစားဖန်တီးခဲ့ရပါတယ်၊ ဘာကြောင့်လဲဆိုရင် ကျွန်တော့်ဘဝရဲ့ အကြီးမားဆုံး ဆုံးရှုံးမှုကြီးတစ်ခုကြောင့် ဖြစ်ပါတယ်၊ အဲ့ဒါကတော့ ကျွန်တော့်အဖေ ကွယ်လွန်သွားတာပါပဲ၊ အဖေ ရှိနေတုန်း ဒီအခွေလေးကို ဖန်တီးနေတယ်၊ ဒီကြားထဲမှာပဲ အဖေဆုံးသွားခဲ့ပါတယ်၊ ကျွန်တော်ရှေ့မှာ တေးစီးရီးတွေ ထွက်ခဲ့ပါတယ်၊ အခွေတိုင်းမှာ အဖေကိုယ်တိုင် အားသွန်ခွန်စိုက်ကြိုးစားပြီး ကျွန်တော်နဲ့အတူ ဖန်တီးပေးခဲ့တာပါ၊ ငွေကြေးပိုင်းကအစ အားလုံး ကျွန်တော်အခက်အခဲမရှိ ပြည့်စုံခဲ့ပါတယ်၊ အခု ခွေလေးကတော့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ခွန်အားနဲ့ ရုန်းကန်ပြီး ဖန်တီးထားတဲ့ ခွေလေးပါ၊ ကျွန်တော်နယ်ပွဲတွေမှာ ဆိုလို့ရသမျှ အနုပညာကြေးတွေရော၊ ကျွန်တော်က မွန်ပြည်နယ်သားဆိုတော့ မွေးရပ်မြေမှာ ကိုယ်တိုင်လုပ်တဲ့ ရွှေပြည်စိုးအမှတ်တံဆိပ်လျက်ဆားလုပ်ငန်းကို လုပ်ကိုင်ပြီး ကိုယ်တိုင်ရောင်းချရာကနေ ရတဲ့ငွေနဲ့ ရော ဒီအခွေအတွက်လုပ်ခဲ့ပါတယ်၊ ကျွန်တော် အခုလိုလုပ်ဖြစ်ခဲ့တာ၊ အောင်မြင်စွာ အခွေလေးအပြီးသတ်ထွက်နိုင်ခဲ့တာက ဆရာကြောင့်ပါ၊ မွန်ပြည်နယ် ကိုကိုနိုင်က ကျွန်တော့်ဆရာဖြစ်ပြီး သူ့ကူညီမှုနဲ့ပဲ သီချင်းတွေအားလုံး စိတ်ကြိုက်ရွေးချယ်ပြီး လုပ်ဖြစ်ခဲ့ပါတယ်"ဟု ဆိုသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၄ ပုဒ်ပါဝင်ပြီး တေးသီချင်းများကို တေးရေးဆရာ နေထွဏ်ဦး၊ ညွန့်ဝေဇော်၊ ဇော်ဝင်းနိုင်၊ မင်းဂျွန်စိုး၊ တွံတေးစိုးအောင်၊ မောင်မောင်မြင့်စိန်၊ ရဲမြင့်မြတ်၊ ရာဇာပေါက်စီ တို့ကရေးသားထားပြီး Homeland Studio တွင် အသံဖမ်းယူထားကြောင်း၊ MTV အဖြစ် ဒါရိုက်တာ ညီညီ (လဝန်းသစ်)၊ ထင်လင်းအောင် (လင်း)၊ ရဲမြင့်မြတ်တို့က ဖန်တီး



ရိုက်ကူးထားကြောင်း၊ သရုပ်ဆောင် ဟံသာစိုးမင်း၊ မင်းသူ၊ ရိုတ၊ စွဲလန်းထက်၊ ဇေဖြိုး၊ ရှင်းသန့်အောင်၊ ချစ်စု၊ ရာဇာပေါက်စီ၊ ဥသာမိုးမြင့်၊ ဇော်ရှိန်၊ မိုးခမ်း၊ ပိုးအိအိခန့်၊ ဘေဘီမောင်၊ ကြည်ဖြူရှင်းသန့်၊ သင်ဇာမြင့်မိုရ်၊ ခိုင်သဇင်ဦး၊ အိမ်သစ်နှင့် အနုပညာရှင်များစွာပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ **ကိုလင်း**

# နှစ်သစ်ကူးဂီတဖျော်ဖြေပွဲများ ရန်ကုန်ဝါးတားဘွန်းမ်တွင် ကျင်းပမည်




ရန်ကုန်မြို့ရှိ အပန်းဖြေရာနေရာတစ်ခုဖြစ်သော Yangon Waterboom တွင် ဒီဇင်ဘာလအတွင်း Yangon Waterboom Night Market ဈေးရောင်းပွဲ၊ X -Mas ပျော်ပွဲရွှင်ပွဲနှင့် ပြိုင်ပွဲများ၊ ကရင်နှစ်သစ်ကူးပွဲတော်နှင့် New Year Countdown Pool Party စသည့် အစီအစဉ်များကို ကျင်းပမည်ဖြစ်ကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၂ ရက်က Yangon Waterboom (ယခင်ရှူခင်းသာပန်းခြံ)၌ ပြုလုပ်သည်။

"ကျွန်တော်တို့ ဒီဇင်ဘာလအတွင်း ကျောင်းပိတ်ရက်မှာမိတ်ဆွေသူငယ်ချင်းတွေ၊ မိဘပြည်သူတွေအနေနဲ့ ဈေးဝယ်ရင်း လွတ်လပ်ပျော်ရွှင်စွာအနားယူအပန်းဖြေနိုင်ဖို့ ရည်ရွယ်ပြီးတော့ ဒီပွဲလေးတွေ ကျင်းပတာ ဖြစ်ပါတယ်၊ နောက် ဒီဇင်ဘာလ ထဲမှာပွဲတွေဆက်တိုက် ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ယင်းပွဲစီစဉ်သူတစ်ဦးက ပြောသည်။

Yangon Waterboom Night Market ကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ လေးရက်တိုင်တိုင် မွန်းတည့် ၁၂ နာရီမှ ည ၁၀ နာရီအတွင်းဖက်ရှင်ပစ္စည်းမျိုးစုံ၊ လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် စားသောက်ဆိုင်ခန်းများဖွင့်လှစ်ကာ အနုပညာရှင်များ ပါဝင်ရောင်းချကြမည်ဖြစ်ပြီး နေ့စဉ်ညနေ ၄ နာရီမှ ည ၇ နာရီအတွင်း ဖျော်ဖြေပွဲများ၊ ဂိမ်းအစီအစဉ်များကို ကြည့်ရှုနိုင်မည် ဖြစ်သည်။

ထို့အပြင် ဒီဇင်ဘာ ၁၈ ရက်တွင်ကျရောက်သော ကရင်နှစ်သစ်ကူးနေ့တွင် Yangon Waterboom အတွင်းရှိ Food Court Area ၌ ကရင်ရိုးရာအစားအသောက်များရောင်းချခြင်း၊ ကရင်ဒုံးယိမ်းအက၊ ဝါးညှပ်အက၊ ကရင်တေးသီချင်းသီဆိုဖျော်ဖြေမှုများကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက် မှ ၂၅ ရက်အထိ ယင်းနေရာတွင် အသက် သုံးနှစ်မှ ၁၄နှစ်အထိကလေးများအတွက် ရည်ရွယ်ပြီး Kid's Festival ပွဲကို ဆက်လက်ပြုလုပ်မည်ဖြစ်သည်။ ဒီဇင်ဘာ ၃၁ ရက်တွင်လည်း New Year Countdown Party ကြီးကို Wave Pool Area ၌ ဂျီလတ်၊ ဂျက်ဆန်ထွန်း၊ အိမ့်ချစ်၊ Jewel တို့ကသီဆိုဖျော်ဖြေပြီး DJ Wyne၊ DJ ArJhon တို့က EDM Music များဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"ကလေးတွေအတွက် ရည်ရွယ်ပြီးတော့ ဒီဇင်ဘာ ၂၂ ရက်မှာ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ၂၃ရက်မှာSpelling Bee Contest၊ နောက် ၂၄ ရက်မှာKid's Festival Contest အပြင် ၂၅ ရက်နေ့မှာ Christmas Activities တွေနဲ့အတူ ဖျော်ဖြေရေးတွေလည်းထပ်လုပ်သွားမှာပါ" ဟုဝင်းက ထပ်မံပြောကြားသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဟောလိဝုဒ် ကျော်ကြားသူတို့လျှောက်လမ်းမှာ ဂုဏ်ပြုခံရတဲ့ ဒဝိန်းဂျွန်ဆင်





နပမ်းသမားဘဝကနေ ရုပ်ရှင်သရုပ်ဆောင်အဖြစ် ကူးပြောင်းခဲ့တဲ့ ဒဝိန်းဂျွန်ဆင်ဟာ ဟောလိဝုဒ်ကျော်ကြားသူတို့ လျှောက်လမ်းမှာ ဂုဏ်ပြုခံရတဲ့အတွက် မိသားစုနဲ့အတူပါဝင်ဆင်နွှဲခဲ့ပါတယ်။ ဒီဇင်ဘာ ၁၃ ရက်မှာ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပတဲ့ အဲဒီအခမ်းအနားမှာ ဂျွန်ဆင်ဟာ သူ့ရဲ့ ကြယ်ပွင့်နဲ့အတူ ဓာတ်ပုံရိုက်ခဲ့ပါတယ်။ ဂျွန်ဆင်ဟာ ဟောလိဝုဒ်မှာ ဝင်ငွေအကောင်းဆုံးသရုပ်ဆောင်လည်းဖြစ်ပါတယ်။ ကျော်ကြားသူတို့လျှောက်လမ်း အခမ်းအနားမှာ ဂျွန်ဆင်ဟာ မိနစ်ခွန်းပြောဖို့အတော်လေး အားထုတ်လိုက်ရပါတယ်။ ဘာလို့လဲဆိုရင် သူ့ရဲ့ပရိသတ်တွေဟာ သူ့ကို အော်ဟစ်အားပေးနေလို့ပါပဲ။ သူ့ကို ချီးကျူးဂုဏ်ပြုသံတွေကြားထဲကပဲ သူဟာမိန့်ခွန်းပြောခဲ့ပါတယ်။

ဂျွန်ဆင်ဟာ အခုအချိန်မှာ အသက် ၄၅ နှစ်ရှိပြီဖြစ်ပြီး ကျေးဇူးတင်စကားပြောတဲ့အခါ သူ့ရဲ့ လုပ်ငန်းမှာ ကူညီခဲ့တဲ့သူတွေနဲ့ သူ့ချစ်သူကို ကျေးဇူးတင်ကြောင်း ထည့်သွင်းပြောခဲ့ပါတယ်။ အခုအချိန်မှာ သူ့ချစ်သူဟာလည်း သူ့ရဲ့ ဒုတိယရင်သွေးကို လွယ်ထားရပြီပဲဖြစ်တယ်။ "ကျွန်တော်ဟာ ဒီလိုအခြေအနေထိဖြစ်လာအောင် တစ်ယောက်တည်းကြိုးစားလို့မရပါဘူး၊ ကျွန်တော့်ကို ဒီနေရာရောက်အောင် ကူညီပေးခဲ့ကြတဲ့လူတွေကို ကျေးဇူးတင်ပါတယ်"လို့ ဂျွန်ဆင်က ပြောခဲ့ပါတယ်။ **ရိုက်တာ**

..........................

### ရိုက်ကွင်းမှာ ဗြိတိန်တော်ဝင်မင်းသားနှစ်ပါးနဲ့တွေ့ခဲ့ရလို့ ကတုန်ကယင်ဖြစ်ခဲ့ရတယ်ဆိုတဲ့ Star War မင်းသမီး



နာမည်ကျော် Star Wars ရုပ်ရှင်ရဲ့ မင်းသမီးဖြစ်သူ Daisy Ridley ဟာ သူကိုယ်တိုင်ကနာမည်ကျော် လူသိများတဲ့ စတားတစ်ဦးဖြစ်ပေမယ့် ရိုက်ကွင်းမှာ ဗြိတိန်က တော်ဝင်မင်းသားတွေဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့နဲ့ တွေ့ဆုံတဲ့အခါမှာတော့ သူ့အနေနဲ့ ကတုန်ကယင်နဲ့ဟန်ချက်ပျက်မတတ်ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဗြိတိန်တော်ဝင်မင်းသားတွေဖြစ်တဲ့ ဝီလျံနဲ့ဟယ်ရီတို့ဟာ Star Wars ရဲ့ နောက်ဆုံးထွက်ဇာတ်လမ်းဖြစ်တဲ့ "The Last Jedi" ရုပ်ရှင်ရိုက်ကွင်းကို လာရောက်ခဲ့တာပဲ ဖြစ်တယ်။ ရုပ်ရှင်မင်းသမီး Daisy Ridley ကတော့ တော်ဝင်မင်းသားနှစ်ပါးနဲ့တွေ့ဆုံ မိတ်ဆက်တဲ့အခါ သူ့အနေနဲ့ ကိုးရိုးကားရားဖြစ်ခဲ့ရကြောင်း ဟယ်လိုမဂ္ဂဇင်းကို ဖြေကြားခဲ့ပါတယ်။

ဗြိတိန်တော်ဝင်မင်းသားနှစ်ပါးအနေနဲ့လည်း ကင်မရာနောက်ကွယ်မှာ ရုပ်ရှင်အဖွဲ့သားတွေကို တွေ့ရတာထက်ကို အဓိပ္ပာယ်အများကြီးပိုပါတယ်လို့လည်း Daisy Ridley က ပြောပါတယ်၊ Daisy Ridley က "ကျွန်မတို့ဟာ ရုပ်ရှင်ပိုစတာပေါ်မှာ ပါဝင်ခွင့်ရပါတယ်။ ဒါပေမယ့်လည်း ကင်မရာနောက်ကွယ်မှာ ကျွန်မတို့ထက်ပိုပင်ပန်းတဲ့လူတွေလည်း အများကြီး ရှိနေပါသေးတယ်၊ ကင်မရာနောက်ကွယ် လူမြင်ကွင်းမှာ မတွေ့မြင်ရတဲ့ အဖွဲ့သားတွေအတွက်လည်း ဒါဟာ အားတက်စရာပါပဲ"လို့ သူက ဆက်ပြောပါတယ်။

နောက်ပြီး Star War ရုပ်ရှင်ဇာတ်ကားထဲက နောက်ထပ်သရုပ်ဆောင်ဖြစ်သူ Mark Hamill ကတော့ ဗြိတိန်တော်ဝင်မင်းသားနှစ်ပါးလာရောက်လည်ပတ်တာဟာ သူ့အတွက်အခွင့်အရေးကောင်းကို ရရှိခဲ့တယ်လို့ ဆိုပါတယ်၊ ဘာလို့လဲဆိုရင် ဇာတ်လမ်းထဲမှာ သူဟာ တော်ဝင်မိသားစု အခန်းကနေပါဝင်သရုပ်ဆောင်တော့ သူ့ရဲ့သရုပ်ဆောင်မှုဟာ တော်ဝင်မိသားစုဝင်တစ်ဦးနဲ့တူမတူ မေးမြန်းလို့ရသွားပါတယ်။ အဲဒီလိုမေးမြန်းတဲ့အခါမှာတော့ Mark Hamil၊ အတွက် ကွဲပြားတဲ့ အဖြေတွေရရှိသွားပါတယ်။ မင်းသား ဝီလျံကတော့ Yes လို့ အဖြေပေးခဲ့ပြီး ဟယ်ရီကတော့ သူ့အနေနဲ့ ဒီမေးခွန်းကို ဖြေဖို့ဆိုရင် ဒီထက်နည်းနည်းပို ပြီးသိဖို့လိုသေးတယ်လို့ဖြေခဲ့ပါတယ်။ **ဟယ်လို**

**ချိုး**

# M-ပိုက်ဆံ ငွေကြေးဝန်ဆောင်မှုအတွက် ကံစမ်းမဲအစီအစဉ်ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

အူရီဒူးမြန်မာက ဝန်ဆောင်ပေးနေသည့် မိုဘိုင်းဖုန်းအခြေခံ ငွေလွှဲဝန်ဆောင်မှုတစ်ခုဖြစ်သော M-ပိုက်ဆံကို အသုံးပြုသူများအတွက် အထူးအစီအစဉ်တစ်ခုအဖြစ် အသုံးပြုသူ ၂၀၀ အား နေ့စဉ် ကျပ် ၂၀၀၀ မှ ၅၀၀၀၀ အထိ ကံစမ်းပေးမည့် အစီအစဉ်နှင့် အပတ်စဉ် ကျပ်ငါးသိန်းဆုကြီး ကံစမ်းပေးမည့် အစီအစဉ်ကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်ပြုလုပ်ထားပြီး ဇန်နဝါရီ ၁၃ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

M-ပိုက်ဆံသည် အသုံးပြုရလွယ်ကူသည့်အပြင် ငွေကြေးလွှဲပြောင်းပေးခြင်းနှင့် ငွေလက်ခံခြင်း၊ ဖုန်းဘီလ်ဖြည့်ရန် တိုက်ရိုက်ဝယ်ယူခြင်းနှင့် ငွေပေးချေမှုများ တိုက်ရိုက်ပြုလုပ်ခြင်းတို့ကို လုံခြုံစိတ်ချစွာဖြင့် မိမိ၏ မိုဘိုင်းဖုန်းဖြင့်ပင် အချိန်နေရာမရွေး ပြုလုပ်နိုင်သည့် ဝန်ဆောင်မှုဖြစ်ကာ စတင်အသုံးပြုရန်အတွက် *999# ကို ခေါ်ဆိုပြီး မှတ်ပုံတင်စာရင်းသွင်းခြင်း အဆင့်ဆင့်ကို ဆောင်ရွက်ခြင်းဖြင့် M-ပိုက်ဆံအကောင့်ကို အခမဲ့ ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

အကောင့်ဖွင့်ပြီးနောက် M-ပိုက်ဆံ သုံးစွဲသူများအနေဖြင့် ငွေသွင်းခြင်း၊ ငွေသားထုတ်ယူခြင်း၊ M-ပိုက်ဆံ အကောင့်ရှိသူအချင်းချင်း သို့မဟုတ် အကောင့်မရှိသူများထံသို့ ငွေလွှဲပို့ခြင်း၊ CB ဘဏ်အကောင့်မှ ငွေကို M-ပိုက်ဆံအကောင့်သို့ ငွေလွှဲပြောင်းခြင်း၊ အူရီဒူးအမှတ်တံဆိပ်အရောင်းဆိုင်များ၌ ငွေပေးချေခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခုပြုလုပ်သည့် ကံစမ်းမဲအစီအစဉ်မှာM-ပိုက်ဆံအကောင့်ကို အသုံးပြုမှုတိုင်းအတွက် နေ့စဉ်နှင့် အပတ်စဉ် ငွေသားဆုများ ကံစမ်းနိုင်ရန် အခွင့်အရေး ရရှိမည်ဖြစ်ပြီး အစီအစဉ်တွင် ပါဝင်နိုင်ရန်အတွက် အခြားအဖိုးအခများ ထပ်မံပေးဆောင်ရန် မလိုအပ်ကြောင်း သိရသည်။

ကံစမ်းအစီအစဉ်တွင် ကံထူးရှင်များကို ကျပန်းရွေးချယ်သွားမည်ဖြစ်ပြီး လွတ်လပ်သော ထိပ်တန်းစာရင်းစစ်အဖွဲ့ဖြစ်သည့် Win Thin & Associates က ရွေးချယ်မှုကို ကြီးကြပ်စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ နေ့စဉ်နှင့် အပတ်စဉ် ကံထူးရှင်များအနေဖြင့် ချီးမြှင့်ငွေကို မိမိတို့မှတ်ပုံတင်ထားသည့် M-Pitesan အကောင့်အသီးသီးတွင် တိုက်ရိုက်လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာသည် M-ပိုက်ဆံ ဝန်ဆောင်မှုကို စက်တင်ဘာလအတွင်းက စတင်ဝန်ဆောင်မှုပေးခဲ့ပြီး ပြည်တွင်း၌ ဝန်ဆောင်မှုပေးနေသော အခြား မိုဘိုင်းငွေကြေးဝန်ဆောင်မှုများထက် M-ပိုက်ဆံ၏ အားသာချက်မှာ မည်သည့်ဖုန်းအသုံးပြုသူများထံသို့မဆို လွှဲပြောင်းပေးနိုင်ခြင်းဖြစ်သည်။ အခြား ငွေလွှဲဝန်ဆောင်မှုများမှာ အပလီကေးရှင်းကို အသုံးပြုရသဖြင့် စမတ်ဖုန်းအသုံးပြုသူများထံသို့သာ လွှဲပေးနိုင်သော်လည်း M-ပိုက်ဆံမှာ အပလီကေးရှင်းမှဖြစ်စေ၊ SMS မှဖြစ်စေ သုံးနိုင်သဖြင့် စမတ်ဖုန်းမဟုတ်သည့် မည်သည့်ဖုန်းများကိုမဆို ငွေလွှဲနိုင်ခြင်းဖြစ်ကာ ဒီဂျစ်တယ်ငွေကြေးကို လက်ခံရယူသူအနေဖြင့် ငွေသားအဖြစ် ထုတ်ယူလိုပါက ငွေလွှဲရန် လက်ခံရရှိသော SMS နှင့်အတူ သက်ဆိုင်ရာ အထောက်အထားများဖြင့် မိမိတို့နှင့်နီးစပ်ရာ မည်သည့် M-ပိုက်ဆံ အေးဂျင့်ထံတွင်မဆို ငွေသား ပြန်လည်ထုတ်ယူနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာအနေဖြင့် အဆိုပါ M-ပိုက်ဆံ မိုဘိုင်းငွေကြေးဝန်ဆောင်မှုကို ကိုယ်စားလှယ် ထောင်ပေါင်းများစွာဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်၍ သုံးစွဲသူများအနေဖြင့် ငွေသားကို အီလက်ထရွန်နစ်ပိုက်ဆံအဖြစ် ပြောင်းလဲခြင်းနှင့် ငွေသားပြန်လည်ထုတ်ယူခြင်းတို့ကို အလွယ်တကူပင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံအနှံ့၌ M-ပိုက်ဆံ ကိုယ်စားလှယ်ပေါင်း ၁၈၀၀၀ ခန့် ရှိထားပြီဖြစ်ကာ ဆက်လက်၍လည်း ကိုယ်စားလှယ်အရေအတွက်များတိုး၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# ဈေးနှုန်းသက်သာတဲ့ Xiaomi Redmi 5 ကို တရုတ်နိုင်ငံမှာ စတင်မိတ်ဆက်




Xiaomi အမှတ်တံဆိပ်ကို လူသိများစေခဲ့တဲ့ Xiaomi တန်ဖိုးနည်းဖုန်းစီးရီးစ်ဖြစ်တဲ့ Redmi ရဲ့နောက်ဆုံးထွက်ဖုန်းဖြစ်တဲ့ Redmi 5 ကို ဒီဇင်ဘာလအတွင်းမှာပဲ တရုတ်နိုင်ငံဈေးကွက်မှာ စတင်မိတ်ဆက်ထားခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ Redmi 5 နဲ့ Redmi 5 Plus တို့ကို မိတ်ဆက်ခဲ့တဲ့အနက် Redmi 5 ရဲ့အချက်အလက်တွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။

တရုတ်နိုင်ငံမှာ မိတ်ဆက်ခဲ့တဲ့ဈေးအရ Redmi 5 ဟာ ယူရို ၁၆၀ လောက်ပဲ ဈေးနှုန်းရှိလို့ Xiaomi ဖုန်းတွေထဲမှာဖြစ်ဖြစ်၊ တခြားတံဆိပ်ဖုန်းတွေနဲ့ ယှဉ်ရင်ဖြစ်ဖြစ် ဈေးနှုန်းသက်သာပြီး အရည်အသွေးပိုင်းမှာလည်း အရင် Redmi ဖုန်းတွေအတိုင်းပဲ ဈေးနှုန်းတဲ့ထိုက်တန်တဲ့ အရည်အသွေးမျိုးရှိတာ တွေ့ရပါတယ်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မရှိလို့ အရွယ်အစားကြီးတဲ့အထဲမှာ ပါဝင်ပြီး Resolution က 720x1440 pixels ရှိလို့ နောက်ဆုံးပေါ် ထိပ်တန်းဖုန်းတွေကို မမီပေမယ့် အတော်အသင့် ကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက်ဗားရှင်းဖြစ်တဲ့ Android 7.1.2 (Nougat) ကို အသုံးပြုထားပြီး Snapdragon Chipset နဲ့ CPU က Octa-core 1.8GHz Cortex-A53 ကို အသုံးပြုထားပါတယ်။ RAM နဲ့ မင်မိုရီအပိုင်းမှာတော့ RAM 2GB ၊ အင်တာနယ်မင်မိုရီ 16GB နဲ့ RAM 3GB၊ အင်တာနယ်မင်မိုရီ 32GB လို့ အက်ဒီးရှင်းနှစ်မျိုး ထွက်ထားပါတယ်။ အပလီကေးရှင်းတွေရဲ့လုပ်ဆောင်ချက်တွေက မြင့်မားလာတဲ့အချိန်မှာ RAM 2GB ဟာ နိမ့်လာတာကြောင့် ဝယ်ယူမယ်ဆိုရင် RAM 3GB ကိုပဲ ရွေးချယ်တာက ပိုမိုသင့်တော်ပြီး အပလီကေးရှင်းအမျိုးမျိုးကို ပေါ့ပေါ့ပါးပါး သုံးစွဲနိုင်မှာဖြစ်ပါတယ်။ မိုက်ခရို SD ကတ်လည်း ထပ်စိုက်သုံးနိုင်ပြီး 128GB အထိ ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၂ မဂ္ဂါပစ်ဇယ်ရှိပြီး ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေ ပံ့ပိုးပေးထားပါတယ်။ ဆယ်လ်ဖီကင်မရာက ၅ မဂ္ဂါပစ်ဇယ်ရှိလို့ ကင်မရာပိုင်းအနေနဲ့ အလယ်အလတ်အဆင့်ဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ Li-Po 3300 mAh ဘက်ထရီကို အသုံးပြုထားလို့ စွမ်းဆောင်ရည်မြင့်မားပါတယ်။ နက်ဝပ်အနေနဲ့ GSM နက်ဝပ်မှာ ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး အင်တာနက်အတွက် 3G နဲ့ 4G(LTE)ကို သုံးနိုင်မှာဖြစ်ပါတယ်။

Redmi 5 မှာ အဓိကအားနည်းချက်ကတော့ အရင် Redmi 4 မှာတောင် ပါခဲ့တဲ့ finger print မပါတော့ခြင်းပဲဖြစ်ပါတယ်။ မင်မိုရီကတ်ကို ဒုတိယဆင်းကတ်ပေါက်နေရာမှာ ထည့်သုံးရတာကြောင့် မင်မိုရီကတ်သုံးရင် ဆင်းကတ်တစ်ကတ်ပဲ သုံးနိုင်တာကလည်း အားနည်းချက်တစ်ခုဖြစ်ပါတယ်။ အနက်ရောင်၊ ရွှေရောင်၊ အပြာနုရောင်နဲ့ နှင်းဆီရွှေရောင်လို့ လေးမျိုးရနိုင်ပြီး ဈေးနှုန်းက ယူရို ၁၆၀ ဖြစ်ပါတယ်။ **သူရဖြိုး**

# ရွှေသို့လှမ်းချီ ဒီဂျစ်တယ်ပညာရေးဆီ အစီအစဉ်ကို MPT တိုးချဲ့လုပ်ဆောင်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံအတွင်းမှ ပညာသင်ကြားရန် အခွင့်အရေးနည်းပါးသည့် လူငယ်များထံ ကွန်ပျူတာပညာ ဗဟုသုတများ ဖြန့်ဝေရန် ရည်ရွယ်၍ MPT က လုပ်ဆောင်လျက်ရှိသည့် 'ရွှေသို့လှမ်းချီ ဒီဂျစ်တယ်ပညာရေးဆီ' အစီအစဉ်ကို တိုင်းဒေသကြီးနှင့်ပြည်နယ် ငါးခုတွင် တိုးချဲ့သွားမည်ဖြစ်ပြီး လက်တော့ပ်ကွန်ပျူတာ အလုံး ၁၀၀၊ Wi-Fi အင်တာနက်ဒေတာ ပံ့ပိုးခြင်းနှင့် သင်တန်းဆရာများဖြင့် လေ့ကျင့်သင်ကြားပေးခြင်းများဖြင့် ထောက်ပံ့သွားမည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

MPT ၏ ပညာရေးကဏ္ဍ လူမှုအကျိုးပြုလုပ်ငန်းများကို NLD ပညာရေးကွန်ရက်နှင့် ပူးပေါင်း၍ ပြီးခဲ့သည့်နှစ်မှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ အမေ့အိမ်စင်တာများတွင် ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားပေါင်း ၁၀၀၀ ကျော်အနေဖြင့် သင်တန်းများ ပြီးဆုံးခဲ့ပြီးဖြစ်သလို လုပ်ငန်းခွင်အသုံးချမှုများလည်း မြင့်တက်လာခဲ့ပြီးဖြစ်သည်။ ယခုအခါ အဆိုပါအစီအစဉ်ကို တနင်္သာရီ၊ ရောဝတီ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများနှင့် ကရင်ပြည်နယ်တို့တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်က လူငယ်များအနေဖြင့် ရန်ကုန်မြို့နှင့် မြို့ပြဒေသများသို့ သွားရောက်၍ ပညာသင်ကြားနေရသည့်အစား ယခု အစီအစဉ်အရ ၎င်းတို့နေထိုင်ရာ ဒေသများမှာပင် နည်းပညာနှင့် သင်ကြားထောက်ပံ့မှုများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"MPT အနေနဲ့ NLD ပညာရေးကွန်ရက်လို အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ပညာရေးကဏ္ဍကတစ်ဆင့် မြန်မာလူငယ်တွေကို အားအင်တွေပေးသွားဖို့ အခိုင်အမာ ဆုံးဖြတ်ထားပါတယ်၊ ဒီအစီအစဉ်က အခွင့်အရေးနည်းပါးတဲ့ လူမှုပတ်ဝန်းကျင်တွေက ကျောင်းသားအများအပြားကို အနာဂတ် သက်မွေးလုပ်ငန်းတွေရဲ့ ကောင်းမွန်တဲ့အလုပ်အကိုင်နေရာတွေမှာ ရရှိစေဖို့အတွက် လိုအပ်တဲ့ ဒီဂျစ်တယ်ကျွမ်းကျင်မှုတွေကို ထောက်ပံ့ပေးနိုင်မှာ ဖြစ်ပါတယ်၊ အခုလိုအစီအစဉ်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ် ငါးခုမှာ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ခဲ့တဲ့အပေါ် အထူးပဲဝမ်းမြောက်မိပါတယ်"ဟု MPT-KSGM Joint Operations ၏ Chief Operating Officer က ပြောကြားသည်။

MPT သည် ၂၀၁၆ ခုနှစ် ဩဂုတ်လမှစပြီး နိုင်ငံတစ်ဝန်းရှိ NLD ပညာရေးကွန်ရက် ကွန်ပျူတာသင်တန်းများတွင် သင်ကြားနေသော သင်တန်းဆရာများအတွက် ဉာဏ်ပူဇော်ခများအပါအဝင် ရန်ကုန်နှင့် မွန်ပြည်နယ်ရှိ ပညာရေးကွန်ရက် ကျောင်းများအတွက် လက်တော့ပ်ကွန်ပျူတာ အလုံး ၂၀၀ နှင့် Router ၅၄ ခုကိုလည်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# နှစ်ရက်အတွင်း ကလေး ၉၀၀၀ နီးပါးကို ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးပေး

**မြိတ် ဒီဇင်ဘာ ၁၅**

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးသည့်အစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး အသက်ကိုးလမှ ၁၅ နှစ်အထိ ကလေးများအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများ ထိုးပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဒီဇင်ဘာ ၁၁ နှင့် ၁၂ နှစ်ရက်အတွင်း ကလေးပေါင်း ၈၉၇၄ ဦးအား ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

မြိတ်မြို့တွင် ရပ်ကွက်ကျေးရွာများ၌ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးရာတွင် ယခုစီမံချက်ကာလ၏ ပထမ နှစ်ရက်အတွင်း သမုတ်ကျေးရွာ၊ သဘွတ်ကျေးရွာ၊ အင်္ဂမော်ကျေးရွာ၊ ခုံမော်ကျေးရွာ၊ မင်းသန်းကျေးရွာ၊ မြိတ်တောင်ကျေးရွာနှင့် အခြားကျေးရွာများသို့ သွားရောက်၍ ဆေးထိုးပေးနိုင်ခဲ့ပြီး ရည်မှန်းကလေးဦးရေ ၂၇၉၈၂ ဦးအနက် ၈၉၇၄ ဦးအား ထိုးပေးနိုင်ခဲ့ခြင်းဖြစ်သည်။ အခြားရပ်ကွက်၊ ကျေးရွာများတွင်လည်း ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်းနှင့် ကလေးမိဘများအနေဖြင့် မိမိတို့ကလေးများကို ကာကွယ်ဆေးလာရောက်ထိုးနှံပေးရန်လည်း ပညာပေးဆော်သြလျက်ရှိကြောင်း သိရသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် ငှက်၊ ဝက်နှင့် အိမ်မွေးတိရစ္ဆာန်များတွင် ရောဂါပိုး ဝင်ရောက်နေနိုင်ပြီး ၎င်းတိရစ္ဆာန်များကို ကိုက်ထားသည့် ခြင်မှတစ်ဆင့် လူကိုကူးစက်နိုင်သော ရောဂါဖြစ်ကာ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော်လည်း မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်အောက် ကလေးငယ်များတွင်သာ အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ရောဂါလက္ခဏာများအနေဖြင့် ရုတ်တရက်အပြင်းဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ပျို့အန်ခြင်းများဖြစ်တတ်ပြီး ရောဂါအခြေအနေဆိုးရွားလာပါက တက်ခြင်း၊ အကြောဆွဲခြင်းများ ဖြစ်ပေါ်နိုင်သည့် အပြင် သတိလစ်မေ့မြောခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ကာ ရောဂါလက္ခဏာ အပြင်းအထန်ခံစားခဲ့ရပြီး အသက်ရှင်သန်ကျန်ရစ်ပါကလည်း ကိုယ်လက်မသန်မစွမ်းခြင်း၊ မကြားခဏတက်ခြင်း၊ နားလေးခြင်း၊ စကားမပြောနိုင်ခြင်းစသည့် အသိဉာဏ်ဆိုင်ရာ၊ စိတ်ပိုင်းနှင့် အပြုအမူဆိုင်ရာ ချို့ယွင်းမှုများ ခံစားရနိုင်သည်အထိ ကြောက်စရာကောင်းသည့် ရောဂါဖြစ်သောကြောင့် ကလေးမိဘများအနေဖြင့် မိမိတို့ရင်သွေးငယ်များအား ကာကွယ်ဆေး မပျက်မကွက်ထိုးနှံကြရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းပညာပေးလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**



# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာစာသတ်ပုံနှင့် အရေးစွမ်းရည်ပြိုင်ပွဲကျင်းပ

**မင်းဘူး ဒီဇင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြန်မာဝေါဟာရတို့၏ စာလုံးပေါင်းသတ်ပုံ၊ အနက်အဓိပ္ပာယ်၊ သဒ္ဒါနှင့် ဝါကျဖွဲ့ထုံးတို့ မှန်ကန်တိကျစေရန်နှင့် မြန်မာစာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာစာသတ်ပုံနှင့် အရေးစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က ခရိုင်ပြန်/ဆက်ဦးစီးဌာန လူမှုအခြေပြုဇဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူးဦးကြည်လွင်နှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းတို့က အမှာစကားပြောကြားပြီး မင်းဘူးခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဌေးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲသို့ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ပညာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား မေတ္တာလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဖိုးပြည့်(မင်းဘူး)**



# ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဘီပီ(၁၃)နယ်စပ်ဂိတ်မှဝင်ရောက်

**မယ်စဲ့ ဒီဇင်ဘာ ၁၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ခေါင်သိမ်းဈေးတွင် ဈေးရောင်းအလုပ်သမားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားအချို့သည် နိုင်ငံကူးလက်မှတ် သက်တမ်းကုန်ဆုံးခြင်း၊ ထိုင်းအလုပ်သမားဥပဒေသစ်အရ ထိုင်းနိုင်ငံမှ ပြန်ပို့ခံရခြင်းနှင့် မိမိတို့ကိုယ်တိုင်နေရပ်ဒေသသို့ ပြန်လိုခြင်းတို့ကြောင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့မှတစ်ဆင့် မြန်မာနိုင်ငံဘက်သို့ မယ်စဲ့မြို့နယ် ဘီပီ(၁၃)ဂိတ်မှ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က မြန်မာအလုပ်သမား အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၂၆ ဦးနှင့် ကလေးခုနစ်ဦး စုစုပေါင်း ၇၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့သည်။




အဆိုပါအလုပ်သမားများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် တာဝန်ရှိသူများက ဘီပီ(၁၃)ဂိတ်တွင် ကြိုဆိုကြကာ မယ်စဲ့မြို့နယ်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းလှိုင်၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဆန်းမြင့်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် တာဝန်ရှိသူများက လာရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ထို့နောက် အစားအသောက်များ ဧည့်ခံကျွေးမွေးကာ မြို့နယ်ရဲတပ်ဖွဲ့က ရေသန့်ဘူးများ လှူဒါန်းခဲ့ကြပြီး အလုပ်သမားများ၏ နေရပ်ဒေသများဖြစ်သည့် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ရှမ်းပြည်နယ်အတွင်းမှ ဖယ်ခုံ၊ ဆီဆိုင်၊ လားရှိုးမြို့များသို့ ပြန်နိုင်ရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ရေမြောင်းများတွင် ဘိုင်အိုကင်းဆေးများ အခမဲ့ဖျန်းပေး

**ဟိုပင် ဒီဇင်ဘာ ၁၅**

မန္တလေးမြို့အခြေစိုက် Bio King ကုမ္ပဏီက မြန်မာတစ်နိုင်ငံလုံးရှိ မြို့ရွာများတွင် မိလ္လာအနံ့ဆိုးပျောက် ဆေးဖျန်းခြင်းလုပ်ငန်းများ အခမဲ့လိုက်လံဆောင်ရွက်ပေးလျက်ရှိရာ ဟိုပင်မြို့၌ ဒီဇင်ဘာ ၁၃ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီဆေးရဲ့အာနိသင်ကတော့ မိလ္လာကထွက်နေတဲ့ အနံ့အသက်တွေပျောက်တယ်၊ ကူးစက်တတ်တဲ့ရောဂါပိုးနဲ့ ခြင်ပေါက်ပွားမှု မဖြစ်စေတဲ့အပြင် ဆေးဖျန်းထားခြင်းအားဖြင့် မိလ္လာကနေတစ်ဆင့်ဖြစ်ပေါ်နေတဲ့ ရောဂါတွေကို ၁၀ ရက် တစ်ပတ် ကာကွယ်ပေးပါတယ်၊ သုံးစွဲတဲ့မိသားစုအပေါ်မှာ ကျန်းမာရေးကို စိတ်ချရစေသလို ဘေးပတ်ဝန်းကျင်ကိုလည်း ကျန်းမာရေးနဲ့ ညီစေပါတယ်"ဟု ဆေးဖျန်းအဖွဲ့ခေါင်းဆောင် ဦးနေမင်းထက်က ပြောသည်။

"မြောင်းပုပ်တွေမှာ ဖျန်းမယ်ဆိုရင် မြောင်းပုပ်က အနံ့ဆိုးပျောက်တဲ့အပြင် မြောင်းပုပ်ရေကို ကြည်လင်စေပါတယ်၊ ပိုးလောက်လန်းမပေါက်ပွားနိုင်တဲ့အပြင် ခြင်ဉ၊ ယင်ဉတွေလည်း မပေါက်ပွားနိုင်ပါဘူး၊ ရေစည်ရေကန်တို့မှာ ထည့်သုံးမယ်ဆိုရင် ပိုးလောက်လန်းမပေါက်ပွားဘူး၊ ရေညှိမတင်ဘူး၊ မိုးရေလှောင်ကန်ထဲမှာသုံးရင် မိုးရေမှာပါတဲ့ အက်ဆစ်ဓာတ်ကို ခြေဖျက်ပေးနိုင်ပါတယ်"ဟု ၎င်းကဆက်လက်ရှင်းပြသည်။

ဟိုပင်မြို့၌ ဆေးဖျန်းပေးရာတွင် မြို့မတောင်ရပ်ကွက်၊ မြို့မမြောက်ရပ်ကွက်၊ မြသီတာရပ်ကွက်၊ မြဇေယျာရပ်ကွက်တို့တွင် ဆေးများဖျန်းပေးနေပြီး ကုမ္ပဏီလူကြီးများ၏ ညွှန်ကြားချက်ဖြင့် ဘိုင်အိုကင်း ကျန်းမာရေးမြှင့်တင်မှုအဖွဲ့က ရပ်ကွက်အတွင်း နေအိမ်များရှိ မိလ္လာနှင့် ရေဆိုးရေညစ်ရေမြောင်းများတွင် ဆေးများ အခမဲ့ လာရောက်ဖြန်းပေးခြင်းဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လိုက်လံ၍ ဆေးဖျန်းပေးလျက်ရှိကြောင်း ဆေးလာရောက်ဖျန်းပေးသည့်အဖွဲ့မှ ခေါင်းဆောင်က ပြောသည်။

**မင်းမင်းဦး**



**သာယာဝတီမြို့နယ် ဗေဒင်ကုန်း-ချိုကြီးကွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားတွင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မွမ်းမံရန်ပုံငွေဖြင့် IBeam များ တပ်ဆင်ခြင်းနှင့် အပေါ်ထည်ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ နိုဝင်ဘာလကုန်ပိုင်းက ဆောင်ရွက်ပြီးစီးမှုကို သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစဉ်။**

သန့်ဇော်(ပြန်/ဆက်)

# ကလေးများ ကာယ၊ ဉာဏစွမ်းရည် တိုးတက်ရေးအတွက် ပြိုင်ပွဲများ ကျင်းပပေး

**လိပ်သို ဒီဇင်ဘာ ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် ကလေးသူငယ် အစောပိုင်းကာလ ပြုစုပျိုးထောင်ခြင်းနှင့် ဘက်စုံဖွံ့ဖြိုးရေး ကလေးစွမ်းရည်ပြိုင်ပွဲကို ဂေခို ဂေဘား သာသနာ့ဓမ္မပညာဒါနအဖွဲ့က ဦးစီး၍ (၅)ကြိမ်မြောက်အဖြစ် ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။



အဆိုပါ ပြိုင်ပွဲကို နှစ်စဉ် တစ်နှစ်တစ်ကြိမ် ကျေးရွာများသို့ လှည့်လည်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၅)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ကလေးများအတွက် ယခုလို စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခြင်းအားဖြင့် ကလေးများ၏ ကာယ၊ ဉာဏစွမ်းရည် တိုးတက်လာစေပြီး တစ်နှစ်ထက်တစ်နှစ် ကလေးများ၏အရည်အသွေး တိုးတက်လာပုံကိုလည်း ဆန်းစစ်လေ့လာနိုင်ကြောင်း ဂေခို ဂေဘား ECCD ခရစ်ယာန်ဓမ္မတာဝန်ခံ ဆရာမ ဒေါ်ဟေးဒါအားခူက ပြောကြားသည်။

အဆိုပါ ဘက်စုံဖွံ့ဖြိုးရေး ကလေးစွမ်းရည်ပြိုင်ပွဲတွင် ECCD မူကြိုကလေးငယ်များ၊ လိပ်သိုမြို့နယ်အတွင်း ကျေးရွာရှစ်ရွာမှ ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကလေးငယ်များအား တာဝန်ခံ ဆရာ ဆရာမများ၊ မူကြိုအကျိုးတော်ဆောင် များ၊ ရပ်မိရပ်ဖများက ဆုများချီးမြှင့်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှုခင်းသတင်းတိုများ

## စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ဖမ်းဆီးရမိ

တနသ်ာရီမြို့နယ် တကူကျေးရွာအုပ်စု သံတိုက်ကျေးရွာ၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူတစ်ဦးအား ရှာဖွေစဉ် ဆိုင်ကယ်ကိုထား၍ ထွက်ပြေးသွားခဲ့ပြီး ကျန်ခဲ့သည့် ဆိုင်ကယ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကို ဖမ်းမိခဲ့ကြောင်း သိရသည်။ တနသ်ာရီမြို့နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး(MANA)အဖွဲ့မှ အဖွဲ့ဝင်များက သံတိုက်ကျေးရွာ၌ ဒီဇင်ဘာ ၁၃ ရက်က မူးယစ်ဆေးဝါး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်စဉ် ကျွန်းစုမြို့နယ် ချောင်းကြီးဝကျေးရွာနေ ဇော်ဌေး(၃၀ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်ကို မသင်္ကာ၍ ရပ်တန့်ရှာဖွေရာ ဇော်ဌေးမှာ ဆိုင်ကယ်ကိုထား၍ ထွက်ပြေးသွားခဲ့ကြောင်း၊ ကျန်ခဲ့သည့် ဆိုင်ကယ်ကို အဖွဲ့ဝင်များက ဆက်လက်ရှာဖွေရာ ဆိုင်ကယ်ပေါ်တွင်ပါသည့် မိသားစုတံဆိပ် သံမုန့်ပုံးအတွင်းမှ အပြာရောင် ပလတ်စတစ်အိတ်ငယ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၁၂၀၀၀ ကို ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တနသ်ာရီမြို့နယ် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အဖွဲ့ဝင်များက တနသ်ာရီမြို့မရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့၍ ရဲတပ်ဖွဲ့ဝင်များက လာရောက်စစ်ဆေးပြီး ရဲအုပ်နေလင်းက တရားလိုပြုလုပ်ကာ တနသ်ာရီမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ဆန်အိတ်တင် ခြောက်ဘီးကား တိမ်းမှောက်၍လူနှစ်ဦးသေဆုံး

ငဖဲမြို့နယ်အတွင်း မင်းဘူး-အမ်းကားလမ်းပေါ် ပေါလုကွေ့၌ ဆန်အိတ်များ တင်ဆောင်မောင်းနှင်လာသည့် ခြောက်ဘီးကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်၍ လူနှစ်ဦးသေဆုံးမှု ဒီဇင်ဘာ ၁၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရခိုင်ပြည်နယ် အမ်းမြို့နယ်ဘက်မှ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ဘက်သို့ ဆန်အိတ်များတင်ဆောင်၍ မောင်းနှင်လာသည့် ခြောက်ဘီးကား တိမ်းမှောက်ခြင်းဖြစ်ပြီး ယာဉ်ပေါ်တွင် လူသုံးဦးလိုက်ပါလာကာ ယာဉ်မောင်းနှင့် အခြားတစ်ဦးမှာ နေရာတွင် သေဆုံးပြီး တစ်ဦးမှာ ပြင်းထန်ဒဏ်ရာများဖြင့် သတိလစ်နေသည်ကိုတွေ့ရ၍ ပဒါန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း နယ်မြေခံ ဂုတ်ကြီးရဲစခန်းမှူး ရဲအုပ်ကျော်မျိုးက ပြောသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဂုတ်ကြီးရဲစခန်းက အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ယာဉ်တစ်စီး တိမ်းမှောက်၍ကိုရင်ငယ်တစ်ပါး ပျံလွန်တော်မူ

တနသ်ာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု သဲဖြူကျေးရွာနှင့် သိန်ခွန်းကျေးရွာအကြား တနသ်ာရီ-မောတောင် ကားလမ်းပေါ်တွင် ဒီဇင်ဘာ ၁၂ ရက်က ယာဉ်တစ်စီး တိမ်းမှောက်ခဲ့၍ ယာဉ်ပေါ်ပါ ကိုရင်ငယ်တစ်ပါး ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။ တနသ်ာရီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်နှင့် တနသ်ာရီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၏ သွားရောက်စစ်ဆေးချက်အရ ယာဉ်မောင်း စိုးပြည့်အောင်(၂၁ နှစ်) မောင်းနှင်ပြီး မြိတ်မြို့ ဓမ္မသီတဂူကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်နှင့် ကိုရင်နှစ်ပါး၊ ဒါယိကာမ ဒေါ်ခင်မာဝင်းတို့ လိုက်ပါလာသည့် မတ်တူးကားသည် အဆိုပါနေရာ၌ ဘီးပေါက်ပြီး လမ်းဘေးရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ဆရာတော်မှာ ခါးတွင်ပွန်းပဲ့ဒဏ်ရာတစ်ချက်၊ ယာလက်မောင်း ပွန်းပဲ့ဒဏ်ရာတစ်ချက်(မစိုးရိမ်ရ)တို့ ရရှိပြီး ကိုရင်ဝိမလ (၁၂ နှစ်)မှာ နေရာတွင် ပျံလွန်တော်မူခဲ့ကြောင်း၊ ယာဉ်ပေါ်ပါသည့် ကျန်သုံးဦးမှာ ထိခိုက်ဒဏ်ရာ ရခြင်းမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စိုးပြည့်အောင်(ခ) ပုငယ်အား အရေးယူပေးရန် မောတောင်နယ်စပ်စခန်းမှ ဒုရဲမှူးအောင်ကျော်မိုးက တရားလိုပြုလုပ်၍ အမှုဖွင့်ထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၅**

မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်နှင့် စီတာပူရပ်ကွက်အတွင်းရှိ အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်နှင့် အနွေးထည်၊ ခြုံစောင်များကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒီဇင်ဘာ ၁၃ ရက်က သွားရောက်ထောက်ပံ့ပေးအပ်ကြသည်။



ပြည်နယ်လူမှုရေးဝန်ကြီးသည် မန်ခိန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများအား တွေ့ဆုံပြီး ဘိုးဘွား ၁၂ ဦးအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ပေးအပ်သည့် လူမှုရေးပင်စင်အဖြစ် ကျပ်သုံးသောင်းစီကို ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်မိသားစုက ဘိုးဘွားများအား ခြုံစောင်များနှင့် ပြည်နယ်အစိုးရအဖွဲ့က အနွေးထည်များကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ထို့နောက် စီတာပူရပ်ကွက်သို့ ဆက်လက်သွားရောက်ပြီး ဘိုးဘွား ၂၆ ဦးအား လူမှုရေးပင်စင် ကျပ်သုံးသောင်းစီနှင့် ခြုံစောင်၊ အနွေးထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက ပြည်နယ်အတွင်း၌ အသက် ၉၀ နှင့်အထက် ဘိုးဘွားများကို တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် လူမှုရေးပင်စင် ထောက်ပံ့ပေးပြီး သုံးလလျှင် တစ်ကြိမ်ပေးအပ်ကြောင်း၊ ယခုအကြိမ်သည် တတိယအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ကချင်ပြည်နယ်အတွင်း အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွား ၉၄၆ ဦးအထိရှိပြီး မြစ်ကြီးနားခရိုင်အတွင်း ၃၄၄ ဦး၊ မိုးညှင်းခရိုင်အတွင်း ၂၉၆ ဦး၊ ဗန်းမော်ခရိုင်၌ ၁၉၉ ဦးနှင့် ပူတာအိုခရိုင်အတွင်း၌ ၁၀၇ ဦးဖြစ်ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ စာရင်းများအရ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ခွဲစိတ်ကုသမှု ခံယူနေသူများအား အာဟာရနှင့် အလှူငွေများ သွားရောက်ထောက်ပံ့

**မန္တလေး ဒီဇင်ဘာ ၁၅**

မန္တလေးပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းရောဂါ၊ အပူလောင်ရောဂါနှင့် အသားအစားထိုး ခွဲစိတ်ပြုပြင်မှုဆိုင်ရာ ဌာနနှင့် ဂျပန်နိုင်ငံမှ Medecins du Monde(MDM)အဖွဲ့တို့ ပူးပေါင်း၍ မွေးရာပါ ကိုယ်ခန္ဓာချို့ယွင်းချက်ရှိသူများနှင့် ခွဲစိတ်ကုသရန် လိုအပ်သူများအား အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ ခွဲစိတ်ခံလူနာများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာယုယုမေနှင့် အဖွဲ့က ဒီဇင်ဘာ ၁၃ ရက်က သွားရောက်တွေ့ဆုံ၍ အလှူငွေနှင့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး လူနာစောင့်များနှင့် ခွဲစိတ်ခံထားသူများအား အားပေးစကား ပြောကြားခဲ့သည်။



ဂျပန်နိုင်ငံ Medecins du Monde (MDM)အဖွဲ့သည် မန္တလေးမြို့တွင် စတုတ္ထအကြိမ်မြောက်အဖြစ် အခမဲ့ လာရောက်ခွဲစိတ်ကုသပေးခြင်းဖြစ်ပြီး မွေးရာပါ ကိုယ်ခန္ဓာချို့ယွင်းချက်ရှိသူများနှင့် ခွဲစိတ်ကုသရန် လိုအပ်သူများအား ကုသပေးကြောင်း၊ ခွဲစိတ်ကုသပေးရာတွင် နှုတ်ခမ်းကွဲ အာခေါင်ကွဲ ခွဲစိတ်ကုသပေးခြင်း၊ မီးလောင်ဒဏ်ရာကို အသားအစားထိုး ကုသပေးခြင်း၊ နားအတုတပ်ပေးခြင်း စသည့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးကာ လူနာ ၂၂ ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝေဖြိုးအောင်**

# ရွှေသောင်ယံ ကျောက်မောင်နှမကမ်းခြေ အပန်းဖြေစခန်း၌ ဆင်စီး၍ တောလမ်းခရီးသွားနိုင်



**ရွှေသောင်ယံ ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ကျောက်မောင်နှမ ပင်လယ်ကမ်းခြေစခန်းတွင် "လူနှင့်ဆင်" သဟဇာတဖြစ်ရေးအတွက် ဦးတည်ချက်ဖြင့် အပျော်စီးဆင်စခန်းတစ်ခုကို Coral Chaungtha Beach Hotel ဟိုတယ်မှ စီမံဖွင့်လှစ်ထားကြောင်း သိရသည်။

ကျောက်မောင်နှမကမ်းခြေ အပန်းဖြေစခန်းသည် ရွှေသောင်ယံအပိုင် ပင်လယ်ကမ်းခြေတွင်ရှိပြီး ချောင်းသာကမ်းခြေအပန်းဖြေစခန်းနှင့် တစ်ဆက်တည်းသုံးမိုင်အကွာတွင်ရှိသော သဘာဝပင်လယ်ကမ်းခြေတစ်ခု ဖြစ်သည်။

အဆိုပါ ဟိုတယ်နှင့် ကျောက်မောင်နှမဆင်စခန်းတွင် ဆင်များစီးနိုင်ပြီး ၎င်းတို့၏ သဘာဝကို လေ့လာနိုင်သလို လိမ္မာယဉ်ကျေးသည့် ဆင်သရုပ်ပြ ဖျော်ဖြေမှုတို့ကို ကြည့်ရှုနိုင်ကြောင်း၊ ယင်းနောက် ဆင်များအား အစာကျွေးခြင်း၊ ဆင်များနှင့်အတူ ဓာတ်ပုံရိုက်ခြင်း၊ ဆင်များကို ကိုယ်တိုင်ရေချိုးပေးခြင်း၊ ဆင်စီး၍ တောတောင်ရေမြေသဘာဝနှင့် ကျေးလက်ဆင် စခန်းဖွဲ့စည်းထားမှုအခြေအနေလေ့လာနိုင်ရန် စီစဉ်ထားကြောင်းကို အဆိုပါ စခန်းမှ မန်နေဂျာဦးထွန်းထွန်းအောင်က ပြောသည်။

ဆင်စခန်းတွင် လိမ္မာယဉ်ကျေးပြီး လူနှင့်ရင်းနှီးအောင် သင်ထားသော ဆင်သုံးကောင်ရှိကာ လိုအပ်ပါက လိမ္မာသောဆင်များထပ်မံ ထားရှိ၍ ဝန်ဆောင်မှုများပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ခရမ်း-စိုးမြင့်**

# လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**ငပုတော ဒီဇင်ဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငပုတောမြို့နယ် လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ် စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် စီမံကိန်း စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂)ကို ဒီဇင်ဘာ ၁၃ ရက်က ငပုတောမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူမင်းက အမှာစကားပြောကြားပြီး မြို့နယ် နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစိုးဇာနည်မော်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများဖြစ်သည့် လူထုစည်းရုံးရေးမှူး ၄၆ ဦးနှင့် လက်ထောက်နည်းပညာမှူး ၂၃ ဦး စုစုပေါင်း ၆၉ ဦး တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ဒီဇင်ဘာ ၁၅ ရက်အထိ သုံးရက်ဖြစ်သည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# ညအချိန် အိမ်ပေါ်တက်၍ ဓားထောက်လုယက်မှုဖြစ်ပွား

**ရွှေဘို ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက် ပြင်ဈေးတောင်ရပ်ရှိ နေအိမ်တစ်အိမ်၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၂ နာရီခန့်က အိမ်ရှင်များအိပ်ပျော်နေစဉ် အိမ်အတွင်းဝင်ရောက်၍ ဓားထောက်လုယက်မှု ဖြစ်ပွားခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကောင်းမြတ်ကျော်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၂ ရက် နံနက် ၂ နာရီခန့်က တရားလို ဦးသာမွှေးသည် နေအိမ်အောက်ထပ်တွင် အိပ်ပျော်နေစဉ် နေအိမ်အပေါ်ထပ်တွင်အိပ်သော သမီးဖြစ်သူ မစုပြည့်ချမ်းသာနှင့် မခင်ငြိမ်းငြိမ်းထက်၊ ယောက္ခမဖြစ်သူ ဒေါ်ဌေးရွှင်တို့၏ အော်သံကို ကြားရကြောင်း၊ တရားလို၏ဇနီးဖြစ်သူ မတင်မာနွယ်က နေအိမ်အပေါ်ထပ်သို့ အရင်တက်ကြည့်စဉ် လှေကားအဆင်း၌ အမည်မသိအမျိုးသားတစ်ဦးအား တွေ့ရပြီး ၎င်းက မတင်မာနွယ်၏လည်ပင်းအား ဓားဖြင့်ထောက်ထားစဉ် ဦးသာမွှေးက ဝင်ရောက်လုံးထွေးသတ်ပုတ်ခဲ့ပြီး အမည်မသိသူက ဓားဖြင့်ထိုးသဖြင့် ဒဏ်ရာများရခဲ့ကြောင်း၊ ထို့နောက် အမည်မသိသူက ဓားနှင့်ထောက်ကာ ရွှေထည်ပစ္စည်းများနှင့် ငွေများပေးရန် တောင်းဆိုသဖြင့် တရားလို၏သမီးဖြစ်သူက လည်ပင်းမှ ဆွဲကြိုးကို ဖြုတ်ပေးလိုက်ရကြောင်း၊ လုယက်သူက ဆွဲကြိုးကိုယူပြီး နေအိမ်အုတ်တံတိုင်းကို ကျော်တက်ထွက်ပြေးစဉ် တရားလိုဦးသာမွှေးက အုတ်ခဲကျိုးဖြင့် ပစ်လိုက်ရာ လုယက်သူ၏ဦးခေါင်းကို ထိမှန်၍ နေအိမ်ရှေ့ရေမြောင်းအတွင်းပြုတ်ကျခဲ့ပြီး လုယူသွားသော ဆွဲကြိုးနှင့် လုယက်စဉ်အသုံးပြုသောဓားတို့ လွတ်ကျခဲ့ကြောင်း၊ ထို့နောက် ရပ်ကွက်နေပြည်သူများက ဝိုင်းဖမ်းသော်လည်း ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်နေယုမောင်ထံမှ သိရသည်။

လုယက်မှုဖြစ်စဉ်၌ ဦးသာမွှေးမှာ မစိုးရိမ်ရ ဓားဒဏ်ရာ နှစ်ချက်၊ တရားလို၏ဇနီးမှာ မစိုးရိမ်ရ ဓားဒဏ်ရာနှစ်ချက်နှင့် သမီးဖြစ်သူမှာ မစိုးရိမ်ရ ဓားဒဏ်ရာ တစ်ချက်တို့ ရရှိခဲ့၍ လူများကို ဒဏ်ရာများရရှိအောင် ပြုလုပ်ကာ လုယက်မှုကျူးလွန်သူ အမည်မသိအမျိုးသားအား အရေးယူပေးရန် ရွှေဘိုမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့၍ စခန်းမှူး ဒုရဲမှူးမြင့်မောင်က အမှုစစ်အဖြစ် ဆောင်ရွက်ကာ တရားခံအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူလမ်းနယ်နိမိတ်များတွင် ယာဉ်အိုယာဉ်ဟောင်းများရှင်းလင်းရေး အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုးတက်များပြားလာသော ယာဉ်များ မောင်းနှင်သွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ယာဉ်ကြောကျပ်တည်းမှုလျှော့ချနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ စဉ်ဆက်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

သို့သော်လည်း အချို့သောယာဉ်အို၊ ယာဉ်ဟောင်း၊ ယာဉ်အပျက်များသည် အများပြည်သူဆိုင်ရာလမ်းနယ်နိမိတ်များပေါ်တွင် အကြောင်းမဲ့ အချိန်ကာကြာရှည်စွာရပ်ထားခြင်းကြောင့် လမ်းပိတ်ဆို့မှုနှင့်လမ်းများ၏ ဥပဓိရုပ်အား အကျည်းတန်စေပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းနယ်နိမိတ်များပေါ်တွင်ယာဉ်အို၊ ယာဉ်ဟောင်း၊ ယာဉ်အပျက်များအားလုံး ရပ်နားထားခြင်းကို ၃၁-၁-၂၀၁၈ရက် နောက်ဆုံးထား၍ ဖယ်ရှားပေးရန်နှင့် လိုက်နာရန် ပျက်ကွက်ခဲ့ပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ဖယ်ရှားမည့်အပြင် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## YBS ခရီးသည်တင်ယာဉ်တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အသိပေးခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပိုမိုကောင်းမွန်သောခရီးသည်ပို့ဆောင်ရေးစနစ်ကို ၁၆-၁-၂၀၁၇ရက်မှစတင်ပြီး စနစ်တကျ အဆင့်ဆင့် ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ခရီးသွားပြည်သူများသွားလာရေးတွင် လုံခြုံချောမွေ့စေရန်အတွက် YBS ယာဉ်များ စက်စွမ်းအားကြံ့ခိုင်မှု၊ မြို့တော်အင်္ဂါရပ်နှင့်အညီ ဥပဓိရုပ် ကောင်းမွန်သော YBS ခရီးသည်ယာဉ်များဖြင့် ပြေးဆွဲနိုင်ရန် စီမံထားရှိပါသည်။

၃။ သို့ဖြစ်ပါ၍ YBS ကုမ္ပဏီများ၊ YBS ယာဉ်လိုင်းများအနေဖြင့် YRTA ၏ ခွင့်ပြုချက်မရှိ(မရှိဘဲ) ပြည်ပယာဉ်တင်သွင်းသည့် ကုမ္ပဏီများထံမှ ခရီးသည်တင် City Bus ယာဉ်များ မှာယူတင်သွင်းနေပြီး YBS ယာဉ်ပြေးဆွဲခြင်းလုပ်ငန်းများတွင် ဝင်ရောက်ပြေးဆွဲနေကြောင်း စစ်ဆေးတွေ့ရှိပါက YBS ယာဉ်ပြေးဆွဲခြင်းလုပ်ငန်းမှ ရပ်စဲသည်အထိအရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၄။ အထက်ပါအသိပေးညွှန်ကြားချက်အား အသေးစိတ်သိလိုပါက အောက်ပါ အတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) **YBS (CEO) ရုံးခန်း** - YBS (CEO)
ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့ရုံး၊
အခန်းအမှတ်(၂၁၄)

(ခ) **ဆက်သွယ်ရန်ဖုန်း** - ၀၉-၄၂၀၂၀၇၄၈၀

**ရန်ကုန်တိုင်းဒေသကြီး**
**သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာငွေလုံးငွေရင်းဖြည့်စွက်နှင့်ခေါင်းစဉ်ပြောင်းခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူရေးလုပ်ငန်း (Lot ၇ ခု)၊ Turnkey လုပ်ငန်း(Lot ၆၂ ခု)အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၂-၁၂-၂၀၁၇ရက်တွင်စတင်ရောင်းချပြီး ၂၉-၁၂-၂၀၁၇ရက် ၁၆:၀၀နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ တင်ဒါများကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး မော်လမြိုင်မြို့တွင် တင်သွင်းရမည်ဖြစ်ပြီးအိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**

ဖုန်း-၀၅၇-၂၅၉၁၉၊ ၀၉-၈၇၂၅၅၇၂၊ ၀၉-၈၇၂၅၅၇၁

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## (ဘွိုင်လာစစ်ဆေးရေး)
## ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန(ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း ၁/၂၀၁၈ကို ၈-၁-၂၀၁၈ရက်မှ ၁၆-၂-၂၀၁၈ရက်ထိဖွင့်လှစ်ပို့ချသွားပါမည်။ ၎င်းသင်တန်းကို တက်ရောက်လိုသူ ပြင်ပသင်တန်းသားများသည် အနိမ့်ဆုံးအခြေခံပညာအလယ်တန်းအောင်မြင်ရန်လိုအပ်ပြီး အောက်ပါသင်တန်းဌာနသို့ ၅-၁-၂၀၁၈ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းလျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဘွိုင်လာသင်တန်းဌာန** - အမှတ်၁၉၂၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၉၈၇၊ ၀၉-၂၅၁၀၁၆၈၆၁၊
၀၉-၄၄၉၂၅၃၇၄၆

## မိဘအမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၄)၊ ပထမတန်း(A)မှ မမေပွင့်ဖြူ၏ မိဘအမည်မှန်မှာ ဦးအောင်ကျော်မင်း ၉/လဝန(နိုင်)၁၆၅၅၆၁နှင့် ဒေါ်ဇင်မာဦး၉/လဝန(နိုင်)၂၁၄၆၉၂ ဖြစ်ပါသည်။**ဦးအောင်ကျော်မင်း၊ ဒေါ်ဇင်မာဦး**

## ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက နဝမတန်း(D)မှ မောင်ထက်လင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းဝင်း ဖြစ်ပါကြောင်း။

**ဦးသန်းထွန်းဝင်း**

## ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက နဝမတန်း(A)မှ မခိုင်ဇင်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးညိမ်း ဖြစ်ပါကြောင်း။

**ဦးညိမ်း**

## ရန်ကုန်တိုင်းဒေသကြီး မြစ်ချောင်းများအတွင်း ရေယာဉ်အိုဟောင်းများ ရှင်းလင်းရေးအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများတွင် ကုန်စည်နှင့် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေပါသည်။ ရေကြောင်းသွားလာရေးကို အနှောင့်အယှက်ဖြစ်စေသည့် သွားလာမှုမပြုတော့သည့် ရေယာဉ်အဟောင်းများ၊ အပျက်အစီးများကြောင့် မြစ်ချောင်းများကို အကျည်းတန်စေပါသည်။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး မြစ်ချောင်းများအတွင်း ရေယာဉ်အိုဟောင်းနှင့် ရေယာဉ်ပျက်များအားလုံး ရပ်နားထားခြင်းကို ၂၈-၂-၂၀၁၈ရက် နောက်ဆုံးထား၍ ဖယ်ရှားပေးရန်နှင့် လိုက်နာမှုပျက်ကွက်ပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ဖယ်ရှားမည့်အပြင် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## YBS အထူးယာဉ်မောင်းသင်တန်းအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တွင်း YBS ယာဉ်သစ်ကြီးများ မောင်းနှင်ရန်အတွက် ယာဉ်မောင်းများ အလိုရှိပါသဖြင့် အထူးယာဉ်မောင်းသင်တန်းကို ဆက်သွယ်ရေးနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် YRTA တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အမှတ်စဉ်(၅)ထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။လိုအပ်ချက်အရ သင်တန်းသားဦးရေပိုမိုလိုအပ်သဖြင့် အမှတ်စဉ် (၆)မှစတင်ပြီး အောက်ဖော်ပြပါ အချက်အလက်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) 'ခ' လိုင်စင် အနည်းဆုံး(၃)နှစ် သက်တမ်းရှိရမည်။ 'င' လိုင်စင်ရှိသူများလည်းလျှောက်ထားနိုင်သည်။
(ခ) အသက်(၂၅)နှစ်မှ (၅၅)နှစ်အတွင်းရှိရမည်။
(ဂ) ယာဉ်ကြီးမောင်းနှင်သည့် အတွေ့အကြုံရှိသူဖြစ်ရမည်။
(ဃ) လက်ရှိ YBS ယာဉ်လိုင်းများတွင် မောင်းနှင်သူများဖြစ်ပြီး သက်ဆိုင်ရာ ယာဉ်လိုင်းကုမ္ပဏီ၏ ထောက်ခံချက်ပါရှိရမည်။
(င) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။

၂။ **သင်တန်းဖွင့်လှစ်မည့်အစီအစဉ်**

(က) သင်တန်းပြီးဆုံးအောင်မြင်ပါက မူလလျှောက်ထားသည့် ယာဉ်လိုင်းကုမ္ပဏီများတွင် ဆက်လက်မောင်းနှင်ခွင့်ပြုမည်။
(ခ) သင်တန်းကာလကို ရက်သတ္တပတ်(၂)ပတ်အတွင်း တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းအောင်မြင်လျှင် YBS မောင်းနှင်ခွင့်ကတ်ပြားရရှိပါမည်။
(ဂ) ယာဉ်မောင်းသင်တန်းကို(၁)လလျှင် သင်တန်း(၃)ကြိမ်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား စုစုပေါင်း(၅၀၀)ဦး ခေါ်ယူသွားမည်ဖြစ်သည်။
(ဃ) လျှောက်လွှာယူခြင်းနှင့်တင်ရမည့်နေရာ- YRTA (ရုံးချုပ်) (ကျိုက္ကဆံစူပါဝမ်းကုန်တိုက်အနီး) အမှတ်(၆၅)၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်။

၃။ သင်တန်းသားဦးရေအကန့်အသတ်ရှိပါ၍ အမြန်ဆုံးလာရောက်လျှောက်ထားကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၄၁၉၀၃ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော(က)Trimethoprim Injection (100ml)-(၁၉၈၆)လုံး၊ (ခ)Penstrep Injection (100ml)- (၁၉၈၆)လုံး၊ (ဂ)Oxytetracycline 10%Injection(100ml)-(၁၉၈၆)လုံး၊(ဃ) Vitamin Injection(100ml)-(၁၉၈၆)လုံး၊ (င)Amino acid Injection(100ml)-(၁၉၈၆)လုံး၊ (စ)Fe+Forte Injection(100ml)-(၁၉၈၆)လုံး၊ (ဆ)Iodine spray (500ml)-(၁၉၈၆) လုံး၊ (ဇ)Tar (100ml x 10)-(၁၉၈၆)ပါကင်၊ (ဈ)Analgesin Injection (100ml)-(၁၉၈၆)လုံး၊ (ည) Dexamethasone Injection(100ml)-(၁၉၈၆) လုံး၊ (ဋ)Ivermectin Injection(100ml)-(၁၉၈၆)လုံး၊ (ဌ)ကျွဲ/နွား လျှာပွတ်ဆေး (၁၀ထုပ်/၁ထုပ် ပါကင်)-(၁၉၈၆)ပါကင်၊(ဍ) နွားစာ (အစာနုစပ်စာ)-(၁၃၈)တန် စုစုပေါင်း ပစ္စည်းအမယ်(၁၃)မျိုးကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်းနှင့် တင်သွင်းမည့်ကုမ္ပဏီအနေဖြင့် တိရစ္ဆာန်အစာအတွက်အရောက်ပို့ဈေးနှုန်းတင်သွင်းရန်၊ တိရစ္ဆာန်သုံး ဆေးဝါးအတွက် တိရစ္ဆာန်သုံးဆေးဝါး(၁၂)မျိုးလုံး တင်သွင်းနိုင်သူဖြစ်ပြီး(၁၂)မျိုး (၁)ပါကင် ထုပ်ပိုး၍ ဖြန့်ဖြူးမည့်ဒေသအရောက် ပို့ဆောင်နိုင်သူဖြစ်ရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ရုံးအမှတ် ၃၆၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၇ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၀၂၀၊ ၀၆၇-၄၀၈၁၇၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက နဝမတန်း(A)မှ မသီရိသက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးသိန်းငွေအောင် ဖြစ်ပါကြောင်း။

**ဦးသိန်းငွေအောင်**

## ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက နဝမတန်း(A)မှ မောင်ကောင်းထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဝင်း ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးဝင်း**

## ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက နဝမတန်း(A)မှ မောင်အေးမြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးမြခိုင် ဖြစ်ပါကြောင်း။

**ဦးမြခိုင်**

# အသင်းဝင်သက်တမ်း တိုးမြှင့်ရေးဆောင်ရွက်ကြပါရန် အကြောင်းကြားခြင်း

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (စတုတ္ထ)သက်တမ်း (၂၀၁၄-၂၀၁၇) သည် ကုန်ဆုံး၍ (ပဉ္စမ) သက်တမ်း (၂၀၁၇-၂၀၂၀)အတွက် ရွေးကောက်ပွဲအား မကြာမီ ကျင်းပတော့မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်း၊ ရွေးချယ်ခံခြင်းများကို အသင်းဝင်သက်တမ်း ကျန်ရှိသူများသာ ဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါသည်။ အသင်းတွင် အသင်းသားအဖြစ် ဆက်လက်ပါဝင်လိုသူများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံလိုသူများသည် မိမိတို့၏ အသင်းဝင်သက်တမ်းကို ပြန်လည်စိစစ်ပြီး သက်တမ်းကုန်ဆုံးနေပါက အချိန်မီသက်တမ်းတိုးကြပါရန် အကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ကြေညာချက်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်စီးပွားရေးတက္ကသိုလ်) အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ **သင်တန်းအမည်** | - | (က) | Diploma in Marketing |
| | | (ခ) | Diploma in Research Studies |
| ၂။ **သင်တန်းအောင်လက်မှတ်** | - | (က) | Diploma in Marketing (DIM) |
| | | (ခ) | Diploma in Research Studies(DRS) |
| ၃။ **သင်တန်းဝင်ခွင့်အရည်အချင်း** | - | (က) | အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| | | (ခ) | သင်တန်းကိုအချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။ |
| ၄။ **သင်တန်းသားရွေးချယ်မှု** | - | | အထက်ပါ အချက်အလက်များနှင့်ပြည့်စုံပြီး စီးပွားရေးလုပ်ငန်း အတွေ့အကြုံရှိသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။ (DRS သင်တန်းအတွက် သုတေသနလုပ်ငန်းတွင် လုပ်ဆောင်နေသူများကို ဦးစားပေး ရွေးချယ်မည်ဖြစ်ပြီး Computing Skilled (Word, Excel) တတ်ကျွမ်းသူဖြစ်ရမည်။) |
| ၅။ **သင်တန်းကာလ** | - | | (၁၂)လ |
| ၆။ **လျှောက်လွှာများရောင်းချမည့်ရက်နှင့် လျှောက်လွှာစတင်လက်ခံမည့်ရက်** | - | | ၁၂-၁၂-၂၀၁၇ရက်မှ ၅-၁-၂၀၁၈ရက်အထိ |
| ၇။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** | - | | ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၉ရက် (အင်္ဂါနေ့) |
| ၈။ **ဆက်သွယ်ရမည့်လိပ်စာ** | - | | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) |

၉။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ကမာရွတ်နယ်မြေ)ရှိ ဝါဏိဇ္ဇဗေဒဌာနနှင့် စာရင်းအင်း ပညာဌာနတို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**သင်တန်းကြီးကြပ်ရေးကော်မတီ**

## ဖခင်အမည်မှန်

ဝက်လက်မြို့နယ်၊ ရွာသာကြီး ကျေးရွာ အထက နဝမတန်း(B)မှ မောင်ဇင်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးစန်းငွေ ၅/မမတ(နိုင်)၀၃၄၃၇၉ ဖြစ်ပါကြောင်း။ **ဦးစန်းငွေ**

## ဖခင်အမည်မှန်

ဝက်လက်မြို့နယ်၊ရွာသာကြီး အထက နဝမတန်း(A)မှ မောင်အောင်ကိုသက်နှင့် ဆဋ္ဌမတန်း(A)မှ မောင်အောင်ကိုထက်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုလင်း ၅/ဝလန(နိုင်)၁၇၈၀၂၆ ဖြစ်ပါကြောင်း။

**ဦးကိုလင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာ(စတုတ္ထနှစ်) ဖြေဆိုအောင်မြင်ခဲ့သော မခင်ပြည်သာ၏ ဖခင် ဦးခင်ဇော်ညွန့် ၈/ပခက(နိုင်)၁၇၉၃၃၇နှင့် ဦးခင်ဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်ဇော်ညွန့်(ခ)ဦးခင်ဇော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၈ဃ/၈၅၁၁၅ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆိုင် (ခ)စိုးမြင့် ၁၃/တခလ(နိုင်)၀၀၁၈၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### မွေးသက္ကရာဇ်မှန်
နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ ကျောက်တလုံးကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနေ (ဘ)ဦးထွန်းထွန်းဝင်း၏သား မောင်ချစ်ဆန်းမောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၂-၁၉၉၉ ရက်၌ မွေးဖွားသည်မှာ မှန်ကန်ကြောင်း။

### ဖခင်အမည်မှန်
နွားထိုးကြီး အထက နဝမတန်း (A)မှ မောင်ကောင်းထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ဖြစ်ပါကြောင်း။
**ဦးဇော်ဝင်း**

### ဖခင်အမည်မှန်
နွားထိုးကြီး အထက နဝမတန်း (D)မှ မောင်ကျော်စိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ဖြစ်ပါကြောင်း။
**ဦးမောင်စိုး**

### ဖခင်အမည်မှန်
နွားထိုးကြီး အထက နဝမတန်း (D) မှ မအိဆုရွှေ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စန်း ဖြစ်ပါကြောင်း။
**ဦးခင်မောင်စန်း**

### ဖခင်အမည်မှန်
နွားထိုးကြီး အထက နဝမတန်း (C)မှ မောင်ရန်နိုင်နှင့် အမက နရွှေတော်(မ) ဒုတိယတန်းမှ မောင်ဇော်ရန်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းဝင်း**

# စက်မှုအင်ဂျင်နီယာ (Mechanical Engineer) များ၏
# တွေ့ဆုံပွဲဖိတ်ကြားလွှာ

စက်မှုတက္ကသိုလ်(RIT,YIT,YTU) စက်မှုအင်ဂျင်နီယာဌာနမှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ တာဝန်ယူပို့ချသင်ကြားနေဆဲ ဆရာကြီး၊ ဆရာမကြီးများ၊ စက်မှုအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် YTU တွင် တက်ရောက်သင်ယူနေဆဲ စက်မှုအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများ၏တွေ့ဆုံပွဲ (ALL MECHANICAL GATHERING) ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စက်မှုအင်ဂျင်နီယာများအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**စက်မှုအင်ဂျင်နီယာများတွေ့ဆုံပွဲကျင်းပရေးကော်မတီ**
**Organizing Committee of ALL MECHANICAL GATHERING-2017,**
**Myanmar Institution of Mechanical Engineers(MI Mech E).**

**ကျင်းပမည့်ရက်** - ၃၁-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - ညနေ ၆:၀၀နာရီမှ ၉:၀၀နာရီ
**ကျင်းပမည့်နေရာ** - Dolphin Restaurant ကန်ရိပ်သာလမ်း၊ကန်တော်ကြီး၊ (မိုးကုတ်ဝိပဿနာရိပ်သာ၏ရှေ့)၊ ဗဟန်း၊ ရန်ကုန်မြို့

Enquiry Contact Persons : Ko Win Htain Oo (09-785170399);Ko Tin Tun Aung (09-5023309); Ko Kyaw Hlaing (09-5065543);Ko Hla Win (09-5197621)

### အမည်မှန်
စစ်တွေမြို့၊ ကျားမသောက်ကျေးရွာနေ (ဘ)ဦးအောင်သာလှ၏ သား ဦးမောင်ဧသော ၁၁/စတန(နိုင်)၀၉၄၄၇၈ ၏အမည်မှန်မှာ ဦးမောင်အေးသာ ဖြစ်ပါကြောင်း။
**ဦးမောင်အေးသာ**

### ပြောင်းလဲခေါ်ပါရန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမော်မြို့၊ ပုဇွန်တောင်ကွက်သစ်နေ (ဘ) ဦးနီတွတ်၏သား မောင်ပိုင်ပိုင်အား မောင်သန်းတိုးအောင်နှင့် သမီး မသင်းရန့်ကြိုင်အား မပန်းအိဖြူဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်
မင်္ဂလာဒုံမြို့နယ်၊ ကျော်ကျော်ဟန် (ကိုယ်ပိုင်အထက်တန်းကျောင်း)နဝမတန်း A မှ မသိမ့်ထက်ထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဦး ၅/အရတ(နိုင်) ၀၃၉၅၈၁ ဖြစ်ပါသည်။ **ဦးထွန်းဦး**

### မိဘအမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၁၂ လမ်းဘီ၊ အမှတ်(၁၀၂)နေ မယဉ်လှဲ့လှဲ့သူ ၁၁/တကန(နိုင်) ၁၀၉၄၉၅၏ မိဘအမည်မှန်မှာ ဦးမြင့်သူ- ဒေါ်နီလာဝင်း ၁၁/စတန(နိုင်)၀၀၁၀၅၈ ဖြစ်ပါသည်။ **ဦးမြင့်သူ- ဒေါ်နီလာဝင်း**

### အမည်ပြောင်း
မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်နေ ဦးကျော်နိုင်၏ သမီး နှင်းနန္ဒာထက်အား မယွန်းပိုးအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**ယွန်းပိုးအိမ်**

### ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၄၂ယ/၉၄၆၄ မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာအေး ၉/စကတ(နိုင်)၀၆၁၃၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

### တိုက်သစ်နှင့်ခြံပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
**၁၀မိုင်ကုန်း၊ မာဃလုလင်လမ်း၊ ခြံ (၄၅×၈၈)ပေ၊**
**တိုက် (၃၅×၅၅)ပေ၊ RC နှစ်ထပ်ခွဲ၊ ဂရန်အမည်ပေါက်**
**ဖုန်း-၀၉-၉၆၁၁၀၂၄၄၄၊ ၀၉-၂၅၅၈၄၈၈၈၅၊ ၀၉-၉၇၀၀၉၉၁၉၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မောင်းထောင်ကျေးရွာ၏ ၂၀၁၇-၂၀၁၈မြေပုံအရ ကွင်းအမှတ် ၁၃၈၊ မောင်းထောင်ရွာမ၊ ဦးပိုင်အမှတ် (F-467/636)၊ ဧရိယာ ၀ဒသမ၁၇ဧကရှိမြေကို ဦးညဏ်မြင့်အမည်ဖြင့်မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားအထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ပေါင်းလောင်း ၂)၊ မြေကွက်အမှတ်(၄၅၂၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးသိန်းဇော်မြင့်အမည်ပေါက်ပါမစ်မြေကွက်အား ဦးအောင်ထွန်း (ဘ)ဦးစံညွန့် ၅/ကနန(နိုင်) ၀၄၆၇၂၆ မှ ဦးသိန်းဇော်မြင့်အမည်ပေါက်မြေပေးမိန့် အရောင်းအဝယ်စာချုပ် ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်၊အိမ်ထောင်စုစာရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1A/9790 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၅၆၁)၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကအား ဦးခင်မောင်သန့်(ဘ)ဦးရန်ငြိမ်း ၉/မကန(နိုင်)၀၀၇၁၀၄ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ မြေငှားချထားခြင်းခံရသူ ဦးခင်မောင်သန့်မှာ ၂၆-၆- ၂၀၁၇ ရက်တွင် ကွယ်လွန်သွားသဖြင့် ၄င်း၏တရားဝင်ဇနီး ဒေါ်ခင်ဥမ္မာအောင်(ဘ)ဦးရွှေအောင် ၁၂/ကမတ(နိုင်)၀၀၉၆၃၉ မှ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ မြေငှားစာချုပ်မူရင်း၊ သေဆုံးကြောင်းလက်မှတ်၊ ရပ်ကွက်ထောက်ခံချက်များ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်
ပေါင်မြို့နယ်၊ မုတ္တမကျေးရွာ၊ ကွင်းအမှတ် ၉၂၉-က၊ ကွင်းအမည် ကော့စိုင်မြောက်၊ ဦးပိုင်အမှတ် ၆၈/၁၊ မြေချိန်ဧရိယာ ၀ဒသမ၀၈ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံအား အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ညွန့်သန်း ၁၀/ပမန (နိုင်)၀၅၈၁၁၄ ထံမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ယင်းမြေနှင့်မြေပေါ်ရှိ အဆောက်အအုံပိုင်ဆိုင်အကျိုးခံစားခွင့်နှင့် စပ်လျဉ်းပြီး အခွင့်အရေးတစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်မာလုံလောက်သော အထောက်အထားများနှင့်တကွ လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစည်သူဝင်းလှိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၃၂၀)**
**ရေးစုရပ်၊ မုတ္တမမြို့**

### အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းပယ်ဖျက်ခြင်း
အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့နယ်၊ အေးမြသာယာရပ်ကွက်၊ ကွင်းအမှတ် ၁၅/၃-၂၊ ဦးပိုင်အမှတ် (၃၈) မြေချိန်ဧရိယာ (၀ဒသမ၁၈၄)ဧကရှိ အိမ်ခြံမြေကွက်နှင့် ယင်းမြေယာကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ရုံးကိစ္စအဝဝကို ဆောင်ရွက်ရန်အတွက် ဒေါ်ရွှယ်ဆိုင်း (ဘ)ဦးလည်နော် ၁/မကန(နိုင်)၀၈၁၇၆၃၊ MKA-၀၈၆၀၆၃၊ အမှတ်(၁၃/၃)၊ ရွှေစက်ရပ်ကွက်နေထိုင်သူမှ ဒေါ်နှင်းနှင်းအေး(ဘ)ဦးမြင့်ဆွေ ၁/မကန(နိုင်)၀၈၃၅၃၂၊ အမှတ် ၁၃/၁၂၄၊ ရမ်ပူရပ်ကွက်နေထိုင်သူနှင့် ဒေါ်မြင့်စိန် ၁/မကန(နိုင်)၀၃၇၁၈၈ ကိုင်ဆောင်သူ မြေမြင့် (၄၇၄) နေထိုင်သူ (၂)ဦးအား အထူးကိုယ်စားလှယ်လွှဲစာ ၂၈-၄-၂၀၁၇ နံပါတ် ၁၀၅နှင့် ၄-၁၂-၂၀၁၇ နံပါတ် ၃၃၁ဖြင့် လွှဲပြောင်းပေးထားခြင်းကို ပြန်လည်ရုပ်သိမ်းပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**အထူးကိုယ်စားလှယ်လွှဲပြောင်းပေးထားသူ-ဒေါ်ရွှယ်ဆိုင်း**
**၁/မကန(နိုင်)၀၈၁၇၆၃**

### ကြော်ငြာစာ
**(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၅၅ နှင့် ၅၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်(၁၅၁)**
**(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၅၅ နှင့် ၅၆တို့အရ အတည်ပြုပေးပါရန် လျှောက်ထားသည့်အမှု)**

ဆီဇာနှင့်သားများကုမ္ပဏီလီမိတက်
(၄င်း၏ဒါရိုက်တာ-ဒေါ်ခင်ဇာငြိမ်း) **လျှောက်ထားသူ**
အမှတ် ၁၃၈/၁၄၂၊ ပထမထပ်၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၁၃၈/၁၄၂၊ ပထမထပ်နေ ဆီဇာနှင့်သားများ ကုမ္ပဏီလီမိတက်က ကုမ္ပဏီများအက်ဥပဒေအရ ကနဦးထည့်ဝင်ထားသော အစုရှယ်ယာများနှင့် မတည်ငွေရင်းတို့အား လျှော့ချပြင်ဆင်ခြင်းကို အတည်ပြုပေးပါရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၅၅ နှင့် ၅၆တို့အရ လျှောက်ထားချက်ရှိသဖြင့် အဆိုပါလျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၈ခုနှစ် ဇန်နဝါရီ ၅ ရက် (၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ဆီဇာနှင့်သားများ ကုမ္ပဏီလီမိတက်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
**(ဇော်ထူး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါသည်
ဟင်္သာတမြို့၊ အေးမြသာယာရပ်ကွက်၊ အင်္ဂပိုလမ်း၊ အမှတ် ၃၁၇ ဟုခေါ်တွင်သော ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ အေးမြသာယာရပ်ကွက်၊ အင်္ဂပိုလမ်း၊ အကွက်အမှတ် ၁၅၊ ဦးပိုင်အမှတ် ၁၄၃၊ မြေဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဗိုလ်ကြီးထွန်းမြင့် အမည်ပေါက် ၁၀ နှစ်ဂရန်မြေကွက်အား အရပ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူရရှိထားသူ ဒေါ်လှလှမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ခိုင်စိုးမှ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ခိုင်စိုးက တရားဝင်အရောင်းအဝယ်စာချုပ်ခြင်း၊ ဂရန်မြေအမည်ပြောင်းလဲခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်သူမရှိပါက ဦးအောင်ခိုင်စိုးက ဥပဒေနှင့်အညီ ဂရန်အမည်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၅၅)**
**အမှတ် ၂၈၊ ဗိုလ်အောင်ကျော်လမ်း၊ ဟင်္သာတမြို့**

### အများသိစေရန် ကြေညာချက်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာရှိတိုက်ခန်းများနှင့် ယာယီမြေရှင်အဖြစ်ဆောင်ရွက်ခဲ့သော တိုက်ခန်းများရှိ ကန်ထရိုက်တာနှင့် အမည်ပေါက်ထံမှတစ်ဆင့် အဆင့်ဆင့်ဝယ်ယူထားသူများက အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်ငွေငွေသန်း<br>၁၂/ပဘတ(နိုင်)၀၀၈၅၇၃(မှ) | ဒေါ်အေး(ခ)ဒေါ်ငွေငွေရီ<br>၇/ပမန(ဧည့်)၀၀၀၁၈၁ | အမှတ် ၃၀၃/၃၁၃၊ အခန်း ၁၀၊ ဒုတိယထပ်၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၂။ | ဒေါ်မာလာမြင့်(ကွယ်လွန်)<br>၉/မနတ(နိုင်)၀၃၁၈၂၇(ကစ) | | အမှတ် ၁၇/၂၇၊ အခန်း ၆/၂၊ ၅၂လမ်း၊ ဗိုလ်တထောင်မြို့နယ် |
| ၃။ | ဦးမြင့်သိန်းထွန်း<br>၉/မနတ(နိုင်)၀၃၁၈၂၆(မှ)<br>အိုလံပစ်ကုမ္ပဏီလီမိတက်(ကစ)<br>ဒေါ်စန္ဒာထွန်း(ဒါရိုက်တာ)(မှ) | ဒေါ်ခင်သန်းနွယ်<br>၁၂/မဂတ(နိုင်)၀၇၄၅၀၃ | Tower-B၊ Unit-F၊အခန်း ၆၀၆ မော်တင်တာဝါ၊ လမ်းမတော်မြို့နယ်။ |
| ၄။ | ဦးငွေမြင့်<br>၁၂/ကတန(နိုင်)၀၅၇၂၄၆(မှ)<br>ဒေါ်အမာကြည်<br>၁၂/ရကန(နိုင်)၀၅၇၅၀၈(မှ)<br>ဒေါ်နီနီအောင်<br>၁၂/အစန(နိုင်)၀၇၀၅၃၃(မှ)<br>ဦးစိုးဝင်းဦး<br>၁၄/အဂပ(နိုင်)၁၂၂၀၁၉(မှ)<br>ဒေါ်ဖြူဖြူဝင်း<br>၁၂/ကမရ(နိုင်)၀၀၈၃၁၉(မှ) | ဒေါ်သန်းသန်းအေး<br>၁၂/လမတ(နိုင်)၀၂၃၁၂၄<br>ဦးကျော်ကျော်ထိုက်<br>၁၄/ပတန(နိုင်)၁၄၆၂၄၂ | တိုက် ၁၃၊ အခန်း ၂၅၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |
| ၅။ | ဒေါ်သိန်းညွန့်<br>၁၂/ကမတ(နိုင်)၀၁၁၇၂၂(မှ) | ဒေါက်တာမောင်မောင်မြင့်<br>၉/တသန(နိုင်)၀၀၇၀၂၉ | တိုက် ၃၊ အခန်း ၁၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

# မြန်မာ ယူ-၂၃ အသင်းနှင့် ဗီယက်နမ် ယူ-၂၃ အသင်း ယနေ့ ကစားမည်

**ရန်ကုန်  ဒီဇင်ဘာ ၁၅**

၂၀၁၇ ဗီယက်နမ် ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုတတိယနေ့ကို ဒီဇင်ဘာ ၁၆ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းသည် အိမ်ရှင်ဗီယက်နမ် ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တတိယနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဂျပန်ကလပ် ယိုကိုဟားမားယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာယူ-၂၃ အသင်းနှင့် အိမ်ရှင် ဗီယက်နမ် ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် နှစ်ပွဲကစား လေးမှတ်ရထား၍ ဗိုလ်လုပွဲတက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိနေပြီး လက်ကျန်နှစ်ပွဲကို စောင့်ကြည့်ရမည်ဖြစ်သည်။အုပ်စုဒုတိယနေ့အပြီးတွင် မြန်မာအသင်းက နှစ်ပွဲကစား လေးမှတ်၊ ဂျပန်ကလပ် ယိုကိုဟားမား ယူ-၂၃ အသင်းက တစ်ပွဲကစား သုံးမှတ်၊ ထိုင်း ယူ-၂၃ အသင်းက နှစ်ပွဲကစား သုံးမှတ်၊ ဗီယက်နမ် ယူ-၁၉ အသင်းက နှစ်ပွဲကစား တစ်မှတ်၊ ဗီယက်နမ် ယူ-၂၃ အသင်းက တစ်ပွဲကစား အမှတ်မရသေးပေ။ မြန်မာ ယူ-၂၃ အသင်းသည် အဖွင့်ပွဲတွင် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သော်လည်း ဒုတိယပွဲတွင် နာမည်ကြီး ထိုင်း ယူ-၂၃ အသင်းကို

*စာမျက်နှာ ၁၃ ကော်လံ ၃* ❍

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော်  ဒီဇင်ဘာ ၁၅**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

မိုး/ဇလ

# ကောက်ပဲသီးနှံ အဓိက ကုန်သွယ်မှုပြုမည့် သင်္ဘောဆိပ်ခံတံတား မြန်မာ-ဂျပန် ပူးပေါင်း၍ သီလဝါဆိပ်ကမ်း၌ စတင်တည်ဆောက်



ကောက်ပဲသီးနှံ အဓိကကုန်သွယ်မှုပြုမည့် အပြည်ပြည်ဆိုင်ရာသင်္ဘောဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို မြင်တွေ့ရစဉ်။

**ရန်ကုန်  ဒီဇင်ဘာ ၁၅**

ရန်ကုန်မြို့၏ အထူးစီးပွားရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သီလဝါ အထူး စီးပွားရေးဇုန်တွင် ပြည်တွင်း၊ ပြည်ပကုန်သွယ်စီးဆင်းမှုကို အထောက်အကူဖြစ်စေရန် ကောက်ပဲသီးနှံ အဓိကကုန်သွယ်မှုပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာသင်္ဘောဆိပ်ခံတံတားကို မြန်မာ- ဂျပန် ပူးပေါင်း၍ သီလဝါဆိပ်ကမ်း၌ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံအနေနဲ့ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားတွေ တည်ဆောက်မှုအပိုင်းမှာ နောက်ကျကျန်ရစ်နေတယ်လို့မြင်ပါတယ်၊ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့က အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ သင်္ဘောဆိပ်ခံတံတားတွေရှိဖို့ လိုအပ်ပါတယ်၊ အဓိကသွင်းကုန်၊ ထုတ်ကုန် အားကောင်းလာဖို့နဲ့ စရိတ်သက်သာစေဖို့ပါ၊ ကျွန်တော်တို့အနေနဲ့လည်း အဲဒီလိုရည်ရွယ်ချက်မျိုးနဲ့ ဒီဆိပ်ခံတံတားကို အကောင်အထည်ဖော်တာ ဖြစ်ပါတယ်၊ အခု မြေပြင်ပြုပြင်မှုလုပ်ငန်းတွေ စတင်နေပါပြီ၊ ဒီဆိပ်ခံတံတားကနေ တစ်နှစ်မှာ ကုန်ချိန်တန် တစ်သန်းလောက်ထိ သွင်းကုန်၊ ထုတ်ကုန် ကုန်သွယ်မှုပြုနိုင်မယ်လို့ မှန်းထားပါတယ်၊ သက်ဆိုင်ရာအစိုးရဌာနတွေအနေနဲ့ ဒီထက်ကူညီပေးမယ်ဆိုရင်တော့

*စာမျက်နှာ ၈ ကော်လံ ၁* ◆

# စာပေညီလာခံ ၂၀၁၇ (တတိယနေ့) ဆက်လက်ကျင်းပ၊ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေး



မြန်မာနိုင်ငံစာရေးဆရာအသင်းက 'အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစာ၊ အမျိုးသားကဗျာ တည်တံ့ရေး' ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

**ရန်ကုန်  ဒီဇင်ဘာ ၁၅**

"လွတ်လပ်သောစာပေ၊ လွတ်လပ်သော အသံ" ဆောင်ပုဒ်နှင့်အညီ ကျင်းပလျက်ရှိသည့် စာပေညီလာခံ ၂၀၁၇ (တတိယနေ့) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ (Myanmar Convention Center –MCC) ခန်းမ၌ ဆက်လက်ကျင်းပရာ စာပေလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှစ်သာရများပေါ်ထွက်လာစေရန် စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

ယနေ့ ညီလာခံတွင် အဖွဲ့လိုက် စာပေဆွေးနွေးပွဲများကို နေရာခြောက်ခုခွဲ၍ ကျင်းပရာ နံနက်ပိုင်းတွင် သီးခြားအစုအဖွဲ့က "ခေတ်ပေါ် ကဗျာယဉ်ကျေးမှု" ခေါင်းစဉ်ကို ကဗျာဆရာ မောင်ကြူးရင့်က ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ အိုအောင်၊ လှိုင်းထက်၊ မိုးကျော်အောင်တို့ကလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း က "အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစာ၊ အမျိုးသားကဗျာ တည်တံ့ရေး" ခေါင်းစဉ်ကို စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မောင်ခင်မင် (ဓနုဖြူ)၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မြင်းမူမောင်နိုင်မိုး၊ မြေလတ်မောင်မြင့်သူတို့ကလည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်က "စာပေနှင့် ပညာရေးဆက်နွှယ်မှု" ခေါင်းစဉ်ကို စာရေးဆရာ ကောင်းသန့် က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဂုဏ်ထူးဦးသိန်းနိုင်၊ ဒေါက်တာ ခင်မောင်ညို၊ ဦးဘုန်း(ဓာတု-မန္တလေး)၊ မောင်ဒီပ(ပညာရေး)တို့ကလည်းကောင်း၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက "ခေတ်ပေါ် ကဗျာနှင့် အမျိုးသားစာပေဆု" ခေါင်းစဉ်ကို ကဗျာဆရာ မင်းထက်မောင်က ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ မောင်သင်းခိုင်၊ ကိုရွှေ၊ လူပအောင်၊ စံညိမ်းဦး၊ ဝေစော(မြစ်ဝကျွန်းပေါ်)တို့ကလည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာ သမဂ္ဂက "ယနေ့စာပေလောကတွင်

*စာမျက်နှာ ၈ ကော်လံ ၁* ✪

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017